www.burmeseclassic.com



BURMESE CLASSIC .com

# ဗိုလ်ချုပ်အောင်ဆန်း
# ၏
# ဘဝတက္ကသိုလ်

မြေလတ်မြတ်သူ

www.burmeseclassic.com

www.burmeseclassic.com

မဏ္ဍိုမစာစဉ် (၅)

# ဗိုလ်ချုပ်အောင်ဆန်း ၏ ဘဝတက္ကသိုလ်

## မြေလတ်မြတ်သူ

● ဖြန့်ချိရေး ●

မဏ္ဍိုမစာပေ

အမှတ် (၂၃၇)၊ (ပထမထပ်-ညာ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၇၉

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတက္ကသိုလ်

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၁၀၁၃၃၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၁၀၀၉၈၀၇၁၁ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | ဒေါ်ခင်မာချို<br>ပန်းဝေဝေစာပေ၊<br>အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်။ ရန်ကုန်။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ဦးမျိုးမြင့်ကျော်<br>မြတ်ထက်ဟိန်းပုံနှိပ်တိုက်<br>အမှတ် (၅)၊ ဈေးလမ်း၊<br>တပ်မြေ (၆) ရပ်ကွက်၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | ကိုဦး (၀၉ ၅၀၇၀၆၆၃) |
| မျက်နှာဖုံး | ပန်းချီ လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | SYM |
| တန်ဖိုး | ၂၀၀၀ ကျပ် |

မြေလတ်မြတ်သူ CIP - 923.1

ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတက္ကသိုလ် - ရန်ကုန်။

ပန်းဝေဝေစာပေ။ ၂၀၁၁။

စာ - ၁၆၄ ၊ ၁၃ × ၂၀ စင်တီ။


BURMESE CLASSIC .com

## မာတိကာ


၁။ ဖြိုတိသျှ နယ်ချဲ့ခြင်းနှင့် နယ်ချဲ့ဆန့်ကျင်ရေးများ ၁၁
- နယ်ချဲ့မစ် အစဉ်တွန်းလှန်ခဲ့ ၁၁
- (၁၃၀၀) ပြည့် အရေးတော်ပုံများ ၁၃
- သခင်မိုးလှကြီး ၁၄
- ဆရာစံ ၁၅
- (၁၉၂၀) ခုနှစ်၊ ရန်ကုန်ကောလိပ် ၁၆
- သက္ကရာဇ် မှတ်တမ်း ၁၆
- မောင်အောင်ဆန်းတို့ မွေးချင်း (၉) ယောက် ၁၇

၂။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အကြောင်းထား အကြောင်းနိဒါန်း ၃၂
- အကြောင်းတရား ၃၆
- ဆရာကြီးများပြောသော ဗိုလ်ချုပ်အောင်ဆန်း ၃၈
- ဆွေးနွေးခြင်းနှင့် မေးမြန်းခြင်း ၄၁
- ရေနံချောင်းမြို့၊ အမျိုးသားကျောင်းဆရာများနှင့် ကျောင်းသူ၊ ကျောင်းသားများ အစည်းအဝေးတွင် မောင်အောင်ဆန်းပြောသော စကား ၄၂
- ကမ္ဘာကြီးက လည်နေသလား ၄၆


www.burmeseclassic.com

www.burmeseclassic.com


- ဆောင်းတွင်း၊ မိုးတွင်းရယ်လို့ရှိရင် ၄၈
  နွေတွင်း ဘာလို့ မရှိပါသနည်း
- မောင်အောင်ဆန်း စာပတ်နည်း ၅၀
- စာအုပ်ထဲမှ အချိုအချဉ် စကားပြောခန်း ၅၁
- ဆရာအခြေခံ မဟာမြေမှုန် ၅၃
- အကျင့်ကောင်း ဝါသနာ ၅၅
- စာပတ်ပွဲကြီး ၅၆
- ဝတ်စားဆင်ယင်မှု ၅၆
- စာအုပ်ကြီးသမား မဟုတ် ၅၈
- အကြောင်းအကျိုးကို သိမှ ၆၀
- ပညာ ၆၁
- ပညာနှင့်သညာ ၆၂

၃။ တတိယတန်းကျောင်းသား မောင်အောင်ဆန်း၏ ၆၄
လက်ရေးစာတစ်အုပ်
- တောက်မည့်မီးစဲနှင့် တောက်သည့် မီးခဲ ၆၉
- တတိယတန်းကျောင်းသား ၇၂
  မောင်အောင်ဆန်း၏ စာတစ်အုပ်
- ဟန်ဆောင်မှုများ မလိုလား ၇၉

၄။ ကိုအောင်ဆန်း ဝါးလုံးတန်းခုန် လေ့ကျင့်ခြင်း ၉၁
- ပွဲကြီးပွဲကောင်း ၉၂
- အမြင့်ခုန်လေ့ကျင့်ခြင်း ၉၃
- နှလုံး မခအား၊ အရွှံး မပေး ၉၄
- မြင်ယောင်မိပါသေး ၉၅
- ညီအစ်မ သုံးဖော်နှင့် တရားဟော ကျင့်ခြင်း ၉၆
- ကြေးနန်းရစဉ် ၉၇

၅။ လူချင်းတူသော်လည်း ၁၀၀
- သူလိုကိုယ်လို ၁၀၂
- အောင်မြင်ခြင်း အခြေခံ (၄) ပါး ၁၀၂
- စာကြိုးစားသော မောင်အောင်ဆန်း ၁၀၃
- ချွန်အောင်သွေး ၁၀၄
- ပင်ကိုယ်စရိုက် ၁၀၅
- ကောင်းသော အတုကို ကျင့်ယူပါ ၁၀၆
- အစကောင်းမှ အနှောင်းသေချာ ၁၀၇
- မြန်မာ+အင်္ဂလိပ် စာသင်ကျောင်းသို့ ၁၀၈

၆။ ရှေ့ရေးအမြင် ၁၁၀
- အထွေထွေကပ်ကြီး ၁၁၀
- တိုင်းပြည် ပြန်လည် ထူထောင်လျှင် ၁၁၁
- လွတ်လပ်ရေးနှင့် စည်းကမ်း ၁၁၁
- ဒီမိုကရေစီသစ်နိုင်ငံ ၁၁၂

၇။ ဝရမ်းပြေးဘဝ သခင်အောင်ဆန်း ၁၁၄
- ထိုစဉ်က အခြေအနေ ၁၁၄
- ထောင်တွင်းသွင်းရန် ဆင်ကြံ ကြံ ၁၁၅
- အိုးရွဲ့နဲ့ စလောင်းရွဲ့ ၁၁၇
- ဝရမ်းပြေး သခင်အောင်ဆန်း ၁၂၃
- နယ်ချဲ့လက်ပါးစေကိစ္စ ၁၂၄
- လွှတ်တော်တွင်း မေးခွန်း ၁၂၅


www.burmeseclassic.com

www.burmeseclassic.com


- နောက်ကြောင်းပြန် ၁၂၆
- အမိန့် အတန်တန်ရယ်ကြောင့် ၁၂၇
- သူ့ဝေဒနာ မပါ ၁၂၈
- နေရှုးတို့ပင် ခံရ ၁၂၈
- ကူညီခဲ့သူတွေ ၁၂၉
- ဝရမ်းပြေး ဘဝ ၁၃၀
- ထောင်ထဲ ရောက်သူရောက် ၁၃၀
- ညလူနှင့် ဆက်သား ၁၃၁
- အိန္ဒိယကို ဗိုလ်ချုပ်အောင်ဆန်း ရေးတဲ့စာ ၁၃၂
- ငွေပြန့် ကူညီကြ ၁၃၂
- အစောင့် အထပ်ထပ် ၁၃၃
- ဦးလှတော၏ အိမ်သို့ ၁၃၄
- ရဲဝန်ထောက်ကြီး ၁၃၄
- အံ့အားသင့် ၁၃၆
- ကယ်တင်ရှင် မာရီလှတော ၁၃၆
- လူသိနည်းအောင် ၁၃၈
- မန်းဘခိုင်နှင့် ငှက်ပျောလေ့ ၁၃၈
- မာရီလှတောရဲ့ ကျေးဇူး ၁၃၈

၈။ ဗိုလ်ချုပ်နှင့် နယ်ချဲ့တော်လှန်ရေး ၁၄၁
- ဥရောပတွင် ၁၄၂
- ဝရမ်းထုတ် ၁၄၂
- တရုတ်ပြည်သို့ ၁၄၃
- ၁၉၄၀ - ခုနှစ် မှတ်တမ်း ၁၄၃

၉။ ဦးအောင်ဆန်း ပြုံးနေလိမ့်မည် ၁၄၆
- ဒေါက်တာအောင်ဆန်း ၁၄၈
- ဆူးခြောင့် ခရီး ၁၄၈
- တစ်သွေးတစ်သားတည်း ၁၄၉
- ဂုဏ်ယူ ၁၄၉
- ပြုံးနေလိမ့်မည် ၁၄၉

၁၀။ လွတ်လပ်ရေးနေ့ အလံတင် ၁၅၁
- လွတ်လပ်ရေး ရတော့မည်။ ၁၅၄
- (၁၉၄၇) ခုနှစ်၊ ဧပြီလ၊ (၇) ရက် ၁၅၅
- ယုံကြည်ချက် အသက်နှင့် အသိတရား ၁၅၅

၁၁။ အာဇာနည်နေ့အတွက် သတင်းစာ၊ ဂျာနယ်၊ စာစောင်များမှ ဝမ်းနည်းစာများ ၁၅၈
- ရန်ကုန်သတင်းစာ ၁၅၈
- ဟံသာဝတီသတင်းစာ ၁၅၈
- ပြည်သူ့ဟစ်တိုင် ၁၅၉
- ကွန်မြူနစ် သတင်းလွှာ ၁၅၉
- စီးပွားရေး ၁၅၉
- တိုးတက်ရေး ၁၆၀
- သမာဓိ ၁၆၀
- ဒီးဒုတ် ဂျာနယ် ၁၆၀
- အနိုင်မခံအရှုံးမပေး ၁၆၁
  ဆိုးဝေအာယ်ဒီတာတစ်ဦး




www.burmeseclassic.com

www.burmeseclassic.com



## ☆ ☆ ☆ ☆ ဗြိတိသျှနယ်ချဲ့ခြင်းနှင့် နယ်ချဲ့ဆန့်ကျင်ရေးများ ☆ ☆ ☆ ☆

★ ၁၈၂၄-၂၆ တွင် ပထမအကြိမ်။

★ ၁၈၅၂-၅၄ တွင် ဒုတိယအကြိမ်။

★ ၁၈၈၅ ခု၊ နိုဝင်ဘာလ (၂၈) ရက်၊ တတိယအကြိမ်တွင် မန္တလေးမြို့ နန်းသိမ်းပြီး သီပေါမင်းနှင့်စုဖုရားလတ်တို့ကို ဖမ်းယူလျက် (၁၈၈၆) ခုနှစ်၊ ဇန်နဝါရီလ၊ (၁) ရက်နေ့တွင် မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ (ကျမ်းကိုး။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ တပ်ထွက်မိန့်ခွန်း၊ ဟယ-၄)

### နယ်ချဲ့မခံ အစဉ်တွန်းလှန်ခဲ့

★ ခရစ်နှစ် (၁၈၂၁) ခုနှစ်တွင် အာသံဘုရင်ခံ ချန္ဒရကန္တရှိန်သည် မြန်မာဘုရင်အား သောင်ထားခြားနားသဖြင့် မဟာဗန္ဓုလ ဦးစီးသည့်တပ်တွင် ကချင်ဂျိမ်းဖောရဲမက် (၁၀၀၀) ခန့် ပါဝင်တိုက်ခိုက်ခဲ့လေသည်။

**မဂ္ဂဲမစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



★ (၁၈၂၅) ခု၊ နိုဝင်ဘာလတွင် အင်္ဂလိပ်-မြန်မာစစ်ပွဲ (ဝက်ထီးကန်တိုက်ပွဲ) တွင် တိုင်းရင်းသား ရှမ်းရဲမက်စစ်သည် (၁၀၀၀၀) ကျော်၊ မြန်မာရဲမက် (၂၀၀၀၀) ကျော်တို့ လက်တွဲ ပူးပေါင်းတိုက်ခိုက်ခဲ့သည်။

★ (၁၈၂၈) မှ (၁၈၃၆) အထိ ရှစ်နှစ်တိုင် ရခိုင်အမျိုးသားတို့သည် အင်္ဂလိပ်နယ်ချဲ့ကို ခုခံတိုက်ခိုက်ခဲ့ကြသည်။

★ (၁၈၈၅) ခုနှစ်၊ မန္တလေးမြို့ နန်းသိမ်းပြီး မင်းနှင့်မိဖုရားကို ဖမ်းခေါ်ယူငင်ရန် ရောက်သွားစဉ်မှာပင် တောင်တန်းဒေသများမှ ချင်း၊ လူရှေ ဝ၊ ကချင်၊ လဝ၊ ကရင်၊ မွန် စသည့် တိုင်းရင်းသားများ လက်တွဲတိုက်ပွဲဝင်ခဲ့သည်။

★ (၁၈၈၅) ခု အင်္ဂလိပ်တို့ ကယားပြည်နယ်ကို ဝင်တိုက်စဉ် ကယားစောဖျား (သုရယ်) ဦးစီးသော ကယားတိုင်းရင်းသားများ ခုခံတိုက်ခိုက်ခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးမှာလည်း ကရင်များနှင့်အတူ သိုင်းဗဟန်၊ သိုင်းသန်းတင်တို့ ခေါင်းဆောင်လျက် ကယားတိုင်းရင်းသားများပါ ရှုပ်ရှုပ်ချွံချွံ ခုခံတော်လှန်ခဲ့ကြသည်။

★ ခရစ် (၁၈၈၅) ခုနှစ်၊ မြန်မာသက္ကရာဇ် (၁၂၄၇) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ကို သီချင်းအဖြစ်ပင် ထိုခေတ်မှ နှောင်းခေတ်ထိ ရနေကြ၏။ ပါတော်မူဟု သိကြသည်။ အထက်ပါ နယ်ချဲ့ခုခံတော်လှန်ရေးများမှာ ထင်ရှားသည့် ပုဂ္ဂိုလ်များ၊ မြန်မာ့မြေအနှံ့မှာ တစ်ပြိုင်တည်း ရှေ့ဆင့်နောက်ဆင့် ပေါ်ခဲ့သည်။

ပုဂံနယ် (ပေါက္ကံ) မှ ဗိုလ်ချို၊ ဝန်းသိုစော်ဘွား၊ ပုပ္ပါး ဗိုလ်နက်ကျော် စသည့် နယ်ချဲ့တော်လှန်ရေး မျိုးချစ်အာဇာနည်ခေါင်းဆောင်များ အသီးသီး အနယ်နယ်အရပ်ရပ်မှာ ပေါ်လာပြီး . . .





"အင်္ဂလိပ်ကို ငါတို့ ဘုရားမထူးဘူး"

"သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး . . ."

ဟု စိတ်ဆုံးဖြတ်ပြီး ဗြိတိသျှကို တိုက်ခိုက်တော်လှန်ကြသည်။ ထို သူရဲကောင်းအာဇာနည်များထဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး၊ မိခင်၏မိခင် အဘွားဒေါ်သုဇာတို့၏အစ်ကိုကြီး ဘကြီးဦးမင်းရောင် (ဘွဲ့အမည်၊ ရွှေလရောင်) တို့ မသေမချင်း လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။

## (၁၃၀၀) ပြည့် အရေးတော်ပုံများ

ကိုအောင်ဆန်း အသက် (၂၃) နှစ်သား (၁၉၃၈) ခုနှစ်မှာ မြန်မာသက္ကရာဇ် (၁၃၀၀) ပြည့်အရေးတော်ပုံများနှင့် ကြုံဆုံရသည်။ ထိုစဉ်က ကိုအောင်ဆန်း ခေါင်းဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့ဝင်တို့ အိန္ဒိယပြည်သို့ သွားခဲ့ကြသည်။

ကိုအောင်ဆန်း မမွေးမီ (၁၉၀၆) ခုနှစ်မှ စတင်ခဲ့သည့် ဝိုင်အမ်ဘီအေ ဗုဒ္ဓကလျာဏယုဝအသင်း၊ (၁၉၁၀) ပြည့်နှစ်၊ ဝိုင်အမ်ဘီအေအသင်းခွဲများနှင့် (၁၉၁၁) ခုနှစ်၊ ဝိုင်အမ်ဘီအေ၏ စည်းဝေးပွဲများနှင့် တိုးချဲ့ခြင်းများ၊ (၁၉၂၀) ပြည့်နှစ်၊ အောက်တိုဘာလ၊ (၂၉) မှ (၃၁) ရက်ထိ ပြည်မြို့ စည်းဝေးပွဲ စသည်တို့သည် မြန်မာ့ ဇာတိသွေးဇာတိမာန်ကို ပွင့်လှျံထက်မြက်လာကြစေသည်။ (၁၉၁၁) ခုနှစ်ထဲမှာ ဂျီစီဘီအေအဖွဲ့ချုပ်နှင့် လူငယ်များ ဦးစီးသည့် သူရိယသတင်းစာ၏ အမျိုးသားများ နိုးကြားစေခြင်း စွမ်းဆောင်

www.burmeseclassic.com



ချက်ဖြင့် ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်ခြင်းကို စိတ်ဓာတ်တက်ကြွလာကြစေသည်။ ကိုအောင်ဆန်းသည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌဖြစ်နေပြီးနောက် နုတ်ထွက်သည်။ ပထမဆုံး ကျောင်းသားကိုယ်စားလှယ်ဖြစ်နေသည်။ တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခံရပြီး တို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေချိန် ဖြစ်ပါသည်။

## သခင်ဖိုးလှကြီး

ချောက်ရေနံမြေတွင် ဗြိတိသျှနယ်ချဲ့တို့နှင့် ယင်းတို့ကိုလိုအပ်သလို ကြိုးဆွဲစေစားနိုင်သည့် အရင်းရှင်ကုမ္ပဏီကြီးများ၏ဘက်စုံ အနိုင်ကျင့်၊ ဖိနှိပ်ခြယ်လှယ်မှုအမျိုးမျိုးတို့ကို မခံနိုင်တော့သည့်အဆုံး ဖိနှိပ်ခံ တိုင်းရင်းသား အလုပ်သမား (၅၀၀၀) ငါးထောင်ကျော်တို့ ပါဝင်သည့် တိုက်ဖျက်တွန်းလှန်ရေး ရေနံမြေ သပိတ်အရေးတော်ပုံကြီးသည် ထို (၁၃၀၀) ပြည့်နှစ် (ခရစ် ၁၉၃၈) မှာပင်ပေါ်ပေါက်လာခဲ့သည်။

ထို မြန်မာသက္ကရာဇ် (၁၃၀၀) ပြည့်၊ နတ်တော်လပြည့်ကျော် (၆) ရက်၊ တနင်္လာနေ့၊ ခရစ်နှစ် (၁၉၃၈) ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၂) ရက်နေ့၊ ရေနံတပ်သားတို့သည် ထိုနေ့ နံနက် (၅) နာရီမှာ ငါးပါးသီလ ခံယူကြပြီး မကွေးမြို့ အရေးပိုင်မှူလာဝပ်၏ ပုဒ်မ (၁၄၄) ကို ဖီဆန်ရန် နံနက် (၆) နာရီတိတိတွင် ညီညာဖျဖျ မိမိကိုယ် မိမိတို့ သရဏဂုံတင်ပြီးသည်မှ စကြသည်။ (ကျမ်းကိုး။ ၁၃၂၆ ခု၊





ကဆုန်လပြည့်ကျော်၊ ၆-ရက်၊ (၁-၅-၆၄) ရှေ့သို့ အလုပ်သမားနေ့ အထူးထုတ်နှင့်အတွဲ-၁၊ အမှတ်-၅၅၊ ၂၀၁၁၊ ဇွန်၊ မော်နီတာသတင်းဂျာနယ်)

(၁၃၀၀) ပြည့်နှစ် (၁၉၃၈ ခုနှစ်) သည် ဗြိတိသျှကိုလိုနီအား မြန်မာ့တော်လှန်ရေးတိုက်ပွဲများတွင် အထင်ကရ မော်ကွန်းဝင်မှတ်တမ်းဖြစ်ရသည့် ရေနံမြေ သခင်ဖိုးလှကြီးနှင့် သာယာဝတီ ဂဠုန်ဆရာစံတို့သည် ထိုခုနှစ်၊ ထိုလမှာပင် အင်အားအကြီးဆုံး မြန်မာ့တော်လှန်ရေးကြီးများကို ဖြစ်ပေါ်စေလေသည်။

## ဆရာစံ

ဂျီစီဘီအေ ဝံသာနု စသည့် အမျိုးဘာသာ၊ သာသနာရေးအတွက် တက်ကြွနေသည့် မျိုးချစ်အာဇာနည်များနှင့် ဦးစံရှား (ခေါ်) ဆရာစံသည် မိုးလေဝသ မမှန်၊ သီးနှံမရသောနှစ်၊ အခွန်အခလွတ်ငြိမ်းခွင့် တောင်းခံသည်ကို မပေးသည့်အပြင် ဗြိတိသျှတို့၏အဆိုးဆုံး တုံ့ပြန် ဖိနှိပ်စော်ကားချက်ကို မြန်မာသက္ကရာဇ် (၁၃၀၀) ပြည့်နှစ် ခရစ် (၁၉၃၈) ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ဆရာစံသည် သာယာဝတီမြို့၊ အရှေ့အလံတောင် တောင်ညိုစခန်းဆီမှ ဗြိတိသျှအစိုးရကို စစ်ကြေညာလျက် တော်လှန်တိုက်ခိုက်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## (၁၉၂၀) ခုနှစ်၊ ရန်ကုန်ကောလိပ်

ထိုနှစ် ရန်ကုန်ကောလိပ်မှ ယူနီဗာစီတီအက်ဥပဒေ ပုဒ်မ (၁) (၂) ကို အတည်မပြု၊ ကန့်ကွက်မှု၊ တောင်းဆိုမှုများ ဖြစ်သည်။ ဤသို့ ကန့်ကွက်သည့်ကြားမှ ဗြိတိသျှအစိုးရက ထိုဥပဒေပုဒ်မကို အတည်ပြုကြောင်း မြန်မာပြည်ဆိုင်ရာ အတွင်းဝန် မစ္စတာဘုဂရေ ဗလီအမည်ဖြင့် ထိုနိုဝင်ဘာလ (၃၀) ရက်နေ့က ထုတ်ပြန်ကြေညာသည်။

ဤသို့ ကန့်ကွက်သည့်ကြားက ဖွတ်အတင်း ကြေညာခြင်းကို တစ်ဆင့်တိုး တုံ့ပြန်ခြင်းဖြင့် ထိုနှစ် ဒီဇင်ဘာလ (၅) ရက်နေ့က ဗဟန်း ဦးအရိယကျောင်းတိုက်တွင် အစည်းအဝေးကျင်းပ ဆုံးဖြတ်အတည်ပြုပြီး ရန်ကုန်ကောလိပ်ကို သပိတ်မှောက်ကြပြီး အမျိုးသားတက္ကသိုလ်နှင့် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေး အသီးသီး ကြိုးပမ်းဆောင်ရွက်ကြလေသည်။

## သက္ကရာဇ် မှတ်တမ်း

### ၁၉၁၅

(၁၉၁၅) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်၊ (၁၂၇၆) ခုနှစ်၊ တပေါင်းလဆန်း၊ (၁) ရက်၊ စနေနေ့တွင် ဖွားမြင်သည်။ သူ့ကျွန်မခံ ဗြိတိသျှနယ်ချဲ့တော်လှန်ရေးတွင် ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်သော ဦးမင်းရောင်၏မြေး၊ နတ်မောက်မြို့နေ ရှေ့နေကြီးဦးဖာ၊ အမိ ဒေါ်စုတို့၏ သားထွေးဖြစ်သည်။ ဇာတာပါ ငယ်မည်





မောင်ထိန်လင်းဖြစ်သော်လည်း အစ်ကို မောင်အောင်သန်း ဖြစ်၍ ညီအား မောင်အောင်ဆန်းဟု ကာရံတူ၊ အသံတူ ခေါ်ကြရာမှ မောင်အောင်ဆန်း အမည်တွင်လေသည်။ ထို (၁၉၁၅) ခုနှစ်သည် ပထမကမ္ဘာစစ်ကြီး၏ ဒုတိယနှစ် ဖြစ်သည်။

## မောင်အောင်ဆန်းတို့ မွေးချင်း (၉) ယောက်

(၁) မခင်ညွန့် (လယ်ဝန်ကတော်)
(၂) မဝက် (အိမ်ထောင်မပြု)
(၃) မောင်ဘဝင်း (B.A,B.Sc) ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူကျဆုံး
(၄) မရွှေမှန် (ငယ်စဉ်က ကွယ်လွန်)
(၅) မောင်နေအောင် (အမိန့်တော်ရရှေ့နေ)
(၆) မောင်ညိုမောင် (ငယ်စဉ်က ကွယ်လွန်)
(၇) မောင်ထွန်းလင်း (ငယ်စဉ်က ကွယ်လွန်)
(၈) မောင်အောင်သန်း (B.A)
(၉) မောင်အောင်ဆန်း (ငယ်မည် မောင်ထိန်လင်း)

ဤမိသားစုဝင် (၉) ယောက်ထဲမှ အမျိုးသားခေါင်းဆောင်ကြီးများ ဖြစ်ကြသော အာဇာနည်စာရင်းဝင် နှစ်ဦးဖြစ်လာရလေသည်။ အစ်ကိုကြီး ဦးဘဝင်းနှင့် အငယ်ဆုံး မောင်အောင်ဆန်းတို့ ဖြစ်လေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၁၉၂၂ (အသက် ၇ နှစ်)

နတ်မောက်မြို့၊ ဆရာတော် ဦးသောဘိတ အထက်တန်းကျောင်းမှာ ပညာစတင်သင်ကြား။ မှတ်ချက်- ရှင်ပြုပေးရန်၊ ရှင်ကျင့်ဝတ် စသည့် ရှင်သာမဏေတို့ သိအပ်၊ ကျင့်အပ်သော အခြေခံ ဗုဒ္ဓစာပေများ သင်ယူကြောင်း သခင်သိန်းမြွေ စသည့် သိမှီသူများထံမှ သိရသည်။

၁၉၂၃၊ အသက် (၈) နှစ်

နတ်မောက်မြို့၊ ဆရာတော် ဦးသောဘိ၏ အထက်တန်းကျောင်းမှာပင် အတန်းပညာ စတင်သင်ကြားသည်။ စာသင်နှစ် (၄) နှစ်အကြာမှာ အသက် (၁၂) နှစ်တွင် (၄) တန်း (စတုတ္ထတန်း) ရောက်၏။ **မှတ်ချက်**-အစ်ကိုဖြစ်သူ အမျိုးသားအထက်တန်းကျောင်း၊ အထက်တန်းပြဆရာ ဦးဘဝင်းရှိရာ ရေနံချောင်းမြို့သို့ လိုက်လံပညာသင်လိုကြောင်းဖြင့် (၁) နှစ်ကြာ ဆက်လက်သင်ကြားသည်။

၁၉၂၈ ခု၊ အသက် (၁၃) နှစ်

ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းသို့ ကျောင်းပြောင်းသင်ယူသည်။ ပညာလိုလား အလွန်ကြိုးစား၍ (၇) တန်းကျောင်းသားမှာ အမှတ်အများဆုံးရ ထူးချွန်သဖြင့် ဦးရွှေခိုတံဆိပ်နှင့် တစ်လ (၁၀) ကျပ်၊ (၃) နှစ်ထိ စကောလားရှစ် ရခဲ့သည်။ ထိုကျောင်း ပညာသင် (၄) နှစ် (စာကြိုးစားလျက် ထူးချွန်၍ အောင်မြင်ခဲ့သည်)

၁၉၃၂ ခု၊ အသက် (၁၇) နှစ်

ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းမှ (၁၀) တန်းအောင်၊ ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်သင်ရန် ခရီးဆက်သည်။



BURMESE CLASSIC .com



၁၉၃၃ ခု၊ အသက် (၁၈) နှစ်

ရန်ကုန်တက္ကသိုလ်ရောက်၊ ကျောင်းစာသာမက၊ ပြင်ပသုတစာပေများ၊ မြန်မာ့စာပေ၊ ကမ္ဘာ့စာပေများ၊ နိုင်ငံရေးစာပေများပါ မအားတမ်း၊ မနားတမ်း သင်ယူလေ့လာကာ ကျောင်းစာကို လစ်ဟင်းမခံ ကြိုးစားသည်။

၁၉၃၄ ခု၊ အသက် (၁၉) နှစ်

ဥပစာ ဝိဇ္ဇာ ဒုတိယနှစ်စာမေးပွဲကို ခုံအမှတ် (၂၃၁) ဖြင့် အောင်မြင်ပြီး ဝိဇ္ဇာပထမနှစ် (B.A Junior) မှာ ဆက်သင်သည်။ (ကျောင်းစာသာမက မြန်မာ့သုတစာ၊ ဗုဒ္ဓဘာသာ စာပေများနှင့် ကမ္ဘာ့စာပေ၊ သမိုင်း၊ နိုင်ငံရေးစာများပါ စာဖတ်အားကောင်းစွာ ဖတ်သည်)

၁၉၃၅-ခု၊ အသက် (၂၀) နှစ်

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဖွဲ့ဝင် အမှုဆောင်၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ၊

ထိုအသက် (၂၀) အရွယ်မှာပင် မိမိဖတ်သိရသည့် စာပေများထဲမှ ဗုဒ္ဓစာပေရှိ ကာလာမသုတ္တန် ကောက်နုတ်ချက်အား အင်္ဂလိပ်ဘာသာဖြင့် အဆင့်အတန်းမြင့်သော စာအသုံးအနှုန်းများနှင့် ဆောင်းပါးကောင်းတစ်စောင် အပါအဝင် ဆောင်းပါးများ ရေးခဲ့သည်။ ထို့နောက် ခွေးသရမ်းကြီး လွတ်နေသည်။ (The Hell Hound at Large) ခေါင်းစဉ်ပါ ဆောင်းပါးကိစ္စ အရေးယူခံရစဉ် ကလောင်အမည် မဖော်ပြသဖြင့် ကိုအောင်ဆန်းသည် တက္ကသိုလ်မှ ကျောင်းထုတ်ခံရသည်။

(၁၉၃၆) ခု၊ အသက် (၂၁) နှစ်

ထို (၁၉၃၆) ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၅ ရက်မှာပင် ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်းအား ကျောင်းထုတ်ခံရခြင်း အကြောင်းပြု၍ ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကြသဖြင့် ကိုအောင်ဆန်းကို ကျောင်းပြန်တက်ခွင့်ပေးသည်။

၁၉၃၇ ခု၊ အသက် (၂၂) နှစ်

ကိုအောင်ဆန်း ဝိဇ္ဇာတန်း အောင်မြင်သည်။ ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်၊ သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌ ဖြစ်လာသည်။

၁၉၃၇ ခု၊ အသက် (၂၃) နှစ်

ရန်ကုန်တက္ကသိုလ်သမဂ္ဂ၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။ ဗမာ့နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ဖြစ်လာသည်။ ဤတာဝန်များဖြင့်ပင် အင်္ဂလိပ်စာ ဥရောပရာဇဝင်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်များဖြင့် ဝိဇ္ဇာတန်းကို ခုံအမှတ် (၅၆) ဖြင့် အောင်သည်။ နိုင်ငံရေးသို့ ခြေလှမ်းစ လူငယ်ဘဝ၊ ကိုယ်ကျိုးစွန့်၊ သိက္ခာရှိ လူငယ်တို့၏ စံပြဖြစ်လာသည်။

၁၉၃၈ ခု၊ အသက် (၂၃) နှစ်

ကိုအောင်ဆန်း ခေါင်းဆောင်သည့် ကျောင်းသားကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယပြည်သို့ သွား၏ (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သွားသည်။) ပထမဆုံး ကျောင်းသားကိုယ်စားလှယ် တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခံရသည်။ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ (၁၃၀၀) ပြည့် အရေးတော်ပုံအားအားပေးကူညီသည်။

၁၉၃၉ ခု၊ အသက် (၂၄) နှစ်

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာချိန် ဖြစ်သည်။ ကိုအောင်





ဆန်းသည် မော်လမြိုင်မြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး ညီလာခံတွင် စစ်အတွင်း၌ ဗြိတိသျှကို မကူစတမ်း အဆိုတင်သွင်းကြသည်။ ထိုနှစ် အောက်တိုဘာ၊ နိုဝင်ဘာလအတွင်း ဒေါက်တာဘမော်အိမ်၌ ပါတီစုံစုစည်းပြီး ဗမာ့ထွက်ရပ်ဂိုဏ်းကို လုပ်ငန်းစဉ်များ ရေးဆွဲ ဖွဲ့စည်းသည်။

၁၉၄၀ ခု၊ အသက် (၂၅) နှစ်

ထိုနှစ် ဇွန်လ၊ (၁) ရက်နေ့က ဟင်္သာတခရိုင်၊ ရာဇဝတ်ဝန် မစ္စတာ ဇေဗီယာက ကိုအောင်ဆန်းအား ပုဒ်မ-၁၂၄ (က) အရ အရေးယူကာ ဆုတော်ငွေ ၅/- (ငါးကျပ်) ဖြင့် ဖမ်းဝရမ်း ထုတ်၏။ ဇူလိုင်လ၊ (၁၂) ရက်ထုတ်သတင်းစာတွင် ထိုဝရမ်းသတင်းကြော်ငြာသည့် ထိုဝရမ်းကိစ္စမှာ လူထုခေါင်းဆောင် ကိုအောင်ဆန်းကို စော်ကားခြင်းဖြစ်ကြောင်းနှင့် တစ်ပြည်လုံးက မစ္စတာဇေဗီယာနှင့် ဗြိတိသျှအစိုးရအား ရှုတ်ချကြ၏။ ကိုအောင်ဆန်း ဝရမ်းပြေးဘဝ၊ တက္ကသိုလ်ကောင်စီဝင် လူကြီးအဖြစ်မှ နုတ်ထွက်သည်။ ဗမာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရှာရန် သခင်မြတို့နှင့်အတူ ပြည်သူ့အရေးတော်ပုံပါတီ ဖွဲ့စည်းခဲ့သည်။

'ဗြိတိသျှတို့ အခက်၊ ဗမာများ အချက်' ချက်ကောင်း၊ အချိန်ကောင်း ရကြသည်။ ပြည်ပတော်လှန်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် သခင်အောင်ဆန်း၊ ပြည်တွင်းတော်လှန်ရေးခေါင်းဆောင်အဖြစ် သခင်မြ တာဝန်ယူကြသည်။ သခင်အောင်ဆန်းနှင့်သခင်လှမြိုင်တို့ ပထမ တရုတ်ပြည်သို့ ကုန်းကြောင်းသွားရန် ရည်ရွယ်သည်။ ထိုနှစ် ပြင်သစ်သည် ဂျပန်၏လက်အောက်သို့ ကျရောက်၍ ဗြိတိသျှတို့ စိုးရိမ်ကြီးကာ တရုတ်-ဗမာလမ်းမကြီးကို ပိတ်လိုက်ကြသည်။ ထိုနှစ် ဩဂုတ်လ (၈) ရက်တွင် ဟိုင်လီအမည်ရ အုန်းသီးတင်သင်္ဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေလမ်းခရီးမှ လျှို့ဝှက်ထွက်၏။ ဩဂုတ်လ၊ (၂၄) ရက်၊ တရုတ်ပြည် အမွိုင်ဆိပ်ကမ်းရောက်၏။ (ထိုခရီးစဉ်ကို ဦးဘချို့က စီစဉ်ပေးသည်) ထိုဆိပ်ကမ်းမှ တရုတ်ပင်လယ်ကို ဖြတ်၊ ဂျပန်ပြည် ရောက်ကြသည်။ ဤမှာပင် မြန်မာမျိုးချစ်လူငယ်သခင်များ ရဲဘော်သုံးကျိပ်အဖြစ် ဆုံဆည်းစုရပ် ဖြစ်ကြသည်။

## (၁၉၄၁) ခု၊ အသက် (၂၆) နှစ်

မြန်မာပြည် လွတ်လပ်ရေးရစေရမည် ဟူသော ဂျပန်အစိုးရ၏ ကတိကိုယူလျက် သခင်အောင်ဆန်း ခေါင်းဆောင်လျက် ရဲဘော်သုံးကျိပ်ဝင်များ စစ်ပညာကို ဟိုင်နန်ကျွန်းမှာ စတင်သင်ကြားရယူကြသည်။ ဗမာ့လွတ်လပ်ရေးအတွက် စီမံကိန်းတစ်ရပ် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲခဲ့သည်။ ထိုနှစ် မတ်လ (၃) ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် သွားတုတပ်၊ ရုပ်ဖျက်ကာ မြန်မာနိုင်ငံသို့ ယာယီပြန်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာ (၈) ရက်တွင် အရှေ့အာရှစစ်ကြီး စတင်ဖြစ်ပွားလေသည်။ ထိုနှစ် ဒီဇင်ဘာ (၂၆) ရက်တွင် ထိုင်းနိုင်ငံ (ယိုးဒယား) ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်ဝင်များနှင့်အတူ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ကို ဖွဲ့စည်းသည်။ ရဲဘော်သုံးကျိပ်တို့ လက်မောင်းသွေးဖောက်ကြကာ သွေးသစ္စာတိုင်လျက် သောက်ကြသည်။ ဤမှာပင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်တေဇ အမည်ခံယူလေသည်။

## (၁၉၄၂) ခု၊ အသက် (၂၇) နှစ်

နှစ်ဦးပိုင် ဂျပန်စစ်ကူတပ်များနှင့် ဗိုလ်တေဇအမည်ခံ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းတို့ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံသို့ ပြန်ဝင်ပြီး ဗြိတိသျှတို့အား ချီတက်တိုက်ခိုက်၏။ မတ်လ (၈) ရက်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘီအိုင်အေ





တပ်မတော်ကြီးသည် ဘီအိုင်အေ အလံလွှင့်ထူကာ ရန်ကုန်မြို့ကို သိမ်းသည်။ ဇူလိုင်လတွင် ဗိုလ်ချုပ်ကြီးရာထူးဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိအဖြစ် ဆောင်ရွက်သည်။ စက်တင်ဘာလ (၆) ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်သည်။

## (၁၉၄၃) ခု၊ အသက် (၂၈) နှစ်

မတ်လ (၁၇) ရက်၊ ဒေါက်တာသိမ်းမောင်၊ ဒေါက်တာဘမော်၊ သခင်မြတို့နှင့်အတူ ဗမာ့လွတ်လပ်ရေးအတွက် ဂျပန်ပြည်သို့ သွားရောက်ဆွေးနွေးကြသည်။ မတ်လ (၂၂) ရက်၊ ဂျပန်ဘုရင်၏ ဆုတံဆိပ်ချီးမြှင့်ခဲ့ရ၏။ ဩဂုတ် (၁) ရက် ဒေါက်တာဘမော် အစိုးရအဖွဲ့မှာ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ အိန္ဒိယပြည်ရှိ မဟာမိတ် စစ်ဌာနချုပ်နှင့် လျှို့ဝှက်ဆက်သွယ်သည်။

**မှတ်ချက်။** ထိုနှစ် ဧပြီလ ဗြိတိသျှတပ်များ အရှိန်အဟုန်အလုံးအရင်းဖြင့် မြန်မာပြည်မှ ပြေးကြ၏။ ရွှေတောင်တိုက်ပွဲမှာ ဂျပန်-မြန်မာတော်လှန်ရေးတပ်များ စွန့်စားတိုက်ထုတ်၏။ရွှေတောင်တိုက်ပွဲဟာ ဒုတိယစကြာပူတိုက်ပွဲ ဟု ဆိုကြသည်။ ဗြိတိသျှတပ်မှ သံချပ်ကာကားကြီးနှစ်ရာကျော်၊ သုံးရာခန့်ဖြင့် အပိုင်ခုခံလျက် ပြေးရ၏။ ဂျပန်ဗိုလ် မှတ်ဆိတ်ကြီး (ခေါ်) မစ္စတာဟီရာယာမသည် အသက် (၂၈) နှစ်၊ ဂျပန်ဗိုလ် ခွေးဘီလူး (ခေါ်) မစ္စတာ အီကေးဒါး (၂၆) နှစ်နှင့် ငွေမားဗိုလ် (ခေါ်) မစ္စတာအီယာမူရ တို့ဖြစ်ကြ၏။ ဂျပန်-မြန်မာ အားလုံးအသက်မကွာလှ။ (ရွှေတောင်တိုက်ပွဲ စာ-၁၃၁၊ ၇၅)

## (၁၉၄၄) ခု၊ အသက် (၂၉) နှစ်

ဩဂုတ်လ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာဖွဲ့စည်းသည်။ ဩဂုတ်လအစောလောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးမရွေး၊ ဘာသာမရွေး တစ်တိုင်းပြည်လုံး သွေးစည်းပြီး လုပ်ကြမယ် ဆိုတဲ့ ရည်ရွယ်ချက် (ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း၊ စာ-၂၀)

စက်တင်ဘာ (၄) ရက်၊ ရန်ကုန်မြို့၌ ဂျပန်ဘုရင်၏ ဆုတံဆိပ် ထပ်မံချီးမြှင့်ခြင်း ခံရသည်။

## (၁၉၄၅) ခု၊ အသက် (၃၀) နှစ်

နိုဝင်ဘာလ (၁၅) ရက်၊ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ ပြည်သူ့အစည်းအဝေးကြီး ကျင်းပသည်။ မတ်လ (၁၇) ရက်၊ ရန်သူကိုတိုက်ရန်တွက် တပ်မတော်ကို ဦးဆောင်ပြီး စစ်မြေပြင်သို့ ထွက်သည်။ မတ်လ (၂၇) ရက်၊ ဖက်ဆစ်ဂျပန်ကို စစ်ကြေညာလျက်တော်လှန်သည်။ ဩဂုတ် (၁၉) ရက်၊ နေသူရိန်အစည်းအဝေးကြီး ကျင်းပ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဗမာ့လွတ်လပ်ရေးကို တောင်းဆိုသည်။ မတ်လမှ မေလကုန်အထိ နေရာအနှံ့ တိုက်ပွဲများစွာ၊ မျိုးချစ်ဗမာ့တပ်တော်မှ ဂျပန်တို့ကို တိုက်ခိုက်ခဲ့သည်။ ထို ဩဂုတ်လ (၁၄) ရက်၊ ဂျပန်တို့ လက်နက်ချကြောင်း ကမ္ဘာသို့ ကြေညာခဲ့သည်။ ထို ဩဂုတ် (၁၀၊ ၁၁၊ ၁၂) ရက်များ အစည်းအဝေးကြီး ကျင်းပပြီး နှိုးဆော်စာကို တိုင်းပြည်သို့ ထုတ်ပြန်သည်။ (ဗမာ့တပ်မတော် တိုင်းမှူးများအစည်းအဝေး၊ စာ-၁၆) ဩဂုတ်လ ပထမပတ်၊ ဖ. ဆ. ပ. လအဖွဲ့ချုပ်တွင် နိုင်ငံရေးခေါင်းဆောင်ကြီးများ ဆွေးနွေးပွဲ ကျင်းပသည်။

## (၁၉၄၆) ခု၊ အသက် (၃၁) နှစ်

ဇန်နဝါရီလ (၁၇) ရက်မှ (၂၃) ရက်အထိ ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ် ဖ. ဆ. ပ. လ ညီလာခံကြီးကို ဦးစီးကျင်းပသည်။ (၁၇) ရက်၊ နံနက် (၈) နာရီတွင် အလယ်ပစ္စယံတွင် ကျဆုံးအာဇာနည်များအား ယာယီကျောက်တိုင်စိုက်ထူပေးခဲ့





သည်။ စက်တင်ဘာလတွင် အစိုးရအမှုထမ်းများကို သပိတ်မှောက်စေပြီး ဗြိတိသျှအစိုးရအပေါ် အန်တုသည်။ စက်တင်ဘာလ (၂၆) ရက်၊ ဘုရင်ခံ၏ အမှုဆောင်ကော်မတီ၌ ဒုတိယသဘာပတိအဖြစ် လက်ခံဆောင်ရွက်သည်။ မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ဝင်အချို့ အဖွဲ့ချုပ်မှငှားထားသည့် လေယာဉ်ပျံဖြင့် ရခိုင်သို့ သွားပြီး စစ်တွေ၊ မြေပုံ၊ မင်းပြားတို့တွင် အစည်းအဝေးပွဲများ ကျင်းပကြသည်။ ထို (၂၄) ရက်တွင် ရန်ကုန်သို့ ပြန်ရောက်သည်။ ထို (၂၆) ရက်၊ နံနက် (၉) နာရီခွဲတွင် သတင်းစာကွန်ဖရင့်ကျင်းပ၍ ရခိုင်ဒေသ အခြေအနေများ ရှင်းပြသည်။ (ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း၊ စာ-၁၁၁)

မတ်လ (၂၇) ရက်၊ ကန်တော်မင်ပန်းခြံတွင် အစည်းအဝေးကျင်းပသည်။ (စာ-၁၁၇) ဧပြီလ (၂၆) ရက်တွင် မေဒေးရှေ့ပြေးမိန့်ခွန်း ပြောကြားသည်။ (စာ-၁၂၃) ဧပြီလ (၂၉) ရက်တွင် ပညာရေးမိန့်ခွန်းအား နံနက် (၁၁) နာရီ (၃၀) မိနစ်တွင် ကန်တော်ကလေးမြနိုစပယ်ကျောင်း (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများညီလာခံ) တွင် ဟောကြားသည်။ (စာ-၁၂၅)

မေလတွင် ပထမဆုံး အလုပ်သမားနေ့ 'မေဒေးနေ့' အထိမ်းအမှတ်ပွဲကို ရွှေတိဂုံဘုရားခြေရင်း၊ ကန်တော်မင်ပန်းခြံတွင် ကျင်းပခဲ့သည်။ မေလ (၁၃၊ ၁၄) ရက်များတွင် အင်းစိန်ခရိုင်၊ ထန်းတပင်မြို့၊ ဘောလုံးကွင်း၌ စစ်ယူနီဖောင်း ဝတ်စုံပြည့် စစ်ရေးလေ့ကျင့်သည်။

ဇွန်လ (၇) ရက်နေ့တွင် ကန်တော်မင်ပန်းခြံ၌ လူထုဆန္ဒပြပွဲ ကန့်ကွက်အစည်းအဝေးကြီးကို ကျင်းပရာ လူထုတစ်သိန်းကျော် တက်ရောက်ခဲ့သည်။ ဇွန်လ (၁၄) ရက်တွင် ဖဆပလအဖွဲ့ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့်အင်အားပြိုင်ရာတွင် မရှုမလှ အရေးနိမ့်နေသော မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ဝမ်းကိုက်ရောဂါစွဲလျက် အင်္ဂလန်သို့ ပြန်သွားသည်။

စက်တင်ဘာလ (၂၇) ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ယာယီအမှုဆောင်အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ အောက်တိုဘာလ (၁၀) ရက်၊ ကွန်မြူနစ်ပါတီအား ဖဆပလ အမျိုးသားတပ်ဦးမှ ထုတ်ပယ်ပစ်လိုက်ကြသည်။ အောက်တိုဘာလ (၂၀) ရက်တွင် ရွှေတိဂုံအနောက်မုခ်၌ ဟောပြောပွဲလုပ်သည်။ လူထုတစ်သိန်းကျော် တက်ရောက်သည်။ အောက်တိုဘာလ (၂၂) ရက်တွင် အထက်ပါမိန့်ခွန်းကို ထို (၂၂) ရက်နေ့၊ ည (၇) နာရီ (၁၅) မိနစ်အချိန်တွင် အသံလွှင့်ရုံမှ 'ကွန်မြူနစ်တွေ' ခေါင်းစဉ်ဖြင့် ထပ်မံအသံလွှင့်သည်။ အောက်တိုဘာလ (၂၈) ရက်တွင် ပြည်သူ့ရဲဘော်များအား ဂုဏ်ပြုမိန့်ခွန်းဟောကြားသည်။ (စာ-၁၅၅)

ဒီဇင်ဘာလ (၁၈) ရက်တွင် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်၏ချေးတပ်ဆွဲခံရခြင်းဖြင့် မြန်မာပြည်သူများစွာအား ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာမှာ စားဝတ်နေ အိပ်စား အခွင့်မရနိုင်အောင် ခိုင်းစေညှဉ်းပန်းလေရာ ထောင်သောင်းနှင့်ချီ အဆွဲခံရ၍ သေကြပြီးသော အလုပ်သမားများကို အမှတ်သတိရစွာဖြင့် သံဖြူဇရပ်ရွာ၌ သရဏဂုံတင်ပွဲ ပြုလုပ်သည်။ ထိုပွဲ၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောသည်။ (စာ-၁၆၀) မှတ်ချက်။ ထိုမိန့်ခွန်းအား ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်လို ပြောကြားခဲ့သည်။

နိုဝင်ဘာလ (၈) ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် အစိုးရအဖွဲ့ဖွဲ့ပြီး တစ်လခွဲခန့်အကြာ၌ ဗြိတိသျှအစိုးရက မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်၍ ကြေညာရန်၊





မကြေညာက (၁၉၄၇) ခု၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အစိုးရတစ်ဖွဲ့လုံး နှုတ်ထွက်မည်ဟု ကြေညာသည်။ ဒီဇင်ဘာလ (၂၀) ရက်တွင် အထက်ပါ ကြေညာချက်ဖြင့် ထိုရက်တွင် ဗြိတိသျှအစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာအက်တလီက မြန်မာပြည်ကို ဗြိတိသျှမနသဟာရအတွင်းဖြစ်စေ၊ အပြင်ဖြစ်စေ လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုမည် ဟု ဘိလပ်ပါလီမန် အောက်လွှတ်တော်အစည်းအဝေးတွင် ကြေညာရလေသည်။ လွတ်လပ်ရေးကိစ္စအတွက် ဘိလပ်သို့ လာရောက်ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ကြားသည်။

## (၁၉၄၇) ခု၊ အသက် (၃၂) နှစ်

ဇန်နဝါရီလ (၁၃) ရက်တွင် အင်္ဂလန်ရောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မစ္စတာအက်တလီခေါင်းဆောင်သော ဗြိတိသျှအစိုးရအဖွဲ့တို့ မြန်မာ့လွတ်လပ်ရေးအတွက် စတင်ဆွေးနွေးကြသည်။ ဇန်နဝါရီလ (၂၇) ရက်တွင် အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုကြသည်။ ဇန်နဝါရီလ (၃၀) ရက် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်မှ လေယာဉ်ပျံဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။ အိန္ဒိယတွင် တစ်ထောက်နားသည်။

ဖေဖော်ဝါရီလ (၂) ရက်နေ့၊ ညနေပိုင်း ရန်ကုန်မြို့သို့ ပြန်ရောက်ကြသည်။ ဖေဖော်ဝါရီလ (၃) ရက်နေ့ ညနေ (၃) နာရီတွင် ဖဆပလအဖွဲ့ချုပ်တွင် သတင်းစာကွန်ဖရင့်ကျင်းပ၏။ ဖေဖော်ဝါရီလ (၄) ရက်နေ့၊ ည (၇) နာရီ မိနစ် (၃၀) တွင် အသံလွှင့်ရုံမှ တိုင်းပြည်သို့ 'ဘိလပ်ပြန်မိန့်ခွန်း' ဟောကြားသည်။ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် တောင်သူလယ်သမားညီလာခံ မိန့်ခွန်းကို ဟော



www.burmeseclassic.com

www.burmeseclassic.com



ကြားသည်။ ဖေဖော်ဝါရီလ (၈) ရက်၊ ပင်လုံမြို့တွင် ကျင်းပသော တောင်တန်းဒေသ ညီလာခံကြီး၌ မိန့်ခွန်းပြောကြားသည်။ (အကျယ် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း၊ စာ-၁၈၅)

ဖေဖော်ဝါရီလ (၁၁) ရက်၊ ည ပင်လုံမြို့၊ စော်ဘွားများ ထမင်းစားပွဲနှင့် မိန့်ကြားပြောဆိုချက်။ (စာ-၁၈၈) ဖေဖော်ဝါရီလ (၁၅) ရက်၊ အင်္ဂလန် (ဘီလပ်) သွား အကြောင်းရင်းနှင့် ဆွေးနွေး ဆောင်ရွက်ချက်များအား ဖဆပလအလုပ်အမှုဆောင်အဖွဲ့နှင့် ဦးစီး အဖွဲ့သို့ ထုံးစံနှင့်အညီ ပြန်လည်တင်ပြချက်များ ဆောင်ရွက်သည်။

ဖေဖော်ဝါရီလ (၂၈) ရက်၊ ဗိုလ်ချုပ်အောင်ဆန်းခေါင်း ဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန် (ဘီလပ်) ၌ ဗြိတိသျှအစိုးရအဖွဲ့နှင့် ဗမာပြည် လွတ်လပ်ရေးကိစ္စအတွက် ဆွေးနွေးသဘောတူညီချက်ရအောင် ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်သို့ ဖော်ပြပြီး (၂) ရက်နေ့တွင် ရောက်၏။ လွတ်လပ်ရေးကို အပြီးရုပ်လုံးပေါ်သည်။ ထိုအဖွဲ့အား ရန်ကုန်မြို့တော်မြူနီစပယ်အဖွဲ့ဝင် လူကြီးများနှင့် မြို့မိဖများက ဂုဏ်ပြုဧည့်ခံပွဲ ကျင်းပဂုဏ်ပြုသည်။ ထိုပွဲတွင် မိန့်ခွန်းပြောကြားသည်။ (စာ-၂၀၁)

မတ်လ (၁) ရက်နေ့တွင် အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံများ ပူးပေါင်းဆောင်ရွက်ပြီး ဧပြီတွင် ကျင်းပမည့် ရွေးကောက်ပွဲနိုင်မည့် ဗိုလ်ချုပ်အောင်ဆန်းတို့ အဖွဲ့သည် ကြားဖြတ်အစိုးရဖွဲ့နိုင်ရန် သေချာနေသဖြင့် မြန်မာပြည်ရှိ ဗြိတိသျှအရင်းရှင်ကုန်သည်ကြီးသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများအပေါ် ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားကိုသိလိုကြသဖြင့် ဖိတ်ကြားရာတွင် ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း။ (စာ-၂၀၈)

မတ်လ (၇) ရက်၊ ညနေ (၆) နာရီ (၃၈) မိနစ်၊ ထိုနှစ်





ဧပြီလ (၉) ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် ပြည်သူ့ညီညွတ်ရေးတပ်ဦး (ဖဆပလ) ကိုယ်စားလှယ် အမတ်လောင်းများ မဲရနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းသည် ရွေးကောက်ပွဲဆိုင်ရာ မေတ္တာရပ်ခံချက်ဖြင့် တိုင်းပြည်သို့ အသံလွှင့်ဖတ်ကြားသည်။ မတ်လ (၁၃) ရက်၊ 'နိုင်ငံရေး စားဖားကြီးတွေ' ခေါင်းစဉ်ဖြင့် မဲပေးမမှားစေကြောင်း ထပ်မံ အသံလွှင့် ပေးသည်။ မတ်လ (၁၇) ရက်၊ ညနေ (၄) နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မော်လမြိုင်မြို့၊ ဘုရင်မပန်းခြံ၌ 'ဂျပန်ကိုချသလို ချမယ်' ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားသည်။ (စာ-၂၂၅)

မတ်လ (၂၁) ရက်နေ့တွင် 'စိတ်ချရမယ့် အမတ်များလိုတယ်' ဟူ၍ မုံရွာမြို့တွင် ဟောပြောခဲ့သည်။ (စာ-၂၂၉) မတ်လ (၂၈) ရက်နေ့တွင် ရွေးကောက်ပွဲခရီးစဉ်မှ ထိုနေ့ နံနက် (အာလံ) အောင်လံမြို့၌ကျင်းပသော တော်လှန်ရေးနေ့ 'တော်လှန်ရေး နှစ်မျိုး' မိန့်ခွန်းကို ပြောကြားသည်။

ဧပြီလ (၂) ရက်၊ ည (၈) နာရီ၌ ရခိုင်ပြည်နယ်၊ မြေပုံမြို့တွင် အလံနီ ကွန်မြူနစ် အစည်းအဝေးပွဲကြီးကို တက်ရောက်ပြီး 'ဒါတွေ လွတ်လပ်ရေး တိုက်ပွဲလား' စသည့် မိန့်ခွန်း ကို ဟောကြားသည်။ (စာ-၂၄၂)

ဧပြီလ (၅) ရက်၊ 'လမ်းနှစ်ခွ' ဆိုင်ရာ မိန့်ခွန်းကို ထိုနေ့ ညနေ (၆) နာရီ (၃၃) မိနစ်တွင် အသံလွှင့် ဌာနမှ ပြောကြားသည်။ ဧပြီလ (၉) ရက်၊ ပျဉ်းမနားမြို့၊ ဦးဝိသုဒ္ဓ ကျောင်းဝိုင်းတွင်း စည်းဝေးပွဲတွင် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကြေညာသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖဆပလအဖွဲ့ကြီးမှ (၉၅) ခုဖြင့် ရွေးကောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ (၁၇) ရက် ညတွင် 'လုပ်ငန်းစဉ် (၆) ရပ်' ကို မြန်မာနှစ်သစ်ကူး မိန့်ခွန်းအဖြစ် အသံလွှင့်ရုံမှ အသံလွှင့် မိန့်ခွန်း ပြောကြားသည်။ ဧပြီလ (၁၈) ရက်နေ့တွင် ဧပြီလ (၁၇) ရက်နေ့ မိန့်ခွန်းကို ထပ်မံအသံလွှင့်သည်။ ထိုဧပြီလအတွင်း ရွေးကောက်ပွဲ အတွက် လှည့်လည်လျက်မှ တောင်တွင်းကြီးမြို့ ရွှေအင်းတောင် ဘုရားဝင်းတွင်း မိန့်ခွန်းပြောကြားသည်။ နတ်မောက်မြို့၊ ဒီပင်္ကရာ ကျောင်းဝိုင်းအတွင်း ကျင်းပသော လူထုအစည်းအဝေးကြီးတွင် မိန့် ခွန်းပြောကြားသည်။ (စာ ၂၈၄)

မေလ (၁၉) ရက်၊ ဂျူဗလီဟော တိုင်းပြုပြည်ပြု ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံမိန့်ခွန်းကို ပြောကြားသည်။ (စာ-၁၈၉) မေလ (၃၀) ရက်နေ့တွင် 'မကျေနပ်ရင် ထွက်ပေးမယ်' ဟူ၍ သတင်းစာဆရာများ အစည်းအဝေးတွင် ပြောကြားသည်။

ဇွန်လ (၆) ရက်နေ့တွင် ဆိုရှယ်လစ်ပါတီ ပြည်လမ်း စာပေ ဗိမာန်အဆောက်အဦတွင် ပြန်လည်ထူထောင်ရေး ကွန်ဖရင့် လုပ် ၏။ ဇွန်လ (၇) ရက်နေ့၊ ထို (၆) ရက်နေ့ ကွန်ဖရင့်ပွဲ၌ ဤ (၇) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားသည်။

ဇွန်လ (၁၀) ရက်၊ တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေး ကြီး စတင်ကျင်းပခဲ့သည်။ ဇွန်လ (၁၁) ရက်၊ သခင်နုအား လွှတ်တော်အမတ်များက ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်။ အမြဲ တမ်း အဆင်သင့်ရှိရမယ် စသဖြင့် မဟာဗန္ဓုလပန်းခြံ၌ မိန့်ခွန်းပြော သည်။ (စာ-၃၄၁)

ဇွန်လ (၁၆) ရက် ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲရေး လမ်းညွှန် ချက် အဆိုတင်သွင်းခဲ့သည်။ ဇွန်လ (၁၈) ရက်၊ 'ဘယ်သူ့လက် အောက်မှ မနေချင်ဘူး' စသဖြင့် တိုင်းပြုပြည်ပြု လွှတ်တော်၌ လုံးဝ

မဇ္ဈိမစာပေတိုက်



လွတ်လပ်ရေးအဆိုကို တင်သွင်းပြောကြားသည်။ တိုင်းပြည်လူထု နှင့် ပူးပေါင်းလုပ်ကိုင်ရမည် ဟူ၍ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ် အစည်းအရုံးကြီးမှာ မိန့်ကြားခဲ့သည်။

ဇူလိုင် (၁၃) ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး (စာ-၃၆၁)



www.burmeseclassic.com

www.burmeseclassic.com



## ☆ ☆ ☆ ☆ ဗိုလ်ချုပ်အောင်ဆန်းနှင့် အကြောင်း၏အကြောင်းနိဒါန်း ☆ ☆ ☆ ☆

ကျွန်တော် 'အလောင်းဘုရား' ခေါင်းစဉ်ဖြင့် စာတစ်အုပ် ရေးခဲ့ဖူးပါသည်။ (၃၄) လမ်း၊ သိန်းသန်းဦး ပုံနှိပ်တိုက် ဦးမြင့်ဦးထံတွင် (၁၉၇၇) ခုနှစ်မှ ထုတ်ဝေခဲ့၏။ ရေးရခြင်းအကြောင်းမှာ ရာဇဝင် နိုင်နင်း၍ မဟုတ်။ ပထမ မြန်မာနိုင်ငံတော်ကို စည်းရုံးတည်ထောင်သည့် အနော်ရထာမင်း၊ ကျန်စစ်သားနှင့် သူရဲကောင်းများအကြောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကို စည်းရုံးတည်ထောင်သည့် တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် သူရဲကောင်းများ အကြောင်း၊ တတိယမြန်မာနိုင်ငံတော်ကို စည်းရုံးတည်ထောင်သော အလောင်းဘုရား ဦးအောင်ဇေယျနှင့် သူရဲကောင်းများ၏အကြောင်းများကို ရိုသေလေးစားစိတ်ဖြစ်မိရာမှ တတိယမြန်မာနိုင်ငံတော်အား စည်းရုံးသိမ်းသွင်း တည်ထောင်နိုင်သော အလောင်းဘုရား ဦးအောင်ဇေယျနှင့် သူရဲကောင်းတို့၏ စွမ်းအားဖြင့် (၈) နှစ် ဟူသော ကာလတို





အတွင်း နိုင်ငံတည်ထောင်နိုင်ပုံကို စိတ်ဝင်စား၍ တတ်မှတ်သမျှဖြင့် ရေးသားခဲ့ပါသည်။

ထို့အတူ စတုတ္ထမြန်မာနိုင်ငံတော်ကို တည်ထောင်စည်းရုံးသိမ်းသွင်းနိုင်သည့် ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူရဲကောင်းများစွာတို့ဟု သဘောပိုက်ပြီး စိတ်ဝင်စားမိခဲ့သည်။ အကြောင်းမှာ နှစ်ပေါင်းများစွာ ရာဂဏန်းမျှ မြန်မာတစ်ပြည်လုံးကို သိမ်းမြန်းအုပ်ချုပ် အမြစ်တွယ် ရှင်သန်ကြီးထွား အင်အားကောင်းလှသည့် ကိုလိုနီနယ်ချဲ့နှင့် နောက်ပေါက် ဖက်ဆစ်စနစ် တောအုပ်ကြီးများကို 'အပင်လှဲ အကိုင်း ထင်းဖြစ်၊ အမြစ်ပါ မီးရှို့' ဖျက်ဆီးနိုင်လျက် မြန်မာ့လွတ်လပ်ရေးကို အလောင်းဘုရား ဦးအောင်ဇေယျကဲ့သို့ ဖြစ်ပြီး ခေါင်းဆောင်မှုမှာ အသက်အငယ်ဆုံးနှင့် စည်းရုံးတိုက်ခိုက်လျက် မြန်မာပြည်အား လွတ်လပ်ရေးရသည့်တိုင် သိမ်းပိုက်နိုင်သည့် ကာလအထိ နှစ်ကာလ အတိုဆုံးနှစ်များကို တွေးမိပြီး အလွန်စိတ်ဝင်စား ကြည်ညိုလေးစားမှုများ ဖြစ်ခဲ့ရသော်လည်း စာရေးနိုင်လောက်သည့် သုတအင်အားမရှိ၍ မရေးဖြစ်ခဲ့ပါ။

နိုင်ငံတည်ထောင်ရှင်ဘုရင်များ၏အကြောင်းများအား ရှေးအစဉ်အဆက်မှ ဆရာ့ဆရာအရှင်များ ရေးပေါင်းများလျက် ရှာဖွေနိုင်၊ လေ့လာနိုင် မှတ်သား ဖတ်အားများမှသာ ရေးနိုင်ကြရသကဲ့သို့ . . . မိမိတို့နှင့် လက်တစ်ကမ်း၊ တစ်ခေါ် လောက်သာဝေးသော ဗိုလ်ချုပ်အောင်ဆန်းအကြောင်းမှာလည်း နီးသလောက် ခရီးရောက်အောင် မရေးနိုင်သည့် အခက်အခဲများကို တွေ့ရ၍ မရေးဖြစ်ခဲ့ပါ။

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး စည်းရုံးတည်ထောင်မှု ဖြစ်စဉ်သည် တစ်ဘဝ၊ တစ်ခဏလေးမှာ လေပြင်းမုန်တိုင်းကြီးများနှင့် မိုးကြိုးတွေ အရပ်ရပ်သို့ပစ်၊ လျှပ်စစ်လျှပ်စီးကြောင်းများ အရပ်



www.burmeseclassic.com

www.burmeseclassic.com



ရှစ်မျက်နှာမှာ တဝင်းဝင်း၊ တလက်လက်၊ လင်းလက်တောက်ပသလို မြန်လွန်း၊ များလွန်းသည့် လှုပ်ရှားသက်ဝင်မှုများစွာတို့ဖြင့် ပြည့်ပရန်ကို ပြည့်ပအားနှင့် နှိမ်နင်းမှုများအပြင် ဆုံးဖြတ်ချက် မှန်ကန်လျင်မြန်သော ရာဇပရိယာယ်များ ပါဝင်လေရာ အံ့ဘနန်းမျှ အန္တရာယ် ကြားမထိမပါး လူလား လွန့်လှုပ် သက်ဝင်ထင်ရှားမှုများမှာ လက်နက်မပါ၊ အင်အားမမျှ၊ အသပြာ ဗလာနတ္ထိ၊ မေတ္တာနှင့် သစ္စာ၊ သတ္တိ၊ အမှန်တရား အဓိကနှင့် သွားလမ်းဖြောင့်က ရောက်လွယ်၏ ဆိုဘိသကဲ့သို့ အသွားဖြောင့်မှန် သဘောထား ရင့်သန်ပြီး ဆုံးဖြတ်ချက် မြင့်မြတ်မှန်ကန်လွန်းလျက်သာ ဤ အောင်ပန်းဆုမြတ် လာဘ်ကြီးကို ဤနှစ်များကာလအတွင်း ရတော့ သည်ဟု မြင်မိသည်။

သို့ဖြစ်ရကား ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးဆုံးနေသူ လက်ရင်းတိုက်ပွဲဝင်သူ အာဇာနည်များပင် ဗိုလ်ချုပ်အောင်ဆန်းကို ကုန်စင်အောင် သိနိုင်၊ ရေးနိုင်မည် မဟုတ်သကဲ့သို့ ခပ်လှမ်းလှမ်းနှင့် ခပ်ဝေးဝေး ပုဂ္ဂိုလ်များက ဒုတိယအဆင့်မျှသာ အတွေ့အကြုံ တစ်ခုစီကို ဆက်စပ် တွေးမြင် ပြောနိုင်၊ ရေးနိုင်မည် ဖြစ်ပြီး မိမိတို့ (၂) နှစ်သား ကလေးဘဝမှာမှ လွတ်လပ်ရေးရသည့် လူအဖြစ်မှာ လက်လှမ်းမီရာ စာအုပ်များနှင့် လက်လှမ်းမီရာ ပုဂ္ဂိုလ်များ၏ စကားကို အားကိုးရုံမှအပ အခြားမရှိပါ။

စာများများဖတ်နိုင်ခြင်းနှင့် ထိုစာများကို အဆုံးအဖြတ်သုံးသပ် မှန်ကန်တိကျစွာ ပေါင်းစပ်ရေးသားရန်မှာ ဗဟုသုတများစွာလည်း လိုပါသေးသည်။ အလွန်ကောင်းသော စိတ်ကူးယဉ်ဝတ္ထုများအား ရေးသားရာမှာပင် သဘာဝယုတ္တိ၊ သာဓကယုတ္တိ၊ အာဂမယုတ္တိ ဟူသော ယုတ္တိသုံးတန် အမှန်အတိုင်းမှာ ဇာတ်လမ်း၊ ဇာတ်အိမ်နှင့် စာအရေးအဖွဲ့တွင် သဘာဝနှင့် ကျောမခိုင်းအောင် ရေးသားကြရရာ





မလွယ်ကူသကဲ့သို့ ထေရုပ္ပတ္တိ၊ အတ္ထုပ္ပတ္တိတို့သည်လည်း ဘဝဖြစ်စဉ်အရ ခုနစ်သက္ကရာဇ်နှင့် အကြောင်းအရာတို့သည် စနစ်တကျဖြစ်၍ အကြောင်းအကျိုးနှင့် ယုတ္တိသုံးတန်ညီမှ အထောက်အထား ကိုးကားချက် ပြည့်စုံမှန်ကန်ရန် ဆိုသော အင်္ဂါအချက်အလက်တို့နှင့် ပြည့်စုံရမည်ဖြစ်လေရာ တိုင်းသိပြည်သိ ကမ္ဘာသိပြီးလျက်ဆိုသော ပုဂ္ဂိုလ်တို့ ဖြစ်လေလေ များစွာ သတိထား၊ အသိပွားရလေ ဖြစ်ခြင်းကြောင့် တာဝန်ကြီးလေးလှသဖြင့် ထွက်ပြီးစာအုပ်များကိုသာ လက်လှမ်းမီသမျှ ဖတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း မရေးဖြစ်ခဲ့။

နောက်တစ်ကြောင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းအရာသည် စစ်ရေး၊ နိုင်ငံရေးများ အဓိကပါဝင်နေလေရာ ထို စစ်ရေး၊ နိုင်ငံရေးများအား မိမိကိုယ်တွေ့မရှိ၊ ကိုယ်တွေ့ဆက်စပ်မှု မရှိသည့်အလျောက် စာတွေ့မျှဖြင့်ဆိုက အမှားမှား အယွင်းယွင်း ဖြစ်မည်ကိုလည်း သတိထားမိခဲ့သည်။

နောက်တစ်ပိုင်းမှာ (၁) အရှိကိုအရှိအတိုင်း ရေးရန်။ (၂) အသိကို အသိအတိုင်းရေးရန်။ (၃) အပိုအလိုမရှိ ပကတိအတိုင်း ရေးရန်။ (၄) မိမိ၏ ထင်မြင်ယူဆချက်မပါပဲ ဖြစ်နိုင်ခြေရှိတာကို မှန်းရေး၊ ရမ်းရေးခြင်းမှ ရှောင်ရန်။ (၅) အချိန်အခါ အခွင့်လျော်သော အကျိုးပြုနိုင်သည့် အဖြစ်သို့သာ အမှန်အတိုင်းရေးရန် ဆိုသည့် မိမိကိုယ်မိမိ သတိထားရမည့် အချက်များကိုပါ စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းတရား

ဤသည့်ကြားမှ စာရေးရန်အကြောင်း ပေါ်ပေါက်ခဲ့ဖူး၏။ အကြောင်းမှာ ကျွန်တော် ရေးသားထုတ်ဝေခဲ့ဖူးသည့် ရှေ့မှဖော်ပြခဲ့သော အလောင်းဘုရား ဦးအောင်ဇေယျအကြောင်းမှ စခဲ့ပြန်သည်။

လှူသိထင်ရှား အိုးဝေဂျာနယ်မှ ဆရာကြီး ဦးညိုမြမှ မိမိအားတွေ့လိုကြောင်း စာရေးဆရာကြီး ဆရာမင်းဆွေ၏ သားကြီး ဦးအောင်မော် (ဦးသန်းနိုင်) မှ ကျွန်တော့်ထံ လာရောက်အကြောင်းကြားသည်။ အကြောင်းအကျိုး မေးကြည့် တော့ 'ဆရာကြီး ဦးညိုမြက ခင်ဗျားရေးခဲ့တဲ့ အလောင်းဘုရား ဦးအောင်ဇေယျစာအုပ်နဲ့ ပတ်သက်တဲ့အကြောင်းအရာအချို့ မေးချင်လို့တဲ့' ဟု သိရပါသည်။

ခေါ်သည့်နေ့က ချက်ချင်းမသွားနိုင်။ သုံးရက်မြောက်မှ သွားရသည်။ အိုးဝေဂျာနယ်တိုက်ရှိရာ လွစ္စလမ်းသို့သွားရောက်ဖြစ်သည်။ ဆရာကြီး ဦးညိုမြနှင့် တွေ့ရသည်။ ဆရာကြီး ဦးညိုမြထံ မိမိလာရခြင်းအကြောင်း ပြောတော့ ဆရာကြီး ဦးညိုမြမှ ကောင်းစွာ လက်ခံတွေ့ဆုံသည်။ ဦးအောင်မော် ပြောသည့်အတိုင်းပင် အလောင်းဘုရား ဦးအောင်ဇေယျအကြောင်းနှင့်ပတ်သက်၍ မိမိ ကိုးကားစာအုပ်အချို့အကြောင်း ပြောပြရုံဖြင့် ပြီး၏။ ထိုစဉ်က ဆရာကြီး ဦးညိုမြသည် 'ကုန်းဘောင်ရှာပုံတော်' စာအုပ်ထူကြီးကို ပြုစုနေကြောင်း သိရသည်။ နောင်မကြာမီ ကျွန်တော်ရှိနေရာ မြန်မာစာပေတိုက်မှထုတ်ဝေခဲ့သည်။ မိမိထံမှ စာအုပ်တွင်ပါပြီး အထောက်အထားအချို့ယူ၍ ကိုးကားအသုံးပြုကြောင်း သိရ၏။

ကျွန်တော် ဆရာကြီး ဦးညိုမြကို အတော်လေးစားမိသည်။ ရှေးကလည်း လေးစားပြီး ဖြစ်ခဲ့သည်။ ကျွန်တော့်ကဲ့သို့ နုငယ်သူ





တစ်ယောက်ကို စာအုပ်မှစာအုပ်သို့ ကိုးကားမည်ကို သီးခြားခေါ်ယူပြောပြခြင်းကြောင့် ဖြစ်၏။

ဆရာကြီး ဦးညိုမြသည် လူကဲခတ်ကောင်းသူ ဖြစ်၍ အားတုံ့အားနာဖြစ်နေသော ကျွန်တော့်ကို ကြည့်လျက် ပြုံးပြီး 'ဒီလိုဗျ . . စာဆိုတာ စာပဲ။ ရေးတဲ့သူက ငယ်သည်၊ ကြီးသည် မဟူ စာရေးသူချင်း လေးစားရမယ် . . . သူ့ရဲ့ရှာဖွေတွေ့ရှိချက်၊ သူ့ရဲ့တွေးခေါ်မြော်မြင်ချက်၊ သူ့အတွေး၊ သူ့အရေးကို အချင်းချင်းလေးစားရတယ်။ သူ့စာကို ကိုယ့်စာ မလုပ်ကောင်းဘူး။ စာမှာ သစ္စာရှိတယ်။ စာရေးသူ အချင်းချင်းကလည်း သစ္စာရှိရတယ်။ ခုလို သက်ရှိထင်ရှားရှိမယ်။ အသွားအလာ နီးစပ် အဆင်ပြေမယ်ဆို ကိုယ်ကသွားတန်သွား၊ မသွားနိုင်ရင် ခုလို ဖိတ်ကြားတန် ဖိတ်ကြားပြီး အကြောင်းကြား အခွင့်တောင်းရတယ်။ သက်ရှိထင်ရှားရှိ၊ မရှိ မသိ၍ သွားရောက်ဖိတ်ခေါ်မှု မလွယ်သည့်တိုင် မူရင်းစာရေးသူရဲ့စာအုပ်နဲ့ကလောင်အမည်ကို အတိအကျ ဖော်ပြပြီး ကိုးကားကြောင်းပေါ်လွင်စေခြင်းဖြင့် တစ်ယောက်ဂုဏ်ကို တစ်ယောက်က ထောက်ထားလေးစားရမယ်။ သစ္စာရှိရမယ်'

စသည့် စကားများကို ကြားရသည့်အခါ အချိုပေါ်သကာလောင်း၊ မြရာ သံပတ်ဆိုသကဲ့သို့ စာရေးသူတို့ လိုက်နာရမည့်စည်းကမ်း၊ သစ္စာတရားတို့ကိုပါ အလွန်ပင် ပညာရ၊ မှတ်သားလောက်သဖြင့် ပို၍၊ သာ၍ ဆရာကြီး ဦးညိုမြအား လေးစားကြည်ညိုမိ၏။

တကယ်က ကျွန်တော်ကိုယ်တိုင်က ဆရာကြီးဦးညိုမြအား တလေးတစား သွားရောက်တွေ့ဆုံလို၊ ရင်နှီးလိုစိတ် ဖြစ်ပေါ်ခဲ့ဖူးပါသည်။ ရှေ့မှီနောက်မှီ ဆရာများနှင့် တွေ့ရသဖြင့် သူ့ဘာအသစ်



www.burmeseclassic.com

www.burmeseclassic.com



များစွာရနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် ထိုစဉ်က ကျွန်တော် သည် ကွယ်လွန်သူ စာရေးဆရာကြီး ဆရာအောင်လင်း၏ အရိုင်း စပယ် (ထံတျာ) စာပေတိုက်မှာ စာပေနှင့်ဘဝကို စတင်နေခဲ့ရချိန် ဖြစ်ပါသည်။

ဆရာအောင်လင်းထံ အဝင်အထွက်များကြသည့် စာရေး ဆရာများနှင့်ပါ သိကျွမ်းရင်းနှီးခွင့်ရခဲ့သည်။ ဤအထဲကမှ စာရေး ဆရာကြီး ဆရာမင်းအောင်နှင့်ပါ ရင်းနှီးခွင့်ရလေရာ ဆရာကြီး ဆရာမင်းအောင်၊ 'မိုးအောက်မြေပြင်' ဆရာမင်းအောင် နှင့် မြို့ထဲသို့ သွားရာမှ ဆရာကြီး ဦးညိုမြကို လမ်းတွင် တွေ့ဆုံရ၍ သုံးကြိမ်တွေ့ခဲ့ ရသော်လည်း အကြောင်းမဆုံသဖြင့် ဘေးမှပင် ငေးကြည့်ခဲ့ရသည်။

ဆရာကြီး နှစ်ယောက် နောက်အကြိမ်တွေ့တော့ ဗိုလ်ချုပ် အောင်ဆန်းအကြောင်း၊ ရှေးဟောင်းနောက်ဖြစ်တွေ ပြောကြသော အခါမှ ကျွန်တော်သည် တရားနာသူပမာ စိတ်ဝင်စားစွာ ငေး၍ နားထောင်ရုံမှအပ ဘာမျှ မမေးရဲခဲ့ပါ။

## ဆရာကြီးများပြောသော ဗိုလ်ချုပ်အောင်ဆန်း

'ဆရာမင်းအောင်ကို ဆရာအောင်လင်းက ခုတလော ဘာ တွေရေးနေတုန်း' ဟူသော အမေးအား ဆရာမင်းအောင်မှ 'ဦးညိုမြ ဆီ အိုးဝေမဂ္ဂဇင်းအတွက် စာမူရေးခဲ့တယ်ဗျာ' ဟု ဆိုသည်။ ဆရာ အောင်လင်းက 'အကြောင်းအရာကရော' ဟု မေး၏။

ဆရာအောင်လင်းနှင့် ဆရာမင်းအောင်၊ ဆရာမင်းရှင်၊ ဆရာလေးမြင့်၊ စသည့် ဆရာသမားများသည် မိမိတို့ရေးပြီးစာမူများ





ကို အချင်းချင်း တစ်ဦးနှင့်တစ်ဦး တင်ပြ၊ ဖတ်ပြ၊ ဖတ်ခွင့်၊ ဝေဖန် ပြင်ဆင်ခွင့်ပါပေးပြီး ဆွေးနွေးတိုင်ပင်ပြီးမှ မဂ္ဂဇင်း၊ ဆောင်းပါး၊ ဝတ္ထုများမှအစ လုံးချင်းဝတ္ထုများအထိ ဤနည်းနှင့် ပြီးစေတတ်၊ ထုတ်ဝေတတ်ကြသည်။ အလွန်ကောင်းသည်။ စာသန့်သန့်ဟု ဆိုပါ သည်။

ယခု ဆရာအောင်လင်းက ဆရာမင်းအောင်အား 'အကြောင်းအရာကရော' ဟု မေးသည်နှင့် 'ဖတ်ပြဖို့ ယူလာတာ။ နားထောင်ပြီး ဝေဖန်ပြင်ဆင်ဦးဗျာ' ဟု ပြောပြီး ဖတ်ပြသည်။

အကြောင်းအရာက ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဖြစ် ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် မြတ်ဗုဒ္ဓ၏ ဘာသာရေးစာပေနှင့် ဘာသာရေးအပေါ် အလွန်ဝါသနာကြီးပုံကို ဖြစ်လေသည်။ မှတ်မိ သလောက်မှာ အိုးဝေဂျာနယ်တွင် ပါဝင်ဖော်ပြခံရပြီး ထိုပါပြီးစာမူ ပါ ဖတ်ဖူးပါသည်။

မှတ်မိသလောက်အကြောင်းမှာ ဗိုလ်ချုပ်အောင် ဆန်းသည် ရန်ကုန်တာဝါလိန်းရှိအိမ်မှာ တစ်လတစ်ခေါက်ဖြစ်ဖြစ် အခါအခွင့် သင့်တိုင်း သံဃာတော် (၂) ပါး၊ (၃) ပါးစသည် ပင့်လျက် ဆွမ်းကပ် လှူတတ်ကြောင်းနှင့် အထူးအမှတ်ရ ဆရာတော်မှာ တောင်တွင်းကြီး နတ်မှီတောရ ဆရာတော်ဖြစ်ကြောင်း မှတ်မိ၏။ ဆွမ်းကပ်ပြီးတိုင်း ထိုသံဃာတော်များအား မိမိသိလိုသော ဗုဒ္ဓ အဘိဓမ္မာဆိုင်ရာများ ကို မေးလျှောက်တတ်ကြောင်း ကြားသိရပါ သည်။

တောင်တွင်းကြီးမြို့နှင့် နတ်မောက်မြို့တို့သည် မဝေးကွာ လှကြောင်း၊ ဆရာတော်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ယခင်က တည်းက ရင်းနှီးခဲ့ကြကြောင်း သိရသည်။

တစ်ခါသော် ဗိုလ်ချုပ်အောင်ဆန်းမှ နတ်မှီတောရ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်အား ဆွမ်းကပ်ပြီးသောအခါ . . .

"တပည့်တော် တစ်ခု မေးလျှောက်ပါရစေ ဘုရား"

ဟု မေးလေသည်။ ဆရာတော်က . . .

"မေးလေ . . သိလည်း ဖြေမယ်။ အခု မသိလည်း လေ့လာပြီး ပြန်ပြောပေးမယ်"

လို့ လျှောက်ထား မေးမြန်းခွင့်ပေးသောအခါ ဗိုလ်ချုပ်အောင်ဆန်းမှ . . . .

"တပည့်တော် ဂျပန်ပြည်ရောက်တော့ ဂျပန်လူမျိုးတွေမှာ ရင်ဘတ်ကို သေနတ်မှန်ခံရပြီးသေသော် နတ်ရွာလား၏။ ကျောပြင်ဘက်ကို သေနတ်မှန်ခံရပြီး သေသော် ငရဲသို့သွားရ၏ ဆိုတဲ့ အယူအဆကြီး (၂) ရပ်ကို သိခဲ့ရပါတယ် ဘုရား . . . အဲဒါ မှန်ပါသလား။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားနဲ့ ဘယ်လို သက်ဆိုင်မှု ရှိပါသလဲ"

ဆိုသည့် အမေးကို မေးလျှောက်သဖြင့် နတ်မှီတောရ ဆရာတော်မှ . . .

"ဒကာ . . . အဲဒီ့အယူအဆတွေဟာ မှန်တယ်၊ မှားတယ်လို့ ဆရာတော်အနေနဲ့ မပြောလို၊ မြတ်ဗုဒ္ဓရဲ့တရားတော်နဲ့တော့ ဘာမျှကို မဆိုင်ဘူး ဒကာ . . . ဒါဟာ တကယ်က စစ်ရေးဝါဒပဲဖြစ်တယ် . . ဘာကြောင့်လဲဆို ရှင်းနေတာပဲ။ ရင်ဘတ်ကို သေနတ်မှန်တယ်ဆိုတာက ရန်သူမှန်သမျှကို ရင်ဆိုင်အနိုင်တိုက် . . . ဒီလိုတိုက်ရင်း သေရင် ရင်ဘတ်ကိုသေနတ်မှန်ခံရပြီး သေရရင် အထက်နတ်ရွာသွားမှာလို့ ဆိုထားတာ။ အကယ်လို့ ရန်သူကို ရင်မဆိုင်ရဲဘူး။ သတ္တိကြောင်သွားလို့ အားငယ်ပျော့ညံ့စိတ်နဲ့ ကျောခိုင်း ထွက်ပြေးမယ်ဆို တစ်ဖက်ရန်သူက သေနတ်နဲ့ ပစ်ပါက ကျောပြင်ကြီးကို





သေနတ်မှန်မယ်။ ဒီလို ကျောပြင် သေနတ်အမှန်ခံရလို့များ သေသွားရင် ငရဲဘုံသို့ သွားကိုသွားရမယ်လို့ ဆိုလိုတဲ့ အဓိပ္ပါယ်မျိုးပါ။ ကျုပ်တို့ ဗုဒ္ဓအဘိဓမ္မာနဲ့ မပတ်သက်ပါဘူး။ ရန်သူဆိုသမျှ ရင်ဆိုင်ကြ၊ အသေခံ အနိုင်တိုက်ကြလို့ ပြောလိုတဲ့ သဘောပါ"

ဟု ဆရာတော်က ရှင်းပြမှ ဗိုလ်ချုပ်အောင်ဆန်းသည် သဘောကျ လက်ခံသွားလေသည် ဟု သိရ၏။ သည်နေရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လစဉ်ဖြစ်စေ၊ အခါအခွင့်ကြုံတိုင်း မိမိနေအိမ်သို့ သံဃာတော်များအား ပင့်လျက် ဆွမ်းဆက်ကပ်တတ်သော ဒါနပါရမီ အလေ့အထနှင့် ဒိဋ္ဌဓမ္မ သံသယ လောကဓမ္မတို့ကို မသိက၊ မရှင်းက၊ အောင့်မထား၊ ပွင့်လင်းရိုးသားစွာလျှင် အသိအမြင် စင်ကြယ်စေရန် မေးလျှောက်တတ်ကြောင်း သိနိုင်ပါသည်။

## ဆွေးနွေးခြင်းနှင့် မေးမြန်းခြင်း

ဗိုလ်ချုပ်အောင်ဆန်းသည် အမှတ်တမဲ့ဆိုပါက စိတ်ထဲရှိတာကို မဆင်မခြင် လက်လွတ်စပယ် ဟောဟောဒိုင်းဒိုင်း ပြောတတ်သူဟု ထင်နိုင်ဖွယ်ရာ ရှိပေသော်လည်း တကယ်က ဤသို့မဟုတ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းသည် အမြဲတွေးနေတတ်သူဟု ဆိုနိုင်ကြောင်း ငေးငူငိုင်နေသည်ဟု ထင်ရသော်လည်း ဤသို့မဟုတ်ပဲ ကြောင်းကျိုးဆက်ဖြင့် အကြောင်းအရာတစ်ခုခုကို ဦးစိုက်တွေးနေတတ်ပြီး အမှန်အတိုင်း ခရီးဆုံးအောင် လိုက်လံ စဉ်းစားတွေးခေါ်တတ်ကြောင်း ကြားသိရ၏။

သံဃာတော်များအား ဆွမ်းကပ်ပြီး မေးမြန်းလေ့ရှိသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က (အမည်မမှတ်မိ) . . .

"ဗိုလ်ချုပ် ဆရာတော်နဲ့ ဘာတွေများ ဆွေးနွေးလဲဗျ။ တရား ဆွေးနွေးတာလား"

ဟု မေးမိရာ ဗိုလ်ချုပ်အောင်ဆန်းမှ . . .

"ဆွေးနွေးတယ်ဆိုတာ ပညာရည်တူ ပညာတတ်ချင်းသာ အသိအမြင် စင်ကြယ်စေကြောင်းနဲ့ ဆွေးနွေးရတယ်ဗျ . . ကျုပ်တို့လို ခေတ်ပညာလောက်နဲ့ ဘုန်းကြီးကျောင်းသားအဆင့် သာမဏေ စာပေလောက် ကျက်မှတ်ထားရုံအဆင့်ဆိုတာ ပညာရည်တူ အဆင့် မဟုတ်ဘူး။ ဒီလိုမဟုတ်လို့ . . . မသိမေး၊ လျှောက်ထားမေးမြန်း ရတဲ့ အဆင့်ဗျ"

လို့ ချက်ချင်း ရှင်းပြဖူးကြောင်း ထပ်မံ ကြားသိရသည်။

## ရေနံချောင်းမြို့၊ အမျိုးသားကျောင်းဆရာများနှင့် ကျောင်းသူ၊ ကျောင်းသားများ အစည်းအဝေးတွင် မောင်အောင်ဆန်းလေး၏ စကား

"ကျွန်တော်တို့ အမျိုးသားကျောင်းတွေဟာ စာကို ကုန်အောင် ဖတ်နေရုံနဲ့ တာဝန်ကျေပြီလို့ မဆိုနိုင်ဘူး။ မြန်မာပြည်ကြီး သူများလက်အောက်ခံ ကျွန်ဖြစ်နေတာကို ကျွန်ဘဝက လွတ်မြောက်အောင် ဘယ်လိုဖန်တီး ကယ်တင်ရမယ်ဆိုတာ ခုနေက စဉ်းစားဖို့ တော်ပြီ။ ဒါတင်မကသေးဘူး။ အခု ခင်ဗျားတို့၊ ကျွန်တော်တို့ ရာဇဝင်ဘာသာ သင်နေရတယ်။ ရာဇဝင်ကို တတ်သိနားလည်နေ





လို့နဲ့ မပြီးသေးဘူး။ ရာဇဝင်သစ်ကို ဖန်တီးနိုင်တဲ့ လူတွေဖြစ်လာအောင် ကိုယ်တိုင်ကြိုးစားကြမှ တကယ့် လူတော်လူကောင်း လူချွန်တွေလို့ ဆိုနိုင်မယ်"

ဟု ဤသို့ ရဲရဲတောက် ပြောလိုက်သည့် မောင်အောင်ဆန်းလေးထံမှ မမျှော်လင့်မိကြပဲ ထွက်လာသည့် စကားလုံးများကို တက်ရောက်လာကြသော အမျိုးသားကျောင်းဆရာများနှင့် ကျောင်းသူ၊ ကျောင်းသားများသာမက အမျိုးသားကျောင်း အုပ်ချုပ်ရေး ကော်မတီ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ ကျောင်းသားအားလုံးပါ လက်ခုပ်သြဘာသံများ ပွဲတင်ထပ်အောင် ထောက်ခံအားပေးခဲ့ကြသည်။

မောင်အောင်ဆန်းသည် များသောအားဖြင့် တစ်ယောက်တည်းနေသည့်အခါများမှာ မိမိကျက်မှတ်သင်ယူထားသော စာများကို စာဖတ်တတ်စကတည်းက အချိန်ပေးပြီး စိတ်ဝင်စားစွာ အမြဲအာရုံဝင်စားနေသူဟု ယူဆနိုင်သည်။ သူသည် အများနည်းတူ စာသင်ခန်းထဲမှာ သင်ယူလေ့ကျင့် ကျက်မှတ်ဆိုသည်လောက်နှင့် မကပဲ စာကို အဓိပ္ပါယ် သက်ရောက်အောင် တွေးနိုင်သူဖြစ်၏။

(၁၉၂၈) ခုနှစ်ခန့်က ရေနံချောင်းမြို့၊ ရေနံမြေ (ဘီအိုစီ) ရေနံကုမ္ပဏီမှာ အလုပ်ဝင်ပြီး ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းဆရာကြီး ဦးအေးမောင်ထံမှာ အလွတ်ပညာသင်လျက် ဆယ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေရာ သင်္ချာဘာသာဂုဏ်ထူးနှင့် အောင်မြင်သူ ဦးဘဝင်းမှာ မောင်အောင်ဆန်းကလေး (ဗိုလ်ချုပ် အောင်ဆန်း)၏ အစ်ကိုဖြစ်လေသည်။ ဦးဘဝင်းသည် မိမိ ဆယ်တန်း သင်္ချာဘာသာဂုဏ်ထူးနှင့် အောင်သော ကျောင်းမှာပင် ကျောင်းဆရာ ဝင်လုပ်နေသောအချိန် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ နောင်သော် မြန်မာ့မြေပေါ်မှ ကမ္ဘာကျော် ဖြစ်လာအံ့သော လွတ်လပ်ရေး ဗိသုကာကြီး ဖြစ်လာမည့် မောင်အောင်ဆန်းကလေးသည် (၁၃) နှစ်ကျော်ကျော်လောက်နှင့် ထိုနှစ်ကျောင်းဖွင့်စအချိန်မှာ အစ်ကိုဖြစ်သူ ဦးဘဝင်းနှင့်အတူ ရောက်လာသူ ဖြစ်လေသည်။

သူသည် တောက်မည့်မီးခဲ တရဲရဲ မဟုတ်။ တောက်နေသည့် မီးခဲ တရဲရဲ ဖြစ်လာခဲ့သည်။ ချွန်အောင် ဝိုင်း၍ချွန်ပေး လုပ်ယူပေးရသည့် အချွန်အမွန်မျိုးမဟုတ်။ မွေးရာပါဇာတိစိတ်နှင့် ယှဉ်ပါလာသော ပင်ကိုယ်ချွန် ပင်ကိုယ်မွန်မြတ်သူ ဖြစ်လာခဲ့သည်။

မောင်အောင်ဆန်းကလေးနှင့်ပတ်သက်၍ ပင်ကိုယ်အရည်အသွေး ဝါသနာ အကျင့်စရိုက် ဝါသနာ ဖွဲ့သတ္တိ စိတ်နေသဘောထားများကို တစ်မြို့တည်းသားချင်းများ၊ ဆွေမျိုးရင်းချာများ၊ ကျောင်းနေဘက်များ၊ အတူနေ၊ အတူစား၊ အတူသွား၊ အတူမခွဲ၊ ကျောင်းနေ စတက်ချိန်၊ ကျောင်းထွက်ချိန်ထိ အမြဲမခွဲတွဲခဲ့သည့် ဦးမေအောင်ကိုယ်တိုင် (၁၉၅၅) ခုနှစ်၊ ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်း အတွဲ (၃)၊ အမှတ် (၉) တွင် 'ဗိုလ်ချုပ်အောင်ဆန်း' ခေါင်းစဉ်ဖြင့် မှတ်တမ်းတင်ရေးသားခဲ့ဖူးကြောင်း 'လုပ်သားပြည်သူ နေ့စဉ်သတင်းစာ' အချိန်က (ရေနံမြေ) ဘဖေ အမည်ရ စာရေးဆရာကြီးက ဖော်ပြခဲ့ဖူးသည်။

ဆရာ (ရေနံမြေ) ဘဖေ၏ ဤအညွှန်းဖြင့်ပင် ထိုအချိန် (၁၉၅၅) ခုနှစ်၊ ဇူလိုင်လထုတ်၊ မြဝတီမဂ္ဂဇင်း၊ အတွဲ (၃)၊ အမှတ် (၉) ကို ရှာဖွေလေ့လာပြီး အဆင့်ဆင့် ပြန်လည်ဖော်ပြရေးသားကြသည်မှာလည်း မနည်းလောက်ပြီ။

ငယ်စဉ်တောင်ကျေး ကလေးဘဝဆိုသည် ကျောင်းသား





ငယ်တို့ဘဝ အတူတူသာဖြစ်ခဲ့ရိုးရှိသည်။ စာတော်တာကိုသာ စာအဆင့်အမှတ် အနည်းအများအရသာ သူတော် ငါတော်လောက်ခွဲရမည်။ ထူးခြားလက္ခဏာဖြစ်စဉ်ဖြင့် လူသိထင်ရှားလောက်အောင်ဖြစ်ရန်ကား ရှားလှ၏။ တစ်ခေတ်တစ်ယောက်လောက်သာ ဖြစ်နိုင်ပါသည်။ လူကဲခတ်နည်းမျှဖြင့် မသိနိုင်ပေ။

ထိုကာလမျိုးမှာ နောင်သော် တိုင်းပြည်ခေါင်းဆောင် ပြည်တော်ချစ် ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် မောင်အောင်ဆန်းလေးသည် ဖော်ပြပါ ရေနံမြေဘဖေနှင့် အတူရှိခဲ့သည်။ ဦးမေအောင်လောက် အသိမစုံသော်မှ ဆရာရေနံမြေ ဘဖေလည်း အသိများခဲ့ရပါသည်။

ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းသို့ မောင်အောင်ဆန်း စတင်ရောက်ကတည်းက ပညာတော်သူ လူရည်ချွန်တစ်ယောက်လောက်သာ ယူဆနိုင်ကြပြီး ကြီးလျှင်တော့ အရာရှိ၊ အရာခံလောက်၊ မြို့အုပ်၊ ဝန်ထောက်လောက်တော့ အင်္ဂလိပ် အစိုးရလက်အောက် အလွန်ချီးမြှောက်ခံရပေလိမ့်မည်ဟု ကျိန်းသေပေါက် ဖြစ်နိုင်ခြေကို ဝေဖန်ကြ၊ ထင်ကြေးပေးကြများခဲ့ကြသည်။

(၁၉၂၈) ခုနှစ်၊ မောင်အောင်ဆန်း အသက် (၁၃) နှစ်တွင် စတင်ရောက်ပြီး အတန်းပညာသင်ကြားစဉ်မှာပင် သူ၏ အင်္ဂလိပ်စာ အခြေခံမှာ (၄) တန်းကျောင်းသားနှင့် မမျှအောင် တော်နေသည်။ ဤသည်မှ မောင်အောင်ဆန်း နတ်မောက်မြို့မှာ ကျောင်းစနေစဉ်မှာပင် အစ်ကိုဖြစ်သူများက ညီအငယ်ဆုံးလေးကို ဝိုင်းနှန်းသင်ပေးပြီး မြေတောင်မြှောက်ပေးခြင်း အကြောင်းရပ်လည်းပါဝင်သည်။ သို့သော် ကျောင်းစာလောက်သာ တော်ရမည်ဖြစ်ပါလျက်



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ဆန်းသည် သူ ကြားဖူး၊ ဖတ်ဖူးသည့် ယူနီဗာစီတီကောလိပ်ကျောင်းကြီးမှ နာမည်ထင်ရှား ဆရာများ၊ ကျောင်းသားများ အမည်များကိုပါ အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာတို့ဖြင့် သွက်လက်မှန်ကန်အောင် ရေးဖတ်ပြောဆိုနိုင်ခဲ့သည်။

မှတ်ဉာဏ်ကောင်းပုံအားဖြင့် 'ဒီနှစ်၊ ဘီအေအောင်သူ မည်ရွေ့မည်မျှရှိကြောင်း၊ အိုင်အေအောင်သူ မည်ရွေ့မည်မျှရှိကြောင်းအထိ အလွတ်ပြောဆိုနိုင်ကြောင်း ဆရာရေနံမြေဘဖေထံမှ သိခဲ့ရလေသည်။

ယင်းသို့ မောင်အောင်ဆန်းလေး ပညာရည်ချွန် မှတ်ဉာဏ်ချွန်သဖြင့် သူ တက်ရောက်နေသော ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းမှာ နှစ်စဉ် အတန်းတိုင်းမှာ ထူးချွန်ခဲ့သဖြင့် အင်္ဂလိပ်-မြန်မာ အလယ်တန်း (၇) တန်း စာမေးပွဲမှာ အမှတ်အများဆုံးဖြင့် အောင်မြင်လေရာ ဆရာဦးရွှေခို ရွှေတံဆိပ်ဆုရရှိသည်နှင့်အတူ တစ်လ တစ်ဆယ်ကျပ်နှင့် သုံးနှစ်အတွင်း (၁၉၃၀) ပြည့်နှစ်တွင် နောက်ဆုံးကျင်းပသော အစိုးရ အင်္ဂလိပ်-မြန်မာအလယ်တန်း (၇) တန်းစာမေးပွဲကို (စကောလားရှစ်) ပညာသင်ဆုရ ထူးချွန်မှုဖြင့် အောင်မြင်လိုက်ပါသေးသည်။

## ကမ္ဘာကြီးက လည်နေသလား

မောင်အောင်ဆန်းလေး ဤ (အလယ်တန်း) (၇) တန်း စာသင်နှစ်တွင် ထိုကျောင်းမှာ ထိုစဉ်က မောင်သိန်းရွှေ (နောင်သော် သခင်သိန်းရွှေ) နှင့် အတန်းတူနေခဲ့ရကြောင်း သိရ၏။ မောင်သိန်း





ရွှေ၏ မောင်အောင်ဆန်း အကြောင်းထူးကို ကြားခဲ့ရဖူးသည်။

ပထဝီဆရာက ကမ္ဘာ၊ နေ၊ လ တို့၏ သွားပုံ၊ နေ့၊ ညဖြစ်ပုံများ သင်ကြားပေးပြီး ကမ္ဘာသည် မိမိ၏ ဝင်ရိုးစွန်းမှာ နှစ်ဆယ့်သုံး နှစ်ပိုင်းတစ်ပိုင်း ဒီဂရီ စောင်းလျက် ရပ်တည်နေပြီး (၂၄) နာရီလျှင် (၁) ပတ်လည်ကြောင်း သင်နေစဉ် မောင်အောင်ဆန်းသည် ဤသည်ကို မျက်မှောင်ကြုတ် စူးစူးစိုက်စိုက် နားထောင်နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး သူ့ဘယ်လက်သီးလေးကို ကမ္ဘာလုံး ပုံသဏ္ဌာန် ဆုပ်ပြလျက် . . .

"ဆရာ . . ဆရာ . . . ဒီ ကျွန်တော့်လက်သီးဆုပ်ကလေးဟာ ဆရာ ခုနကပြောခဲ့တဲ့ ကမ္ဘာလုံးကြီးလိုပဲ ဆိုပါစို့။ ကမ္ဘာလုံးကြီးလည်သလို ကျွန်တော့်လက်သီးလေးကို ဒီလို လှည့်ကြည့်မယ်။ ဒီလိုဆို ဟုတ်ပြီနော် . . . ဆရာ . . ကမ္ဘာလုံးကြီး လည်နေပြီ . . ကျွန်တော် လက်သီးဆုပ် ကမ္ဘာလုံးကြီးရဲ့ ဒီလက်သန်းအချွန်လေးပေါ်မှာ ကျွန်တော် တက်ပြီးရပ်ပြီး ဒီလက်သီးဆုပ်ကမ္ဘာကြီးနဲ့ လွတ်အောင်ခုန်လိုက်မယ်၊ (၁၂) နာရီ ကြာတဲ့အထိ လေထဲမှာ ခုန်တဲ့နေရာနဲ့ တည့်တည့်နေရာမှ ခုန်ပြီး ရပ်နေမယ်။ (၁၂) နာရီပြည့်လို့ ကျွန်တော့်လက်သီးဆုပ် ကမ္ဘာကြီးပေါ် ပြန်ဆင်းတဲ့အခါ ကျွန်တော်အစကပြောတဲ့ စတင်ရပ်ပြီးစ ခုန်လိုက်တဲ့နေရာ၊ လက်သီးဆုပ်ရဲ့လက်သန်းပေါ် ပြန်မကျပဲ လက်မပေါ်လောက် (ကမ္ဘာလုံးကြီးရဲ့အခြားနေရာ) ပြန်ကျနိုင်ပါ့မလား ဆရာ"

ဤမေးခွန်းကြောင့် ဆရာနှင့် ကျန်ကျောင်းသားအားလုံးငေး၍ စိတ်ဝင်စားစွာ နားထောင်နေရာမှ မောင်အောင်ဆန်းလေး၏ အမေးစကားအဆုံးမှာ အချို့က ရယ်၏။ အချို့ ပြုံး၏။ အချို့ကျောင်းသားများက ကိုယ့်လက်သီးလေး ကိုယ်ဆုပ်ကြည့်၊ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ လက်သန်းထိပ်မှ လက်မပေါ်ထိပ်ထိ လက်သီးကို လှည့်ကြည့်နေကြ၏။ ဆရာမှ မရယ်ကြရန် တားလျက် . . .

"မေးထိုက်တဲ့ မေးခွန်းလို့ပဲ ပြောရမလား။ ကြံကြံဖန်ဖန် မေးတယ်လို့တော့ ဆရာ မဆိုပါဘူး။ သိပ်ပြီး စဉ်းစဉ်းစားစားနဲ့ တွေးပြီးမှ မေးတာလေ . . . ကောင်းပြီး မောင်အောင်ဆန်းရေ . . . ဆရာ နောက်မှပဲ လေ့လာပြီး ပြောပါရစေ"

ဟု ဆရာမှပြော၍ နောင်အမေးအဖြေအကြောင်း မသိလိုက်ရဟု မောင်သိန်းရွှေ (သခင်သိန်းရွှေ) က ပြောဖူးပါသည်။

## ဆောင်းတွင်း၊ မိုးတွင်းရယ်လို့ရှိရင် နွေတွင်း ဘာလို့ မရှိပါသနည်း

မောင်အောင်ဆန်းသည် ကမ္ဘာလုံးကြီး လည်နေသည့် အမေးကို မေးသကဲ့သို့ ထိုဆရာကိုပင် နောက်ရက်များတွင် ဆရာမှ ဥတုသုံးပါးအကြောင်း နွေ၊ မိုး၊ ဆောင်း ဖြစ်ပေါ်ပုံနှင့် ရာသီဥတုဖြစ်ပုံများအကြောင်း သင်ကြားပြသနေရာမှ နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးဟု အသုံးမှ ဆောင်းတွင်း၊ မိုးတွင်း၊ နွေရာသီဆိုသည့် အသုံးစကားအရောက်မှာ မောင်အောင်ဆန်းသည် ရုတ်တရက် မတ်တတ်ရပ်ပြီး . . .

"ဆရာ ကျွန်တော့်ကို မေးခွင့်ပြုပါ . . . ဆရာသာ မဟုတ်ပါဘူး။ ရပ်ထဲရွာထဲမှာလည်း ဒီစကားအသုံးကို သုံးကြပါတယ်။ ဘာလဲဆိုတော့ မိုးရာသီကို မိုးတွင်းလို့ ခေါ်ကြတယ်။ ဆောင်းရာသီကို ရောက်တော့လည်း ဆောင်းတွင်းလို့ ခေါ်ကြပြန်ပြီး နွေရာသီ ရောက်





တဲ့အခါမှာ ဘာဖြစ်လို့ နွေတွင်းလို့ မခေါ်ကြတာလဲဆရာ . . ."

ဤအမေးကလည်း ကမ္ဘာလုံးကြီး လည်ရသည့် မေးခွန်းကဲ့သို့ပင် ဆရာသည် အဖြေရခက်ခဲ့ရလေသည်။

သခင်သိန်းရွှေသည် ဗိုလ်ချုပ်အောင်ဆန်း၊ မောင်အောင်ဆန်းဘဝ (၇) တန်းကျောင်းသားအရွယ်မှာ မောင်သိန်းရွှေဖြစ်ခဲ့သည်။ မောင်သိန်းရွှေသည် ရေနံချောင်းမြို့သို့ ကျောင်းပြောင်းတက်စဉ်က ဆုံခဲ့ရခြင်း ဖြစ်၏။ မောင်သိန်းရွှေ၏ဇာတိသည် ပခုက္ကူတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နှင့် အနောက်ဘက် ရေကင်း၊ မင်းကြီး၊ ငပိဆိပ်၊ ကနောင်၊ မြန်အောင်ဆိုသော ရွာများမှ အဆက်အနွယ်ဖြစ်၏။ မောင်သိန်းရွှေ၏ ဘိုးဘွားမိဘများသည် မန္တလေးမြို့ဇာတိများ ဖြစ်လျက် (၁၂၄၇) ခုနှစ်၊ အင်္ဂလိပ်က နန်းသိမ်းပြီး အရှင်နှစ်ပါးအားဖမ်းစဉ် သူ့ကျွန်မခံ ဘုရားမထူး ဆိုကာ လှေ၊ ဖောင်တို့ဖြင့် ဧရာဝတီမြစ်ကြောသို့စုန်ခဲ့ရာမှ ဖော်ပြပါမြို့ရွာများမှာ အခြေချနေကြလျက် အချို့ ရေနံချောင်းမှာနေကြသည်။

မောင်သိန်းရွှေ ရေနံချောင်းမြို့မှာ (၇) တန်းအောင်၊ (၈) တန်းအောင်ပြီး ကြို့ပင်ကောက်မြို့သို့ ပြန်ရောက်ကာ မျိုးရိုးလုပ်ငန်းအရ ရွှေပန်းထိမ်လုပ်ငန်း လုပ်သည်။ မောင်အောင်ဆန်းတို့ သခင်အောင်ဆန်းဖြစ်သောအခါ မောင်သိန်းရွှေပါ သာယာဝတီနယ်၊ သခင်ချစ်မောင်တို့နှင့်အတူ သခင်သိန်းရွှေ ဖြစ်လျက် လွတ်လပ်ရေးတိုက်ပွဲဝင် မျိုးချစ်တစ်ဦး ဖြစ်လာပြီး ဒေါ်ဒေါ်မှန်ဖြင့် အိမ်ထောင်ကျသည်။

ကြို့ပင်ကောက်မြို့တွင် သခင်သိန်းရွှေကို လူသိများ၏။ ဦးသိန်းရွှေ+ဒေါ်မှန်၏ ရွှေပန်းထိမ်ဆိုင်ကိုလည်း သိကြသည်။ မြန်မာ့တပ်မတော်မှ ဗိုလ်မှူးတင်မြင့်နှင့် ကိုတင်ဦး၊ ကိုကြည်စိန်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုအေးသောင်း၊ ကိုသန်းထွန်း၊ ကိုသန်းမြင့်၊ ကိုဝင်းလှိုင် (ပေါက်စ) တို့၏ ဖခင်ကြီး ဖြစ်၏။ ကိုတင်ဦးမှာ ကဗျာဆရာ မောင်လွမ်းဝေ (ခေါ်) ပန်းချီဒီဇိုင်းဆရာ တင်ထွန်းကျော် ဖြစ်၏။ (ကွယ်လွန်ပြီး လေပြီ)

သို့ဖြစ်၍ မောင်အောင်ဆန်းဘဝ အလယ်တန်းကျောင်းသားအဆင့်မှာပင် ပညာရည်ချွန် အလွန်ထက်မြက်ခဲ့သည်။ ပုဂ္ဂိုလ်၏ စရိုက်လက္ခဏာ သဘာဝဖြစ်စဉ်တို့သည် အများနှင့်မတူ တစ်မူထူးခြားခဲ့ပါလေသည်။

မောင်အောင်ဆန်းတစ်ယောက် စာတော်မှန်းသိသဖြင့် အစ်ကိုဖြစ်သူ ဦးဘဝင်းကလည်း စာအုပ်စာပေနှင့်ပတ်သက်လျှင် အသင့်ဝယ်ပေးတတ်သကဲ့သို့ ညီဖြစ်သူလိုချင်သည့် ချဉ်ခြင်းတပ်စာအုပ်များကိုပါ ဝယ်ပေးတတ်ရာ မောင်အောင်ဆန်းတစ်ယောက် အင်္ဂလိပ်စာအုပ် (၁၀) အုပ်လောက်ကို တစ်လုံးမကျန် ဇွဲသန်သန်ဖြင့် အားလုံးဖတ်လေ့လာပြီး ဖြစ်ခဲ့ကြောင်း အတူနေ ဆရာ ရေနံမြေဘဖေက ဆိုပါသည်။

## မောင်အောင်ဆန်း စာဖတ်နည်း

မောင်အောင်ဆန်းသည် စာဖတ်လျှင် များသောအားဖြင့် အသံဖွင့် ဖတ်သည်။ အသံဖွင့်ဖတ်သောအခါ အသံထွက်ကို ပိုမိုပီသစေပြီး မှားက ပြင်ပေးနိုင်ကြ၏။ 'စာမတတ် လမ်းမှာဖတ်'၊ 'ပြုပြင်ပါများက ပညာရ' ဖြစ်ရ၏။ မောင်အောင်ဆန်း စာဖတ်သည့်အခါ ပါးစပ်ကိုပါ မဲ့ကာ ရွဲ့ကာဖြင့် စိတ်ဝင်စားစွာ အသံနေ၊ အသံထား မှန်ကန်စွာ ဖတ်လေ့ရှိသည်။





## စာအုပ်ထဲမှ အချီအချ စကားပြောခန်း

(၁၉၃၂) ခုနှစ်၊ ရေနံချောင်းမြို့၊ အမျိုးသားကျောင်းမှာပင် မောင်အောင်ဆန်းသည် ဆယ်တန်း ရောက်လာ၏။ ထိုစဉ်ကျောင်းအုပ်ဆရာကြီး ဦးပုမှ ကိုယ်တိုင်သင် အင်္ဂလိပ်ဘာသာရပ်အချိန်တွင် Treasure Island ရတနာကျွန်း အမည်ရ စာအုပ်ထဲမှ အချီအချ စကားပြောခန်းများကို သူ့အပိုင်းနှင့်သူ ကျောင်းသားနှစ်ယောက်စီကို မတ်တတ်ရပ်စေကာ စာအုပ်ထဲကအတိုင်းပင် အပြန်အလှန် စကားပြောစေပါသည်။

ထိုအခါ မောင်အောင်ဆန်း နှင့် ကိုမော်သန်းတို့မှာ အတွဲဖြစ်လေသည်။ သူတို့နှစ်ယောက်တွဲ အပြန်အလှန်စာဖတ်ပုံအား ကျောင်းသားများသာမက ဆရာများကပါ ငေးကြည့်ရလေသည်။

ဤတွင် မောင်အောင်ဆန်းသည် စာအုပ်ဖတ်၍ပြောသော်လည်း မဖတ်သလို အလွတ်ပြောသလိုပြောဟန်ဖြင့် မိဘက သားသမီးကို ပြောသောနေရာတွင် မိဘလေသံဖြင့် ပါးစပ်ကို မဲ့ကာ ရွဲ့ကာ ဟန်ပန်တကျ အသံထွက်အသံအနေအထား အသံအနိမ့်အမြင့်ကစ စနစ်တကျ ပြောဆို၏။ မောင်အောင်ဆန်းသည် သူ့ကို ဝိုင်းကြည့်နေသည့် ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာများကိုပင် သူ့ကို မကြည့်သလို ပင်ကိုယ်ပြော ပြောနေရာမှ နောက်ဆုံးအချပိုဒ်မှ မောင်မော်သန်းဘက်သို့ ဟန်ပန်ဖြင့် ကြည့်ကာ ကြည့်ကာ . . .

"ငါ့သား . . . မင်းသိထားဖို့က ဒါတွေပဲကွဲ့" ဟူသော အပိုဒ်အရောက်မှာ ဆရာများ၊ ကျောင်းသူ ကျောင်းသားအားလုံး ပွဲကျသွားကြလေသည်။ ပွဲကျသွားရသည်မှာ မောင်အောင်ဆန်း က ကိုမော်သန်းကို ငါ့သားဟု တကယ်ခေါ်လိုက်သည့်ဟန်ပန်နှင့်၊ လေသံနှင့်၊ အမူအယာဖြင့် ငါ့သားဟု တကယ်ခေါ်သလိုဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် ဖြစ်လေသည်။

(ကိုမော်သန်း (ခေါ်) ဦးမော်သန်းမှာ တစ်ချိန်က ရေနံချောင်းမြို့ အစိုးရ အထက်တန်းကျောင်း ဆရာကြီး ဦးကြည်စိန်၏ ညီအရင်းဟု သိရ၏။ အင်းစိန် အင်ဂျင်နီယာကျောင်းမှ မြို့ပြအင်ဂျင်နီယာအောင်ပြီး ရေနံချောင်းမြို့တွင် အလုပ်ပြန်လုပ်သူ နောင် ကွယ်လွန်လေသည်။)

ရေနံချောင်းမြို့မှ အမျိုးသားအထက်တန်းကျောင်းအား (၁၉၂၁) ခုနှစ်မှ စတင်ထူထောင်ခဲ့ကြောင်း သိရပါ၏။ အင်္ဂလိပ်ခေတ် ကိုလိုနီပညာရေး စနစ်အောက်က 'ကရက်ဒေါက်စီမံကိန်း' ကို ကန့်ကွက်သည့်အနေဖြင့် ထိုခေတ် ရန်ကုန်တက္ကသိုလ်သပိတ်အပြန် ဒေသခံ တက္ကသိုလ်ကျောင်းသားများမှ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြသည့် ကျောင်းဖြစ်၏။ ထိုအချိန်က 'သပြေနုချိန်၊ ဖေ၊ ပု၊ ရှိန်' အဖွဲ့မှ ဦးထွန်းရှိန်၏ တပည့်များလည်း မြို့ခံများထဲမှာ ရှိကြသည့်အတွက် ကျောက်စာရုံသာသနာဗိမာန်ကြီးမှာ ကိုလိုနီပညာရေးကို သပိတ်မှောက်ရန် စခန်းဖွင့်ထားကြသည်။ ထိုစဉ်မှာရေနံမြေမှ ရေနံဝန် ဦးစီးသည့် အက်ဒွပ်ဘုရင် အထိမ်းအမှတ်ဗုဒ္ဓဘာသာ အင်္ဂလိပ်-မြန်မာ အလယ်တန်းကျောင်းမှာ ရှိပြီးဖြစ်နေသဖြင့် ၎င်းကျောင်းနှင့်အပြိုင် အမျိုးသား အထက်တန်းကျောင်းဖြစ်ပေါ်ရေး ကြိုးပမ်းကြရခြင်းအကြောင်းများ သိရပါသည်။

၎င်းကဲ့သို့ ဗြိတိသျှ ကိုလိုနီတို့၏ ကျွန်ပညာရေးစနစ်ကို တော်လှန်ထားသော ရေနံချောင်းမြို့က အမျိုးသားအထက်တန်းကျောင်းမှာ ရေခံ၊ မြေခံ၊ မသွေလှန်၊ အခြေခံကောင်းတဲ့ ရေနံချောင်းမြို့၊ သခင်၊ သခင်မတွေ ပေါ်တဲ့ ၎င်းမြို့၊ ၎င်းမြို့ ၎င်းကျောင်းကြီးမှာ အခြေခံကောင်းရလိုက်သည့် မောင်အောင်ဆန်း။





## ဆရာအခြေခံ မဟာမြေမှန်

ထိုစဉ်က ဖော်ပြပြီး ထိုကျောင်းအုပ်ဆရာကြီး ဦးပုဆိုသည် အိန္ဒိယပြည် ဘီအက်စ်နှင့် လန်ဒန်ဘီအက်စ်ဘွဲ့များ ရရှိခဲ့သည့် ပုဂ္ဂိုလ် ကျောင်းအုပ်ဆရာကြီးသာမက AME သတ္တု ပါရဂူဘွဲ့ရ တစ်ဦးပါဖြစ်လျက် ရသည့်လစာနှင့် မလောက်မငှ ဖြစ်ခဲ့ရသည့်တိုင် မျိုးချစ်စိတ်ဓာတ် ပြည့်ဝစွာဖြင့် မေတ္တာကြီးသူ ဆရာအရှင်တစ်ယောက်ဖြစ်ခဲ့သည်။ မောင်အောင်ဆန်းကို အတန်းပညာအထွေထွေသုတ၊ ကမ္ဘာ့စာ၊ မြန်မာ့စာများနဲ့တကွ ပညာအလင်းဓာတ်ရစေ၊ အမြင်ကျယ်စေသူမှာလည်း ဆရာကြီး ဦးပု၊ ပညာရည်ထူးချွန်ထက်မြက်စေတာလည်း ဆရာကြီး ဦးပု ဟူ၍ ထိုခေတ် ထိုဆရာများနှင့် ထိုကျောင်းတော်ကြီးမှ မောင်အောင်ဆန်းအား အချိုပေါ် သကာလောင်းပေးကာ ရေကောင်း၊ မြေကောင်း၊ မျိုးစေ့ကောင်း၊ အပင်ကောင်းတစ်ပင်ကို ကောင်းကောင်းကြီး မြေတောင်မြှောက်ပေး လိုက်သလို ဖြစ်ရလေသည်။

မြေတောင်ဘယ်လို မြှောက်မြှောက်၊ မြေသြဇာ အဘယ်မျှ များများ မျိုးစေ့မမှန်က ပင်မသန်က အကျိုးမရှိ၊ ယခုမူ မျိုးစေ့ကောင်း၊ မြေသြဇာကောင်း၊ မြေတောင်မြှောက်ကောင်း၊ အချိန်နှင့်အခါ ရာသီကောင်းကြီးမှာ ၎င်းရေနံချောင်းမြို့က အမျိုးသား အထက်တန်းကျောင်းမှ အခြေခံလိုက်ရခြင်း၏ အနေမှန်သည် လွတ်လပ်ရေးဗိသုကာ တိုင်းပြည်ခေါင်းဆောင်ကြီးအဖြစ် ကမ္ဘာကျော်အောင်အင်ဂျင်ကောင်း၊ ဆီအပြည့်၊ အရှိန်ပြင်းပြင်း၊ ခရီးနှင်ရနိုင်ရေးအတွက်ဂီယာကုန်၊ လီဘာကုန် မောင်းနှင်နိုင်ရန်ဖြစ်နေတော့သည်။

အင်္ဂလိပ်၏ နယ်ချဲ့စစ်ပွဲတွေ ပထမ၊ ဒုတိယ၊ တတိယပွဲများအကြောင်း၊ သီပေါမင်းနှင့် မိဖုရားပါတော်မူ၊ ဒူးကျွန်မခံ၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရားမထူး၊ မျိုးချစ်ပုဂ္ဂုလ်ကြီးအသီးသီးအကြောင်း၊ မောင်အောင်ဆန်းတို့၏ မျိုးရိုးဇာတိနွယ်များအကြောင်း၊ မောင်အောင်ဆန်းတို့၏ အဘိုး ဗိုလ်မင်းရောင်နှင့် အာဇာနည် မျိုးချစ်များအကြောင်း၊ ဗြိတိသျှ ကိုလိုနီစနစ်ဆိုး၏ လုပ်ရပ်၊ ကုပ်သွေးစုပ် အနိုင်ကျင့်၊ ဗိုလ်ကျမှုများကို မောင်အောင်ဆန်း ဤကျောင်း၊ ဤဆရာများနှင့် ဤရေခံမြေခံကောင်းများဆီမှ အခြေခံကောင်းများ ရရှိခဲ့ပုံများကို ဖတ်ရှုခဲ့ရသည်။

မောင်အောင်ဆန်း၏ ကျောင်းသားဘဝ စာပေမြတ်နိုးမှုနှင့် စာပြီးစာ၊ စာဆိုမှစာ၊ တစ်စာစာ ဖြစ်ခဲ့ခြင်းနှင့် သုတစာပေ၊ ကမ္ဘာ့စာပေများပါ ရရသမျှ ဝါးမြိုနိုင်ခြင်း၏ ကြိုးစားလုံ့လ ဝီရိယ ပင်ကိုယ်မူလ သဘာဝပင်ကိုယ်စရိုက်၊ မျိုးစေ့ကောင်း၊ အပင်ကောင်းဖြစ်ရပုံကို အတုယူဖွယ်ရာဖြစ်၏။ အကယ်၍ခေတ်ကာလအရ ဗြိတိသျှ နယ်ချဲ့တော်လှန်ရေးနှင့် မဆုံမကြုံသည့်တိုင် မောင်အောင်ဆန်းလို အချွန်အမွန် တစ်ဦးတစ်ယောက်သည် စာရေးဆရာအဖြစ်နှင့် ကျော်မည်လား။ အယ်ဒီတာသတင်းစာဆရာအဖြစ်ကျော်မည်လား။ တစ်နေရာရာမှာဖြင့် ကမ္ဘာကျော် ဂုရုတစ်ဦးဖြစ်လောက်အောင် စာတော်ခြင်းကို အတုခိုးရန်ကောင်းလှပုံကို ချီးကျူးခဲ့ကြသည်။

မြန်မာ့စာပေ ကျွမ်းကျင်နှံ့စပ်ပြီး ကမ္ဘာ့စာပေဖြင့် ကမ္ဘာကြီးကို လှမ်းကြည့်သိမြင်နိုင်အားဖြင့် အကြံထူး၊ ဉာဏ်ထူး၊ သတ္တိထူးတို့ဖြင့် ပွဲလမ်းအသီးသီးကို ဖြတ်ကျော်နိုင်လောက်အောင် ဘဝတန်ဆောင် အောင်လံစိုက်ထူနိုင်ခဲ့သည်။

မဇ္ဈိမစာပေတိုက်



## အကျင့်ကောင်း ဝါသနာ

ဝါသနာပါသော်လည်း အလေ့အကျင့်မရှိက မဖြစ်။ အကျင့်ကောင်းတိုင်း ဝါသနာမဖြစ်က ခရီးမရောက်။ မောင်အောင်ဆန်း၏ ဘဝနှင့်စာပေသည် တစ်ထပ်တည်း ဖြစ်နေလေသည်။ မောင်အောင်ဆန်းအတွက် ဘဝသည်စာ၊ စာသည် ဘဝ ဖြစ်ကြောင်း မောင်အောင်ဆန်းမှ ဗိုလ်ချုပ်အောင်ဆန်းအထိ စာများက ချီးမွမ်းဖော်ပြလောက်အောင် ဖြစ်ခဲ့လေသည်။

'ဗြိတိသျှတော်လှန်ရေး နယ်ချဲ့ဆန့်ကျင်ရေး' ဟူသော ဤခေတ်၊ ဤအခါကြီးတွင် တစ်ပြည်လုံးအနှံ့မှာ အမြစ်ခိုင်အောင် တောထပေါက်ရောက်နေသည့် ဤကိုလိုနီတောအုပ်ကြီးကို မြေလှန်ပစ်နိုင်ခြင်းမှာ သတ္တိတစ်ခုတည်း မရနိုင်။ မောင်အောင်ဆန်း၏ အဘိုး ဗိုလ်မင်းရောင်ခေတ်နှင့်အစဉ် နယ်ချဲ့ဆန့်ကျင်ခဲ့ ကြသည့် ပုဂ္ဂိုလ်များသည် ကျဆုံးခဲ့ကြပြီး ကျဆုံးခဲ့ရသလောက် ခရီးမရောက်ခဲ့ပုံကို ကမ္ဘာ့စာပေ မီးတိုင်စင်အလင်းအောက်က မြင်နိုင်သည်။ ဖြစ်ချင်တာတစ်ခုတည်း သူ မတွက်။ အဖြေမှန်ကိုရအောင် တွက်ချက်ပြီး ဖြစ်နိုင်လောက်သည့်အဖြေကို အကျင့်တူ၊ ဝါသနာတူ၊ သတ္တိတူများဖြင့် နောက်မဆုတ်တမ်း၊ မနစ်တမ်း ရှေ့တန်းက ခေါင်းဆောင်ကြိုးပမ်းမှ ဤ ဘဝတန်ဆောင် အောင်လံ စိုက်ထူနိုင်ခဲ့သည်။

နေရာတကာမှာ အတုခိုးယူရသည့် စရိုက် ဝါသနာမဟုတ်ပဲ မောင်အောင် ဆန်းသည် မိမိပင်ကိုယ်ဉာဏ်ဖြင့် ဝန်းကျင်ကို နေရာတကာ ငဲ့မကြည့်ပဲ ကိုယ့်အလုပ်ကိုယ်လုပ် ကိုယ့်လမ်းကိုယ်လျှောက် ဖြောင့်ဖြောင့်သွား အမြန်သွားစနစ်ဖြင့် ခရီးစံချိန်မီခဲ့လေသည်။

မဇ္ဈိမစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## စာဖတ်ခွဲကြီး

မောင်အောင်ဆန်းသည် စာဖတ်ပြီဟေ့ဆိုက ခြင်ကိုက်၊ ကြမ်းပိုးကိုက်ပင် အာရုံမရောက်အောင် ဖတ်အားကောင်းလှသည့်အပြင် စာတစ်အုပ်ကို ဖတ်မိက တစ်အုပ်လုံး ပြီးဆုံးသည်အထိ အဆက်မပြတ် ဖတ်တတ်သည်။ ဖတ်ပြီးသမျှ များစွာ မှတ်မိနေတတ်ကြောင်း ကျောင်းအတူနေ ဆရာရေနံမြေဘဖေမှ ပြောပါသည်။ မောင်အောင်ဆန်းသည် စာတော်သည်သာမက စာရေး ကောင်းသည်။ အထူးသဖြင့် အင်္ဂလိပ်စာ ရေးဖတ်ပြော သုံးမျိုးသော အရည်အချင်းပြည့် ကျောင်းသားဖြစ်ခဲ့သည်။

## ဝတ်စားဆင်ယင်မှု

မောင်အောင်ဆန်း ကျောင်းသားဘဝ အတန်းမြင့်လာလေ စာမြင့်လေ။ ဝတ်စားဆင်ယင်မှု အပါအဝင် အသက်အရွယ်အရပါ မြင့်၍မြင့်လျက် ခေတ်နှင့်အညီ တင့်တယ်အောင် ဝတ်ဆင်ကြရသည့် ကျောင်းသားလောကဘဝထဲကမှ သီးခြားရပ်တည်သလို ဖြစ်ကာ အဝတ်အစားကို ဖြစ်သလို ဝတ်၊ တော်သလိုဝတ်၊ မြင်ကောင်းမကောင်း သူ တွေးမှုမတွေး။ အဝတ်အစားနှင့်ပတ်သက်၍ မည်သူနှင့်မျှ နှိုင်းယှဉ်မနေ။ မကြည့်။ မသိသလို၊ ဖြစ်သလိုနေကာ စာမှစာ တစ်ခုတည်း အာရုံစူးစိုက်နေ ပေသည်။

ဘယ်သူတွေက ဘာပြောပြော စာမှစာ။ လှောင်ပြောင် ပြုံးရယ်လုပ်ကြဦးမလား။ စာမှစာ။ မခံချင်စိတ် အပထား၍ မခံချင်စိတ် ဖြစ်ရမှန်းပင် မသိ။ ဖြစ်သလို၊ တော်သလို ဝတ်ကာ ရောင့်ရဲ





နိုင်သူ ဖြစ်လေသည်။

အဝတ်အစား ဂုဏ်တု၊ ဂုဏ်ပြိုင်ခြင်း လုံးဝမရှိ။ ပကတိသဘာဝရိုးရိုးကြီး ဝတ်ဆင်ပြီး သူ့စာထဲ၊ သူ့ဘဝကိုနှစ်လျက် မြှုပ်နှံထားသလိုရှိနေခြင်းဖြင့် မောင်အောင်ဆန်းသည် စာအရာမှာ တော်ချင်တိုင်းတော် ဖြစ်နေပြီး နောက်ဆုံးတစ်နေ့ မြန်မာခေါင်းဆောင် ကမ္ဘာသိအောင် ကျော်ခဲ့လေသည်။

မောင်အောင်ဆန်းတို့နေခဲ့သည့် ကျောင်းတွေမှာကား များသောအားဖြင့် အင်္ဂလိပ်ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုနှင့် ဂုဏ်တု၊ ဂုဏ်ပြိုင်တွေ များခဲ့သော်လည်း တစ်စစအားဖြင့် ပင်နီအကျႌ၊ လုံချည်အနီရောင်ကို ကျောင်းသားသမဂ္ဂမှ သတ်မှတ်ပေးလိုက်သဖြင့် အမျိုးသားဝတ်စုံဝတ်ခြင်း ဖြစ်ပေါ်ခဲ့ရာအတိုင်း မောင်အောင်ဆန်းသည် ဤအမျိုးသားဝတ်စုံဝတ်ဖြင့် တက္ကသိုလ်ကောလိပ်အထိ အပြီးအပိုင် ဝတ်ဆင်သွားလေသည်။

အမျိုးသားကျောင်းမှ ကျောင်းသားကလေး မောင်အောင်ဆန်းမှာ ဤနည်းဖြင့် ပညာရည်ချွန် ဂုဏ်ထူးဆောင်ဖြစ်ခဲ့သည့်အပြင် မျိုးချစ်စိတ်ဓာတ်၊ ရာဇဝင်ဟောင်းကို ဖတ်ပြီး ရာဇဝင်သစ်ရေးမည့် စိတ်ဓာတ်၊ ကျောင်းသားစိတ်ဓာတ်၊ သခင်စိတ်ဓာတ်၊ နိုင်ငံရေးစိတ်ဓာတ်၊ စစ်သား စစ်ဗိုလ် စိတ်ဓာတ် စသဖြင့် ရောက်ရာဘဝ၊ ကျရာတာဝန်၊ ကျွန်ဘဝမှ လွတ်မြောက်ရေး ဘဝသစ်ထူထောင်ရေးများအထိ အစစမှာ ရွက်ကျပင်ပေါက်ကဲ့သို့ ပစ်တိုင်းထောင်ကဲ့သို့ ဘဝတက္ကသိုလ်ကျောင်းကြီးမှာပါ အပီအပြင် အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## စာအုပ်ကြီးသမား မဟုတ်

ရာဇဝင်ဟောင်းကို သင်ယူပြီး ရာဇဝင်သစ်ကို ထူထောင်နိုင်ရမည်ဆိုသော မောင်အောင်ဆန်းဘဝသည် သူပြောခဲ့သည့် ကျောင်းသားအဖြစ်မှ စကားသည်ပင် စာကိုများများဖတ်၊ ကျက်မှတ်သင်ယူ၊ ထိုစာကို အခြေခံယူရမည်။ ဝိဇ္ဇာ သိပ္ပံ၊ မြန်မာ၊ ကမ္ဘာတို့မှ စာစုံကို ဘယ်လောက်ပင် ဖတ်ဖတ်၊ ဤစာထဲမှာ အတွေးအမြင်၊ သုတပညာယူပြီး 'အကြံတူ နောက်လူ ကောင်းစတမ်း'၊ ရှေ့တစ်လှမ်း တိုးတက်အောင်၊ အမြဲကြံဆောင် ကြိုးစားနေသူ ဖြစ်လေသည်။

စာအုပ်ထဲက ဆားကိုဖတ်မိလျှင် အိုးထဲက ဆားကို မြင်ရမည်။ အိုးထဲကဆားကိုမြင်လျှင် ဈေးထဲကဆားဟု သိရမည်။ ဈေးထဲက ဆားကိုမြင်က ဆားချက်၊ ဆားလှမ်းနေရာထိ ထုတ်လုပ်ပုံကို သိရမည်။ မျိုးကောင်းမျိုးသန့် များများထုတ်လုပ်နိုင်ဖို့ထိ စဉ်းစားတွေးခေါ်ရမည်။ လက်တွေ့ကွင်းဆင်း အကြံထုတ်၊ ဉာဏ်ထုတ်ဖြင့် ခရီးသစ် ဆက်ရမည်ကို အစဉ်လေ့လာနေသူ ဖြစ်၏။

"အက္ခရာဆား၊ ဆလိမ်ဆားကို၊ လျက်ကြည့် မင်၊ ပုံသဏ္ဍာန်လို၊ အိုးထဲက ဆား၊ အဟုတ်ဆားကို လျက်ကြည့်မှ ငံ၊ အဟုတ်ငံသလို"

လက်တွေ့မျက်မြင် စားသုံးနိုင်၊ အသုံးချနိုင်ပြီး တိုးတက်ဆက်ပွား၊ လက်တွေ့ခရီးသွားရမည်ကို ကိုအောင်ဆန်း ငယ်ငယ်ကတည်းက အသိအမြင် ပေါက်ခဲ့သည်။ သို့ဖြစ်၍ -

"ပညာဆိုသည်မှာ စာအုပ်စာတမ်းတွေ ဖတ်၍ စာသိမှုကို ပညာဟု မခေါ်ပေ။ ပညာသည် အတိုင်းအဆ မရှိ။ ကျယ်ပြောနက်နဲပေသည်။ ကမ္ဘာ ရှိစာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို လောကပြင် ကျယ်တည်း ဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှ မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများ





ဖြစ်နေကြစေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် လူ၏ တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ" ဟူသော

ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်သည် ကျောင်းသားဘဝက စခဲ့သည်။ အယူအဆကို လေ့လာသင်ယူ၊ အတွေးအခေါ်အမြင် စင်ကြယ်အောင် စစ်ဆေး၊ မိမိ၏ ဘဝတက္ကသိုလ်မှာ လက်တွေ့နှင့်ပေါင်းစပ်၊ ကောင်းမြတ်သော လက်တွေ့အကျိုး၊ လောကအကျိုး၊ ကြီးမြတ်တိုးတက်စေရန် အရေးကြီးကြောင်းကို သိသာစေပါသည်။

'ပုရပိုဒ်ပေမှာရှိသောစာ ငါ့စာ မဟုတ်ဘူး' ဆိုသော အဆိုမှာ ငါ့စာဖြစ်စေချင်ရင် ငါ့စာဖြစ်စေရအောင် ငါကိုယ်တိုင် အရအမိ သင်ယူလေ့ကျက်ပြီး ငါကိုယ်တိုင် လက်တွေ့ကျင့်သုံး နိုင်ရမည်ဆိုမှ ငါ့စာ ဖြစ်ပါသည်။

စာတွေ ဘယ်လောက်ဖတ်ဖတ်၊ မှတ်မှတ် စာထဲက သဘောတရားနှင့် မိမိ၏ တီထွင်ကြံဆ နည်းလမ်းအရနှင့် လက်တွေ့ပွဲဝင်မှ ခရီးရောက်ပါသည်။

"ကျမ်းလျှောက်လို့ လမ်းမဆုံး၊ လမ်းပေါ် လက်တွေ့ လမ်းလျှောက်မှ လမ်းဆုံးမယ်' ဆိုသည့် ရှေးစကားအရ အမှန် ဖြစ်လေသည်။



www.burmeseclassic.com

## အကြောင်းအကျိုးကို သိမှ

ဗိုလ်ချုပ်အောင်ဆန်း ဖတ်ဖူးသော စာအုပ်တိုင်းကို လူတိုင်း ဖတ်ဖူးနိုင်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဖြစ်မလာနိုင်။ ဗိုလ်ချုပ်အောင်ဆန်း၏ လက်တွေ့နှင့်သဘောတရားများ၊ အလေ့အထ၊ အပြုအမူ၊ အကျင့်စရိုက်များနှင့် အတွေးအမြင်၊ ဆင်ခြင်ကျက်စားနိုင်သော ဉာဏ်ရည်ကို မမှီနိုင်ခြင်းကြောင့် ဖြစ်လေသည်။ လောကတွင် အမှောင်နှင့်အလင်း၊ အကောင်းနှင့်အဆိုး ဟူသော ဆန့်ကျင်သည့် စုံတွဲတွေထဲကမှ ကြောင်းကျိုးသိမြင် ပညာရှင်သည် ကောင်းရာကိုပင် စံချိန်တင်ပြီး ကောင်းကျိုးဖြစ်အင်များဖြင့်သာ ဘဝခရီး ဆုံးနိုင်ကြစေတော့သည်။

'ဘီအေပင် အောင်စေကာမူ၊ ပါရဂူဘွဲ့ကြီးပင် ရစေကာမူ၊ ပထမကျော်ကြီးပင် ဖြစ်စေကာမူ ပညာဆိုသော သဘော အဓိပ္ပါယ်ကို ကောင်းစွာ သုံးသပ်နားလည်ခြင်း မရှိခဲ့သော် တကယ် အရာမရောက် အသုံးမဝင်"

ဟု ဆိုမိန့်ပါသေး၏။ စာအုပ်နှင့် စာဖတ်သူသည် အပေးနှင့်အယူ ဖြစ်ပါသည်။ ဤစာအုပ်က ဘာတွေ ပေးသည်။ ဘယ်လောက်အထိ အတိမ်အနက် ခက်ဆစ် အဓိပ္ပါယ်ရောက်သည်ကို သိရပါမည်။ စာအုပ်က ပေးထားသလောက်မှ မိမိသည် ကိုယ်ဘယ်လောက်ရသနည်း။ ပေးတာက ပတ္တမြားဖြစ်လျက် ကိုယ်က ဓားသွေးကျောက်လို သဘောထားက ဓားသွေးကျောက်မျှ ဖြစ်မည်။ ဓားသွေးကျောက်မျှရပြီး ပတ္တမြားကဲ့သို့ တန်ဖိုးထား သိမ်းဆည်းမိလျှင်လည်း အကျိုးမဲ့၊ အချိန်ကုန်၊ လူပမ်းမျှ ဖြစ်ရချေမည်။





## ပညာ

ထို့ပြင် ပညာတတ်တိုင်း၊ ပညာရှိ မဖြစ်နိုင်။ အတွေ့အကြုံ တန်းစီအောင် များလှလည်း ပညာရှင် မဖြစ်နိုင်ကြ။ အဘယ်ကြောင့်ဆိုမူ ပညာဆိုသည်ကို မသိနိုင်ခြင်းကြောင့် စာနှင့်ပညာ မခွဲခြားခြင်းကြောင့် ဟု ဆိုပါမည်။ လက်နှိပ်ဓာတ်မီးကို ယူဆောင်သွားကြရာမှာ ထိုလက်နှိပ်ဓာတ်မီးမှ အလင်းဓာတ်အားအစွမ်း အရည်အချင်းကို အသုံးပြုရန်ဟု သိရမည်သာတည်း။ သို့သော် ဤအလင်းဓာတ်နှင့် အလင်းဓာတ်ကိုဆောင်သော လက်နှိပ်ဓာတ်မီးကိုယ်ထည်ကိုပါ သဘောပေါက် တန်ဖိုးထားတတ်ရမည်။ သို့ကမှ အလင်းဓာတ်ကို သုံးစွဲနိုင်မည်။

"ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်ကို ကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်ရပေမည်။ ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရန်မဟုတ်။ လူ၏ စိတ်နေ၊ စိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူထုဆန္ဒအားလုပ်အားကို ဒူးညွှတ်စေရမည်။ ရာဇဝင်သိရုံသာ မဟုတ်။ ရာဇဝင်ကို ဖန်တီးစေရမည်။ လောကဓာတ်ပညာကို တိုးချဲ့နိုင်ရမည်။ ပထဝီပညာကို သိရုံသာမဟုတ်။ မြေသစ်၊ ရေသစ်၊ တောတောင် သစ်တို့ကို ရှာဖွေစုံစမ်းနိုင်စွမ်းရှိစေရမည်။ လောကအကြောင်းကို နားလည်စေရုံသာမဟုတ်။ သည့်ထက်ကောင်းသော လောကသစ်ကို ဖန်ဆင်းနိုင်ရမည်" ဟု ဆိုသည်။

ဗိုလ်ချုပ်၏ အတွေးအရေး မြော်မြင်မှု အသိစွမ်းအားသည် ထိုစဉ်မှအစ ခေတ်မီရုံမျှမက ခေတ်ကိုကျော်လွှားပြီး ခေတ်မကုန်သော တွေးခေါ် မြော်မြင်ရေး ဖြစ်နေလေသည်။ ပညာ ဆိုသည်နှင့် ထိုပညာ၏ အတိမ်အနက်၊ အကျဉ်းအကျယ်၊ ရည်ရွယ်ချက်ကိုမျှသာ



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ သိရှိနားလည်နေရုံမျှမက တိုးတက်ဆင့်သွား အကျိုးများစေရမည်။ လူသားမျိုးဆက်တို့ တစ်ဆက်မှတစ်ဆက် အဆက်ဆက် ခေတ်မီနေရလျက် ဖွံ့ဖြိုးတိုးတက်ရေးကို လက်ဆင့်သွယ်တန်း ဆောင်ရွက်ကမ်းလှမ်းပေးကြရမည်။ (ကျမ်းကိုး။ ၁၉-၇-၆၇ ထုတ်၊ လုပ်သားပြည်သူ နေ့စဉ်သတင်းစာ၊ ရေနံမြေ ဘဖေ၊ စာ-၃)

## ပညာနှင့် သညာ

'ပညာသည် ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်ရမည့် ပညာတွင် သညာလည်း ပါသည်။ ဉာဏ်နှင့်လည်း ယှဉ်ရမည်။ ဉာဏ်ချည်းသာ တိုးတက်၍ သညာမရှိပါမူလည်း ဤမျှ ပိုမို ဆန်းကြယ် အပြောကျယ်သော ခေတ်သစ်အကြောင်းကို နားမလည်နိုင်ပေ။

ဤအဆိုအညွှန်းများသည် ပညာနှင့်သညာမှာ ဉာဏ်ပါ ပါမှ အရာရောက်မည်ဖြစ်ကြောင်း ညွှန်းထားသည်။ ဤတွင် စာအုပ်စာပေမှ ယူရမည့်အချက်၊ ပညာ၊ သညာ၊ ဉာဏ် သုံးချက် လက်ဖြင့် ယူရမည်ကို သတိမူမိသည်။ စာတွေ့နှင့် ငါတွေ့ ပေါင်းရမည်ဟု နားလည်မိသည်။

'မွေးကတည်းကသေသည်အထိ အယူဝါဒ အပြောင်းအလဲ မရှိသူသည် ပညာတတ်သူဟု မဆိုနိုင်ပေ။ လူတစ်ယောက်၏ သက်တမ်းတွင် အစပထမက သိမြင်လာသော စိတ်နေစိတ်ထား ဝါဒတို့သည် အမှန်ချည်းမဟုတ်။ ပြုပြင်ပြောင်းလဲရမည် သာတည်း'

ဟူ၍ တစ်ယူသန်၊ တစ်ဖက်စွဲ၊ လှေနံဓားထစ်၊ လူ့အဖြစ်၊





တရားသေ၊ ဝါဒသမားအဖြစ်များမှ အသက်အရွယ် အချိန်အခါ၊ အကြောင်းနှင့်အကျိုးကို ကောင်းစွာဆင်ခြင် မြော်မြင်လျက် မြင့်သည်ထက်မြင့်ရာသို့ မြင်သိလျှောက်လှမ်းရမည်တည်း။

www.burmeseclassic.com



## ☆ ☆ ☆ ☆ တတိယတန်းကျောင်းသား မောင်အောင်ဆန်း၏ လက်ရေးစာတစ်အုပ် ☆ ☆ ☆ ☆

လိမ္မာသောလူပြော - ဆိုးသော လူကလေးများသည် ငှက်များကိုပစ်ကြသည်၊ အလွန်မှားသည်၊ အလွန်ဆိုးသည်။

ဆိုးသောလူ ပြော - ဘာမှားသလဲကွ၊ ဘာဆိုးသလဲကွ ဟင်။

လိမ္မာသောလူပြော - ငှက်ပစ်တာ ဆိုးတယ်ကွေ့ (ကွ)။

ဆိုးသောလူ ပြော - ဒါဖြင့် မင်း ငှက်သား မစားဘူးလား။

လိမ္မာသောလူပြော - စားတယ်။

ဆိုးသောလူ ပြော - မင်း ငှက်သား မစားချင်ဘူးလား။

လိမ္မာသောလူပြော - စားချင်တယ်။

ဆိုးသောလူ ပြော - မင်း စားချင်ရဲ့သားနဲ့ ငှက်ပစ်တဲ့လူ မိုက်တယ်၊ ဆိုးတယ်လို့ ဘာလို့ ပြောရတုန်း။

လိမ္မာသောလူပြော - မင်း ငါက ပြောတာမှာ ဆိုးတယ် လို့ ပြောသည် မဟုတ်ဘူးလား။





ဆိုးသောလူ ပြော - အေး။

လိမ္မာသောလူပြော - မင်းတို့ ငှက်ပစ်လို့ မိုက်တာဆိုတာ ကမ္ဘာပေါ်မှာ အမိုက်ဆုံးပဲ။

ဆိုးသောလူ ပြော - နောက်မပြောနဲ့ကွာ။ မင်း စားချင်ရဲ့သားနဲ့ . . . မိုက်တယ်လို့ ဆိုတာကိုကွ။

မောင်အောင်ဆန်း တတိယတန်း ကျောင်းသားဘဝက အသုံးပြုခဲ့သော စာအုပ်ကလေးကို လှန်လိုက်သောအခါ . . .

Natmouk
U Thaubita High School
3rd Standard
Maung Aung San

ဟူ၍ အင်္ဂလိပ်လို ရေးထိုးထားသော လက်မှတ်ပါရှိသည်ကို တွေ့ရသည်။ စာအုပ်၏ အတွင်းတစ်နေရာတွင် 'လိမ္မာသောလူကလေးနှင့် မိုက်သောလူကလေးတို့ အပြန်အလှန်စကားပြောနေကြပုံကို ဖော်ပြပါအတိုင်း ရေးသားထားလေသည်။

ထိုအကြောင်းအရာပါ စာအား ရေးစဉ်က မောင်အောင်ဆန်းသည် အသက် (၁၀) နှစ်ကျော် (၁၁) နှစ်သာ ရှိလောက်ပါသည်။ အဘယ်ကြောင့်ဆိုသော် မောင်အောင်ဆန်းသည် အသက် (၈) နှစ်မှာ အတန်းကျောင်းစတက်လေရာ မောင်အောင်ဆန်း အသက် (၁၂) နှစ်သားမှာ (၄) တန်းရောက်ကြောင်းပါ သိရသည်။

၎င်း 'လိမ္မာသောလူနှင့် ဆိုးသောလူကလေး' စာကို ရေးစဉ်က တတိယတန်းကျောင်းသားဖြစ်ကြောင်းပါ လက်ရေးနှင့်တကွ ဖတ်ရှုလေ့လာထားကြောင်းပါ သိရသည်။ သို့ဖြစ်၍ (၁၁) နှစ်သားမှာ တတိယတန်းကျောင်းသားဖြစ်လျက် (၁၂) နှစ်သားတွင် (၄) တန်း



www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထတန်းကျောင်းသား ဖြစ်နေပါသည်။

ဤမျှအသက်အရွယ်နုငယ်သူ တတိယတန်းကျောင်းသားလေး မောင်အောင်ဆန်းတစ်ယောက်အနေဖြင့် ဤအတွေး ဤအရေးတို့သည် မောင်အောင်ဆန်းကို စာရေးဆရာတစ်ယောက်ဖြစ်လာစေရန် မြင့်မားသော အခြေခံဟု ဆိုနိုင်သည်။

စာ၏ ရည်ရွယ်ချက်မှာ ဘာသာရေးအရ ကုသိုလ်နှင့် အကုသိုလ်ကို ဆိုလိုနိုင်ကြောင်း တွေ့မြင်နိုင်သည်။ မောင်အောင်ဆန်း ကျောင်းစတက်ရသည့်ကျောင်းက ဦးသောဘိတ အထက်တန်းကျောင်း။ အသက် (၇) နှစ်မှာ အစ်ကိုများအား ရှင်ပြုရေးအတွက် မိဘများစီစဉ်နေချိန် 'ကျွန်တော်ပါ ရှင်ပြုချင်တယ်' ဟု တောင်းဆိုချိန် မိခင်ဒေါ်စုမှ 'မင်းစာမှ မတတ်သေးတာ ရှင်ဘယ်လိုပြုမှာလဲ' ဟု အပြောခံရသည်။

ဤသို့ ရှင်ပြုလိုခြင်းဆန္ဒနှင့် စာမတတ်သေးခြင်း၏အဖြစ်ကို မောင်အောင်ဆန်း အတော်ခံစားလိုက်ရသလိုရှိပြီး . . .

"ကိုင်း ဒီလိုဆို အခုပဲ ကျောင်းထားတော့"

ဟု ချက်ချင်းပူဆာ၍ အသက် (၇) နှစ်မှာ လက်ငင်းဘုန်းတော်ကြီးကျောင်း ထားလိုက်ရသည်။ အတတ်မြန်သည်။ အမှတ်မြဲသည်။ ဇွဲကောင်းသည်။ ဒါဆိုဒါမှဆိုသော စိုက်လိုက်မတ်မတ် အကျင့်သည် ကျောင်းသားဘဝ စာသင်တော့လည်း စာကိုစူးစူးစိုက်စိုက် လုပ်လေသည်။ 'သရဏဂုံ ဌာန်ကျေမှ၊ ရှင်ကျင့်ဝတ်တတ်မှ သင်္ကန်းနိုင်မှ' ဆိုသော အခြေအနေကို မောင်အောင်ဆန်း ထိုစဉ် ကြုံခဲ့ရသည်။

စာတတ်မှ ရှင်ပြုရမည်ဆိုသောကြောင့် စာလည်းတတ်ကရော . . 'စာတတ်ပြီ ရှင်ပြုပေးတော့' ဟု အကြောင်းပြချက်





ကောင်းစွာဖြင့် ပူဆာပြန်တော့ ဆရာဘုန်းတော်ကြီးနှင့်မိဘများကပါ ချင်းချက်အနေဖြင့် အသက်ငယ်သော်လည်း အတတ်အသိလျင်မြန်သော မောင်အောင်ဆန်းကို သာမဏေဘောင်သို့ သွတ်သွင်းချီးမြှင့်လိုက်ရပုံကို လေ့လာသိရှိရ၏။

သို့ဖြစ် (၈) နှစ်သားမှာမှ အတန်းပညာ စသင်ပြီး (၁၂) နှစ်သား၊ (၄) တန်း (စတုတ္ထတန်း) သို့ပင် သူ့ဉာဏ်၊ သူ့ပညာအရ တတ်နိုင်လောက်သော အခြေခံမှာ သာမဏေဘဝနှင့် မရောက်မီ ရှင်ကျင့်ဝတ် စသည့် (၇) နှစ်သားက သင်ကြားခဲ့ရသည့် သာမဏေ အခြေခံ နိဒါန်းကာလ ဘုန်းကြီးကျောင်းသားနှင့် သာမဏေဘဝကို အခြေခံဘာသာရေး အသိအမြင် အရင်းအနှီးပါ ရရှိခဲ့ကြောင်း ကြားသိခဲ့ရသည်။

ဤသည်တို့ကိုအကြောင်းပြု၍ တတိယတန်းကျောင်းသား မောင်အောင်ဆန်း၏ 'လူလိမ္မာနှင့် လူဆိုးကလေးတို့' အပြန်အလှန်စကားပြောဟန်၏ အဓိပ္ပါယ်ရည်ရွယ်ချက်မှာ 'ကုသိုလ်၊ အကုသိုလ်' အား စဉ်းစားခွဲခြား အတွေးအသိရှိသမျှနှင့် ရေးခဲ့သည်ဟု တွက်ဆနိုင်သည်။ သာမဏေဖြစ်ဖို့ ရှင်ကျင့်ဝတ်ကို လေ့လာလျှင် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နှင့် အကုသိုလ်၊ ဒုစရိုက်အမှု ရှောင်၊ ကုသိုလ်ကောင်းမှုဆောင် စသည်များကိုပါ တွေးယူနိုင်ပါသည်။

တတိယတန်းကျောင်းသားလေး မောင်အောင်ဆန်း ရေးခဲ့သည့် အဆိုပါ 'လူလိမ္မာနှင့်လူဆိုး' စကားဆိုခန်းမှာ ရိုးရှင်းပါသည်။ တစ်ပါးသူက သတ်ပေးရသော ငှက်သားကိုတော့ စားတဲ့သူကတော့ စားသည်။ စားပြီးသောအခါ သတ်ပေးရသည့်သူအား စားသည့်သူက လူဆိုးဟု ဆိုသည်။ လူလိမ္မာဟန်ဆောင်သည်။ လူချမ်းအတူများကြတာချင်း တူပါလျက် လူလိမ္မာ ဟန်ဆောင်တတ်သူများကို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်း သရော်ထားလေသည်။

သူစားရအောင် ကိုယ်ကငှက်ကို သတ်ပေးရသည်။ သူကလည်း စားသည်။ စားလိုသူအတွက် သတ်ပေးရသည့် အဖြစ်၊ စားသူက တစ်ဝက်၊ သတ်သူ တစ်ဝက်ဖြစ်သင့်သည်ဟု တွေးနိုင်သည်။ ယခုမူ စားသူက လူလိမ္မာ၊ သတ်သူက လူဆိုး၊ ဟူ၍ မောင်အောင်ဆန်း၏ အတွေးသည် ရိုးရှင်းဖြူစင်သည်။

မောင်အောင်ဆန်းသည် အခါများစွာ တစ်ယောက်တည်း ငေး၍၊ တွေး၍ နေတတ်သည်။ ဤအတွေးတို့သည် ဖော်ပြပါ အကြောင်းအချက်မျိုးကို အပြန်အလှန် အနုလုံ၊ ပဋိလုံ၊ တွေးနေတတ်ပုံရပါသည်။

မောင်အောင်ဆန်းသည် ရိုးရှင်းဖြူစင်လှပါသည်။ အခေါက်၊ အပွေး၊ အကာ အထူကြီးကို မကြည့်။ အနှစ်အသားကို အမြဲ ဖောက်ကြည့်တတ်၏။ မသိရင် မသိဘူး။ သိရင် သိတယ်။ မရှိရင် မရှိဘူး။ ရှိရင် ရှိတယ်။ အမှန်ကို လိုရင်းတိုကျဉ်း တွက်ချက် ကြည့်မြင်သည်။ ချက်ချင်းတွေး၊ လက်ငင်းပြော၊ လက်ငင်း ရှင်းတတ်သည်။ ပုဂ္ဂိုလ်ငယ်ကြီး အသီးသီး မရွေး၊ အချိန်ကာလမဆွဲမဆိုင်း၊ တွေးသလို ပြော၍၊ ပြောသလို လုပ်သည်။ ဤအကျင့်စရိုက်တို့ဖြင့် အကောင်းကို ရွေး၊ အမှန်ဇောင်းပေး ကြိုးစားချက်ဖြင့် အများထက် ထူးချွန်ထက်မြက်သူ ဖြစ်လာရကြောင်း လေ့လာသုံးသပ် ဆုံးဖြတ် ချီးမွမ်းကြလေသည်။

မောင်အောင်ဆန်း၏ 'လူလိမ္မာ၊ လူဆိုး' အခြေအတင် စကားပြောဟန်သည် သာမန်တွက်၍ မဆန်းဟု ထင်ရလောက်သော်လည်း သာမန်လိုမဟုတ် အသက်အရွယ်၊ အတန်းနှင့်မမျှသော အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို ကြောင်းကျိုးပြစာ





အား ဤအသက်အရွယ်မျှနှင့် ရေးခဲ့သည်မှ အသက်အရွယ် တစ်စစ ကြီးလာလျက် အတန်းပညာနှင့် စာဖတ်အား၊ မှတ်အား၊ အတွေးအမြင်အားများပါ မြင့်၍ မြင့်၍လာသည်အထိ အခြေခံ အတွေးများနှင့် ကြောင်းကျိုးများသည် တစ်ဆက်တည်း ကွင်းဆက်အရှင် ဖြစ်နေလေသည်။

သူများ ငှက်သတ်ပေးတာကို ကိုယ်က အားရပါးရ စားလို့ ဝပြီးသောအခါ ငှက်သတ်ပေးရ ကျွေးရသူကို လူဆိုးဟု ဆိုသော မောင်အောင်ဆန်း၏ အတွေး၊ လူလိမ္မာ ဟန်ဆောင်တတ်သော ဟန်ဆောင်ခြင်းလောကကို မောင်အောင်ဆန်း အလွန်မုန်းတီးသည်။ ထိုတတိယတန်းကျောင်းသား ဘဝငယ် နုနုငယ်ငယ်လေးဘဝ စာမှန်း ပေမှန်းသိစမှ ဘဝတစ်လျှောက်လုံး ဤကြောင့်ကျိုးဆက် အတွေးမှာ အစဉ်ပါသွားလေသည်။

## တောက်မည့် မီးခဲနှင့် တောက်သည့် မီးခဲ

မောင်အောင်ဆန်းဘဝမှ ဗိုလ်ချုပ်အောင်ဆန်းအထိ အစဉ်အလိုလို တောက်သွားလေသည်။ တောက်မည့်မီးခဲ မဟုတ်။တောက်သည့် မီးခဲ ဖြစ်လေသည်။ (၃) နှစ်သားအရွယ်ကတည်းက အမှားကို အမှားသိလျက် အမှန်ကို အမှန်အတိုင်းသိ၊ ကြောင်းကျိုးသိ ဖြစ်ခဲ့လျက် မိခင်ဒေါ်စု၏ ရောင်းရေးဝယ်ရာမှာပင် မသိကျိုးနွံ၊ အမှတ်တမဲ့ မနေ။ အမှန်ကို အမှန်အတိုင်း ဝင်၍ပြောတတ်သည်။ မိခင်က ပေါင်တွင်းကြောလိမ်လိုက်လျှင်လည်း အပြောမလျှော့။ အားနာခြင်း၊ အချိန်ကာလကြည့်ခြင်း၊ အသက်အရွယ်ရွေးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



နေရာရွေးခြင်းစသည် ကာလဒေသ ပယောဂဆိုတာတွေကို မောင်အောင်ဆန်း (၃) နှစ်သားကာလစပြီး အမှန်တရားနှင့် လဲလှယ်ခဲ့ပြီး ဖြစ်လေသည်။

မောင်အောင်ဆန်း ကလေးဘဝကတည်းက ဤသို့ အသိအမြင်နှင့် အခြေခံဖြူဖြောင့်လျက် တောင့်တင်းခိုင်မာမှု စိတ်ဓာတ်သည် လူမှန်းသိစ (၃) နှစ်သားမှ တောက်လာသည့် မီးတောက်ဖြစ်ပေသည်။ ဤအရွယ်ကလေးက အတွေးအမြင် သတ္တိတို့သည် ကြီးသည်ထိ တစ်စစပိုလင်းလာသော မီးတောက်သာ ဖြစ်လေသည်။ မီးတောက်ကလေးနှင့် မီးတောက်ကြီးသာ ကွာလေသည်။

မောင်အောင်ဆန်းသည် ဖော်ပြပါ လူလိမ္မာနှင့်လူဆိုးကလေးတို့ စကားပြောခန်း လက်ရေးစာမူပါ စာအား ဤစာအုပ်မှ ပထမစာမျက်နှာ၏ လက်ျာဘက် အပေါ်ထောင့်စွန်းပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့် လက်မှတ်ရေးထိုးထားပြီး နေ့စွဲအား ၂၃. ၁၁. ၂၄ ဟု ဖော်ပြထားကြောင်း သိရပါသည်။

"အဲဒီစာအုပ်ဟာ မောင်အောင်ဆန်း တတိယတန်းကျောင်းသားဘဝက ကိုင်ခဲ့တဲ့ စာအုပ် မှန်ပါတယ်' ဟု ဆရာကြီး ဦးရွှေထိုက်က စိစစ်ထောက်ခံပြောပြသည်။

"မောင်အောင်ဆန်း တတိယတန်းကျောင်းသားဘဝက ကိုင်ခဲ့သော စာအုပ်ကလေး။ လူနှစ်ယောက် စကားပြောဟန် ရေးသားထားသော စာတန်းမညီ ကလေးဘဝ လက်ရေးတို့ဖြင့် မူရင်းစာမူ" တို့ကို တွေ့နိုင်သည်။

မောင်အောင်ဆန်း တတိယတန်းကျောင်းသားဘဝက ကျောင်းနေဖက် ကစားဖော် သူငယ်ချင်းများမှအစ ဓာတ်ပုံနှင့် ဖော်ပြထားသည်ကို ပြန်လည်ဆန်းသစ်ထားပါသည်။







"ဒီစာအုပ်ဟာ မောင်အောင်ဆန်း တတိယတန်း ကျောင်းသားဘဝက ကိုင်ခဲ့တဲ့ စာအုပ်မှန်ပါတယ်" ဟု ဆရာကြီး ဦးရွှေထိုက်က ထောက်ခံပြောပြသည်။

မောင်အောင်ဆန်း၏ ထိုစဉ်ကာလ တတိယတန်း ကျောင်းသားဘဝ စိတ်ဓာတ်နှင့်အတွေးအမြင် အယူအဆကို တွေ့နိုင်သည်။ မောင်အောင်ဆန်းဘဝမှ ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသည့် ကာလတစ်လျှောက် စိတ်ဓာတ်ကွေ့ကောက်သည် မရှိ။ ဟန်ဆောင်မှုနှင့် ပကာသန လိမ်းခြယ်မှုအပြင်၊ အပြင် ရွှေမှုန်ကျဲ အထဲ နောက်ချေးခံ မဖြစ်။ မှန်ရာကို မထောက်မညှာ၊ ဒဲ့ဒိုး။ ဒဲ့ (အတည့်) တုတ်ထိုးအိုးပေါက်၊ တစ်ချက်လွှတ် ဒေါက်ခနဲ ပွင့်လင်းစွာ ပြောဆိုလေ့ရှိခြင်းအပေါ် ဘုဘောက်ကျသည်ဟု ဆိုသော်လည်း မောင်အောင်ဆန်းသည် ပွင့်လင်းရိုးရှင်းသည့် အဖြူထည်အတိုင်း ပြောခြင်းသည်း။



www.burmeseclassic.com


www.burmeseclassic.com



## တတိယတန်းကျောင်းသား မောင်အောင်ဆန်း၏ ထို့စာအုပ်

ဤခေါင်းစဉ်ပါ အကြောင်းအရာအား တစ်ချိန်က လမ်းစဉ် သတင်းတွင် ဖော်ပြပြီးလည်း ဖြစ်ပါသည်။ မူရင်းဆောင်းပါးရှင်မှာ တက္ကသိုလ် မောင်မြင့်သိန်းဖြစ်၏။ ဓာတ်ပုံ ချစ်စိန်ဟု ဖတ်ရှုသိရှိရပါသည်။

ဤဆောင်းပါးရှင် ဆရာတက္ကသိုလ်မောင်မြင့်သိန်းသည် ဤဆောင်းပါးကို ရေးနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ဇာတိဖြစ်သော


4th Standard

ဗိုလ်ချုပ်အောင်ဆန်း တတိတန်းကျောင်းသားဘဝက ကိုင်ခဲ့သော စာအုပ်ကလေးထဲတွင် လူနှစ်ယောက် စကားပြောနေဟန် ရေးသားထားသော စာကြောင်းကလေးများကို ဤသို့ တွေ့ရသည်။





နတ်မောက်မြို့သို့ အရောက်သွားသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းကို ကိုယ်တိုင် ကြိုးစားအားထုတ်လျက် ဗိုလ်ချုပ်အောင်ဆန်း၏ လက်ကျန်ဆွေမျိုးသားချင်း အရင်းအချာများ၊ ဆရာများနှင့် အပြည့်စုံဆုံး ရှာဖွေတွေ့ရှိလျက် စာရေးသူ တစ်ယောက် (ဝါ) သတင်းစာဆရာ၊ စာရေးဆရာကောင်းတစ်ဦး၏ မွန်မြတ်သော စိတ်ဖြင့် ကိုယ်တိုင် လေ့လာမေးမြန်း ရေးသားထားကြောင်း တွေ့ရသည်။

ဤစာခေါင်းစဉ်ပါ ဗိုလ်ချုပ်အောင်ဆန်း၏ စာအုပ်တစ်အုပ်ကို ဆရာတက္ကသိုလ်မောင်မြင့်သိန်းကိုယ်တိုင် လက်ဝယ်ကိုင်၊ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ ထို့ပြင် နတ်မောက်မြို့မှ ဆရာကြီးဦးရွှေထိုက်ကဲ့သို့ ဆရာကြီးများက ဗိုလ်ချုပ်အောင်ဆန်း၏ မောင်အောင်ဆန်း ကလေးဘဝ လက်ရေးစာများနှင့် တိုက်ဆိုင်လေ့လာခြင်း၊ မောင်အောင်ဆန်းကလေး (၃) တန်းက ကိုင်ခဲ့သော ဤစာအုပ်ကလေးကို ဗိုလ်ချုပ်အောင်ဆန်း၏အစ်မတစ်ဝမ်းကွဲတော်စပ်သူ ဒေါ်အေးရင်ထံမှ တွေ့ရှိရပုံတို့ကို တိတိကျကျ မှတ်တမ်းဓာတ်ပုံနှင့်တကွ တင်ပြထားပါသည်။

ဤဖော်ပြပါ 'လိမ္မာသောလူနှင့်ဆိုးသောလူ' တို့စကားအခြေအတင်ပြောဆိုခန်းကို မူရင်းအတိုင်း တင်ပြလျက် မူရင်းလက်ရေးနှင့်ပါဖော်ပြထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အစ်မဝမ်းကွဲ ဖြစ်သော ဒေါ်အေးရင်က "ဒီစာအုပ်ကလေးဟာ မောင်အောင်ဆန်း တတိယတန်းကျောင်းသားတုန်းက သုံးခဲ့တဲ့စာအုပ်လေးပဲ။ လမ်းစဉ်ပါတီဌာနချုပ်မှာ မော်ကွန်းဝင်စာအုပ်တစ်အုပ်အနေနဲ့ သိမ်ဆည်းထားပါ" လို့ မှာကြားပြီး ဤစာအုပ်ကို တင်ပြလာပြီး "ဒီစာအုပ်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ်က မူလတန်းပညာ သင်ကြားခဲ့သော
ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဆရာ ဆရာတော် ဦးသောဘိတ၏ ပုံတော်



BURMESE CLASSIC .com



အမြတ်တနိုးသိမ်းဆည်းထားပြီး မည်သူ့ကိုမျှ မပြရက်၊ မပေးရက်ပဲ လုံခြုံစွာထားတဲ့ စာအုပ်ဖြစ်ကြောင်း” ပါ ပြောလေသည်။

ဆရာ တစ္ဆာသိုလ်မောင်မြင့်သိန်းက ဤစာအုပ်ကို အသေအချာလေ့လာပြီး စာအုပ်ကလေး၏အမည်မှာ 'နယူးရီဒါ ပတ်တူးကီး အမိပ္ပါယ် စာအုပ်' ဟူ၍ ဖြစ်သည်။ (၁၉၂၃) ခုနှစ်တွင် မော်လမြိုင်မြို့၊ ဘမြ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ အဖိုးယှစ်ပဲဟု အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားသည်။ ဒေါ်အေးရင်သည် ကျွန်တော် နတ်မောက်မြို့သို့ ရောက်နေစဉ် ဤစာအုပ်ကလေးကို ပေးအပ်ခြင်း ဖြစ်၏။ ဤစာအုပ်ကလေးကို ကျွန်တော်သည် ဒေါ်အေးရင်၏ နေအိမ်တွင် လက်ခံရယူခဲ့လေသည်။ ဤစာအုပ်ကလေးမှာ ဗိုလ်ချုပ်အောင်ဆန်း တတိယတန်းကျောင်းသားဘဝက အသုံးပြုခဲ့သော စာအုပ်ကလေး ဖြစ်သည်။ စာအုပ်ကလေးကို လှန်လိုက်သောအခါ -

Natmouk
U Thaubita High School
3rd Standard
Maung Aung San

ဟု အင်္ဂလိပ်လို ရေးထိုးထားသော လက်မှတ်ကို တွေ့ရသည်။ စာအုပ်၏အတွင်းတစ်နေရာတွင် လိမ္မာသောလူနှင့်ဆိုးသော လူကလေးများ စကားပြောနေဟန် ရေးသားထားသော အထက်ဖော်ပြပါ စာကြောင်းကလေးများကို တွေ့ရသည်။

အမှန်အားဖြင့် ထိုစာကြောင်းကလေးများကို ရေးသားစဉ်က မောင်အောင်ဆန်းကလေးသည် ဤမျှ ငယ်ရွယ်နုနယ်သော အသက်အရွယ်ဖြင့် လေးနက်သော အတွေးအမြင်၊ အယူအဆများ ပါဝင်သည့် အကြောင်းအရာများကို တွေးတတ်၊ ရေးတတ်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဖွယ်ပင် ကောင်းလှတော့သည်ဟု စာရေးသူက ဂုဏ်ပြုထားလေသည်။

အထက်ပါ စာကြောင်းကလေးများတွင် မောင်အောင်ဆန်းကလေးသည် သူတစ်ပါးက သတ်ပေးရသောငှက်သားကို စားပြီးလူလိမ္မာဟန်ဆောင်နေတတ်သူများ၊ သူစားရအောင် ငှက်သတ်ပေးရသူကိုပင် လူဆိုးများဟု ပြန်လှန်ပြစ်တင် စွပ်စွဲတတ်သူများအားသရော်ထားသည်ကို တွေ့ရသည်။

ဗိုလ်ချုပ်၏ ငယ်စဉ်က အတွေးအခေါ် အယူအဆများသည် ကြီးပြင်းလာသည့်တိုင် အမြစ်တွယ်ခဲ့သည်။ ပို၍ပင် ရှင်သန်ထက်မြက်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ သက်တမ်းတစ်လျှောက်လုံးတွင် ဟန်ဆောင်မှု ပကာသနဆန်မှုမျိုးကို အမြဲတစေ ဆန့်ကျင်ခဲ့သည်ကို ကျွန်တော်တို့ တွေ့ရှိခဲ့ကြရ၏။ ဗိုလ်ချုပ်သည် မှန်ရာကို မထောက်မညှာ၊ ဒိုးခနဲ၊ ဒေါက်ခနဲ ပွင့်ပွင့်လင်းလင်းပြောဆိုတတ်သဖြင့် သူ့ကို နားမလည်သူများက ဘုကျသည်။ ဘောက်ကျသည်ဟု အထင်လွဲတတ်ကြသည်။ အမှန်စင်စစ် ဗိုလ်ချုပ်အောင်ဆန်းသည် ဟန်ဆောင်မှုမပါပဲ ရိုးရိုးသားသား၊ ပွင့်ပွင့်လင်းလင်း၊ ရှင်းရှင်း လုပ်တတ်၊ ကိုင်တတ်၊ ပြောဆိုတတ်ခြင်း ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကာလကလေးဘဝမောင်အောင်ဆန်းဘဝကတည်းက စကားအရာမှာသာ မဟုတ်။ သူ့အသက်၊ သူ့အရွယ်လေးနှင့်မမျှသော အတွေးနှင့်အရေးအသားကိုပါ စူးရှထက်မြက်ပုံအား တွေ့မြင်နိုင်ပါသည်။ အသိအမြင်အားအောင့်မထား ရိုးသားပွင့်လင်းစွာ ဆိုတတ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း တတိယတန်းကျောင်းသားဘဝက





ကျောင်းနေဖက် ကစားဖော်သူငယ်ချင်းများနှင့် အသက်အကြီး၊ အငယ် လွန်စွာမကွာလောက်ပေ။ သက်ရှိဘဝတွင် မရှိနိုင်တော့များသော်လည်း မှတ်တမ်းအရ ပြန်လည်ဆန်းသစ်ဖော်ပြအပ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အစ်မတစ်ဝမ်းကွဲ ဒေါ်အေးရင်၏ သိမ်းဆည်းကျေးဇူးကြောင့် ဤသမိုင်းဝင် အကြောင်းအရာ တစ်ခုအား ဆရာတက္ကသိုလ် မောင်မြင့်သိန်းနှင့် ဆရာမာတ်ပုံ ချစ်စိန်၏ကြိုးပမ်းလုံ့လ ဝီရိယ သဒ္ဒါဆန္ဒကိုပါ အမှတ်တရ ပြန်လည်ဆန်းသစ်ဖော်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဦးဘိုးကံ ဦးထွန်းသ ဦးထွန်းစိန် ဦးညာ


ဦးအေးမောင် ဦးသာလင်း ဆရာကြီး ဦးရွှေထိုက် ဦးဟန်သ

ဗိုလ်ချုပ်အောင်ဆန်း တတိယတန်း ကျောင်းသားဘဝက ကျောင်းနေဖက် ကစားဖော် သူငယ်ချင်းများ





ဗိုလ်ချုပ်အောင်ဆန်း တတိယတန်း ကျောင်းသားဘဝက ကျောင်းသုံးစာအုပ်အဖုံး၏ အတွင်းဘက်တွင် အင်္ဂလိပ်လို ရေးသားထားသော အမည်၊ အတန်းနှင့် ကျောင်းအမည်




"ဒီစာအုပ်ဟာ မောင်အောင်ဆန်း တတိယတန်း ကျောင်းသားဘဝက ကိုင်ခဲ့တဲ့ စာအုပ်ပေါ့" အမတစ်ဝမ်းကွဲ ဒေါ်အေးရင်က ရှင်းပြသည်။

## ဟန်ဆောင်မှုများ မလို့လား

ဗိုလ်ချုပ်အောင်ဆန်းဟု ဖြစ်လာသောဘဝမှာလည်း ဤသို့ ဟန်ဆောင်မှုမျိုးဟု ယူဆရပုံမျိုးကို မကြာခဏ ရင်ဆိုင်တွေ့ကြုံ ရပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ တွေ့ကြုံရင်ဆိုင်ရသမျှ



www.burmeseclassic.com

www.burmeseclassic.com



သော ဤလိုဟန်ပြလုပ်ငန်းလုပ်တတ်သူများကို မညှာမတာ ရက်ရက်စက်စက် ပစ်ပစ်ခါခါ ရှုတ်ချ ပြစ်တင်ခဲ့လေသည်။ မနှစ်က ပါလီမန်ရွေးကောက်ပွဲများတွင် လူထု ထံမှ မဲရအောင် ဟန်ပြအလုပ်များ၊ အယောင်ဆောင်လုပ်ငန်းများ၊ ဟန်ဆောင်အပြောများကို လုပ်ကြ၊ ကိုင်ကြ ပြောဆိုတတ်ကြသူများ ကိုလည်း ဝေဖန်ရှုတ်ချခဲ့သည်။

(၁၉၄၆)ခုနှစ်တုန်းက ဖြစ်ရပါ၏။ ဗိုလ်ချုပ်အောင်ဆန်း မေမြို့သို့ ခရီးထွက်ခဲ့ရာ မေမြို့ရှိ အထက်တန်းလွှာ ပုဂ္ဂိုလ်ကြီးများက ဗိုလ်ချုပ်ကို ဂုဏ်ပြုဧည့်ခံပွဲတစ်ရပ် ကျင်းပကာ ဩဘာစာ ဖတ်ကြားခဲ့၏။ ထိုအခါ ဗိုလ်ချုပ်က ကနေ့တော့ ဗောက်တရား ဟောရမှာပဲ ဟု စကားအစချီပြီးလျှင် . . .

"ဝန်ကြီးတစ်ယောက် လာလျှင် ဝိုင်းပြီးဧည့်ခံကျွေးမွေးလိုက်ကြတာ။ ဒီဝန်ကြီးထံကပ်ပြီး နှုးလိုက်၊ နှပ်လိုက်ကြ၊ ကိုယ်ကျိုးရှိရာကို ဆွယ်လိုက်ကြတယ်။ ရှေးခေတ်ဝန်ကြီးများကိုသာ လုပ်လို့ရမယ်။ ကျွန်တော့်ကိုတော့ လုပ်လို့မရဘူး။ ရှင်းရှင်းပဲ"

ဟု အမှန်ကို ဗွင်းဗွင်းကြီး ပြောချလိုက်ရာ ပြည်သူလူထုကြီးတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ချီးကျူးခဲ့ကြလေသည်။


ဤလုပ်ရပ်များအား ဗိုလ်ချုပ်ဖြစ်မှ အမျိုးသားခေါင်းဆောင်ကြီးဖြစ်မှ ကျင့်သုံးသော လုပ်ရပ်များမဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ကတည်းက အစဉ်တစိုက် ကျင့်သုံးလာခဲ့သော ဗီဇ အလေ့အကျင့်များပင် ဖြစ်ပေသည်။ ထိုအတွေးအခေါ်၊ အယူအဆ၊ အလေ့အကျင့်များကို ဗိုလ်ချုပ်ငယ်စဉ်က အသုံးပြုခဲ့သော နယူးရီဒါ ပတ်တူးကီး အမိပွါယ်စာအုပ်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးခြစ်ထားခဲ့သော အရေးအသားများက အထင်အရှား သက်သေပြလျက်ရှိပေသည်။





ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်း၏အစ်မကြီး ဒေါ်အေးရင်က ပေးသော ယင်းစာအုပ်ကိုယူလိုက်ပြီး တရိုတသေဖြင့် စာရွက်ကလေးများကို တစ်ရွက်ချင်း၊ တစ်ရွက်ချင်း၊ ဖြည်းညှင်းစွာ လှန်လှောကြည့်နေမိပါသည်။

ဤစာအုပ်ကလေးထဲတွင် ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်က




စာအုပ်ကလေး၏ စာမျက်နှာတိုင်းလိုလိုတွင် မိမိနာမည်ကို ဤသို့ အမျိုးမျိုး ရေးထိုး၍

ကိုယ်တိုင်ရေးသားခဲ့သော လက်ရာကလေးများ၊ လက်မှတ်ထိုးထားသည့် နာမည် လက်မှတ်များ၊ သူ့ဖခင်၏အမည်နှင့် အလုပ်အကိုင်များကို နေရာအနှံ့အပြားတွင် တွေ့မြင်ရပါသည်။ ယင်းစာအုပ်နှင့် ရေးသားချက်များမှာ ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်က ရေးသားခဲ့

www.burmeseclassic.com



သော လက်ရာများဖြစ်ကြောင်းကို ဗိုလ်ချုပ်အောင်ဆန်း၏အစ်မ ဒေါ်အေးရင်သာမက ဗိုလ်ချုပ်ငယ်စဉ်က ပညာသင်ကြားခဲ့သော ဦးသောဘိကျောင်းမှ ဆရာတစ်ဦးဖြစ်ခဲ့သော ဆရာကြီးဦးရွှေထိုက်ကလည်း အမှတ်တရ ပြောဆိုထောက်ခံပါသည်။

စာအုပ် ပထမမျက်နှာ၏ လက်ယာဘက်အပေါ်ထောင့်စွန်းပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့် မောင်အောင်ဆန်းဟု လက်မှတ်ရေးထိုးထားပြီး ၂၃-၁၁-၂၄ ဟု ရက်စွဲ ဖော်ပြရေးသားထားခြင်းကို ထောက်ရှုခြင်းအားဖြင့် ထိုစာအုပ်ကလေးမှာ (ထိုစဉ်က) သက်တမ်း (၄၅) နှစ် ရှိနေပြီဖြစ်ကြောင်း ပေါ်လွင်ပါသည်။ အတွင်းစာရွက်များမှာ ဝါကျန့်ကျန့်အရောင် သမ်းစပြုနေကြပေပြီ။ သို့ရာတွင် သိမ်းဆည်းထားသူက စာရွက်ထူထူဖြင့် ဖုံးအုပ်ထားသဖြင့် အလွန်အမင်း ဟောင်းသည်ဟု မဆိုနိုင်ပါချေ။

ဗိုလ်ချုပ်အောင်ဆန်းသည် စာပေအရေးအသားတွင် ဝါသနာထုံသည်။ ထက်ထက်မြက်မြက်၊ ပိုင်ပိုင်နိုင်နိုင်လည်း ရှိသည်။ သူသည် အရွယ်နှင့်မလိုက်အောင် ပြောင်မြောက်သောစာပေတွေ ရေးသားခဲ့၏။ တောက်ပြောင်သောမေးခွန်းများကို ပြောဆိုခဲ့၏။ ပြည်သူများသည် သူရေးသော စာများ၊ သူပြောသော မိန့်ခွန်းများကို ဖတ်ကြရတိုင်း၊ နားထောင်ရတိုင်း စိတ်အားတက်ကြွမှုများ ဖြစ်ခဲ့ကြရ၏။ သူရေးခဲ့သောစာများ၊ သူ ပြောခဲ့သောစကားများကား သူ မရှိတော့သည့်နောက် နှစ်ပေါင်းကြာမြင့်ခဲ့သည့်တိုင် ရှင်သန်လျက်ရှိ၏။ ခေတ်မီလျက် ရှိသေး၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝကပင် စာပေတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့၏။ ရန်ကုန်တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့၏။





ထိုစဉ်က ပြည်သူ့ဘက်က ရပ်တည်ခဲ့သော ဗမာ့အမျိုးသားပိုင် နယူးဘားမား အင်္ဂလိပ်သတင်းစာတွင်လည်း အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် အခြားအင်္ဂလိပ်မြန်မာ စာနယ်ဇင်းမျိုးစုံတွင်လည်း ဆောင်းပါးအမျိုးမျိုး ရေးသားခဲ့လေသည်။

ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ်က အသုံးပြုခဲ့သော အနီစာအုပ်ကလေးကို လေ့လာကြည့်ရင်း ဗိုလ်ချုပ်အောင်ဆန်း၏ စံနမူနာတင်လောက်သော ရိုးသားမှု၊ ကြိုးစားမှု၊ ထက်ထက်မြက်မြက်ရှိမှု၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ စစ်ရေးအဖက်ဖက်တွင် ထူးချွန်မှု၊ ခေါင်းဆောင်ပီသမှုများကို တသိတတန်းကြီး တွေးတောနေမိပါသည်။

အတွေးရေလျဉ်ကြောတွင် ကျွန်တော် မည်မျှနစ်မျောနေသည် မသိ။ ကျွန်တော့်ဘေးတွင် အတူဝိုင်းထိုင်နေကြသော ပုဂ္ဂိုလ်များထဲတွင်မှ နတ်မောက်မြို့ရှိ ဆရာတော် ဦးသောဘိတကျောင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ကျောင်းနေစဉ်က ကျောင်းဆရာတစ်ယောက်ဖြစ်သူ ဆရာကြီးဦးရွှေထိုက်က ရုတ်တရက် စကားစလိုက်မှ ကျွန်တော်၏အတွေးနယ်ချဲ့ခြင်းကို ရပ်လိုက်ရပါသည်။

"မောင်အောင်ဆန်းဟာ ငယ်စဉ်က စာသိပ်တော်တယ်။ ကျောင်းစတက်တဲ့ နေ့တစ်နေ့တည်းနဲ့ ကကြီး၊ ခခွေး အစ အဆုံး ရတယ်ကွ"

ဆရာကြီး ဦးရွှေထိုက်က သူ့အတွေ့အကြုံကို အားပါးတရ ပြောပြပါသည်။ ဆရာထိုက်၏ဖွင့်ဟချက်သည် အပိုမပါ။ အမှန်ချည်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ပင်ကိုယ်ဉာဏ် ထက်မြက်သည့်အတွက် စကောလားရှစ်ဆုတွေရခဲ့ခြင်းက ဆရာထိုက်၏ ပြောဆိုချက် မှန်ကြောင်းသက်သေပြလျက်ရှိနေသည်။ မောင်

www.burmeseclassic.com



အောင်ဆန်းသည် စာတော်သူဖြစ်သည်။ ဦးသောဘိတကျောင်းတွင် မောင်အောင်ဆန်းကလေး အမြဲတမ်း ပထမစွဲသည်။ မောင်အောင်ဆန်း၏ ငယ်ဆရာများမှာ ဆရာဦးရွှေထိုက်၊ ဆရာဦးသောဘိတ တို့ ဖြစ်သည်။ မောင်အောင်ဆန်းသည် ကျောင်းအုပ်ဆရာကြီး ဦးသောဘိတနှင့် ကျောင်းရှိဆရာများကို ကြောက်ရွံ့ ရိုသေသည်။ စည်းကမ်းလည်း အလွန်ကြီးသူ ဖြစ်သည်။ အမြဲတမ်း အချိန်မှန်မှန် ကျောင်းတက်သည်။ စည်းကမ်းသေဝပ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ကြိုးစားခြင်းတို့မှာ သူ၏ငယ်ဗီဇများ ဖြစ်ပေသည်။

မောင်အောင်ဆန်းတွင် ထူးခြားချက်တစ်ခု ရှိသေးသည်။ ကလေးဘဝ၊ ကျောင်းသားငယ်တို့ဘဝ ကျောင်းဆင်းချိန်၊ ကျောင်းအားလပ်ချိန်တို့ကို အခြားကလေးများ စိတ်စောနေကြသော်လည်း သူကား ကျောင်းအားလပ်ချိန် (အနားပေးချိန်) ကျောင်းဆင်းချိန်တို့ကို မမျှော်သူ ဖြစ်သည်။ ကျောင်းအားလပ်ချိန် ဟူသည် သူ့အတွက် မထူးဆန်းသောအချိန် ဖြစ်သည်။ အားလပ်ချိန်များတွင် အမြဲတမ်းလိုလို တွေးနေတတ်သည်။

ကျွန်တော်တို့ဝိုင်းထဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက် ကစားဖက်ဖြစ်သူ ဦးဘိုးကံလည်း ပါသည်။ ဦးဘိုးကံမှာ အသားဖြူဖြူ ပိန်ပိန်ပါးပါးဖြစ်၍ ခပ်အေးအေး စကားပြောတတ်သည်။ ဆရာဦးရွှေထိုက်က စကားစလိုက်သည့်အခါ ဦးဘိုးကံလည်း အားကျမခံ သူ့အတွေ့အကြုံကို နောက်ကြောင်းပြန်၍ ပြောပြပြန်လေသည်။

"မောင်အောင်ဆန်းဟာ ငယ်ငယ်က အားကစားလည်း ဝါသနာပါတယ်။ တစ်နေ့ ငါတို့ကစားကြတယ်။ အဲဒီတုန်းက မောင်အောင်ဆန်းရယ်၊ ငါရယ်၊ မောင်တင်လေး (ဗိုလ်ချုပ်အောင်ဆန်း





၏ အစ်ကိုတစ်ဝမ်းကွဲ) ရယ် သုံးယောက်ကစားကြတယ်။ ငါနဲ့ မောင်တင်လေးက နပမ်းသတ်ရတယ်။ မောင်အောင်ဆန်းက ဒိုင်လူကြီးလုပ်တယ်။ ငါတို့ကစားတိုင်း သူက ခေါင်းဆောင်လုပ်တာပဲ။ တစ်ခါတစ်ခါ ငါက မကစားချင်ဘူး။ ဒါပေမယ့် အောင်ဆန်းက ငါ့ကို အတင်းကစားခိုင်းတယ်။ မကစားချင်ဘူးဆိုလို့ မရဘူး။ ပိုက်ဆံတစ်မတ်ပေးပြီး အတင်းကစားခိုင်းတယ်ကွ။ နောက်ပြီး သူကစားလေ့ကစားထရှိတာ တစ်မျိုးရှိသေးတယ်။ အဲဒါက စစ်တိုက်တမ်းကစားတာပဲ။ စစ်တိုက်တမ်းကစားတာကို သူ အင်မတန် ခုံမင်တယ်။ တို့အုပ်စုဖွဲ့ပြီး စစ်တိုက်တမ်းကစားတော့လည်း သူက အမြဲတမ်း စစ်ဗိုလ်လုပ်တယ်။ ဦးသောဘိတ ကျောင်းဝင်းအတွင်းက တမာပင်ကြီးတွေဟာ အောင်ဆန်းတို့၊ ငါတို့ရဲ့ တိုက်ပွဲတွေ လေ့ကျင့်ရာဌာနတွေပေါ့"

ခေါင်းဆောင်ဖြစ်မည့်ပုဂ္ဂိုလ်သည် ကလေးဘဝကပင် ထူးခြားသော အလေ့အထများ၊ အကျင့်စရိုက်များ၊ အသွင်သဏ္ဌာန်များ၊ အရိပ်နိမိတ်များကိုတွေ့ရစမြဲဖြစ်သည်။ ကလေးချင်း ကစားရာကအစ ခေါင်းဆောင်ဖြစ်မည့်ကလေးသည် ခေါင်းဆောင်လုပ်ရမှ ကျေနပ်လေ့ရှိသည်။ အထူးသဖြင့် ကစားဖော်များကို အမိန့်ပေးရမှ ဦးဆောင်ရမှ ကျေနပ်လေ့ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်က ဤနည်းနှင်နှင်ပင် ဖြစ်သည်ကို တွေ့ရပြန်ပေပြီ။ ဦးသောဘိတကျောင်းဝင်းအတွင်း ကစားစဉ်က ဒိုင်လူကြီးလုပ်လေ့ရှိသော မောင်အောင်ဆန်း၊ စစ်ဗိုလ်လုပ်ရန် ဝါသနာပါခဲ့သော မောင်အောင်ဆန်း၊ အဓိ မောင်အောင်ဆန်းကလေးသည် နောင် ကြီးပြင်းလာသောအခါ နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးနှင့် ဗမာ့တပ်မတော်၏ဖခင် ဗိုလ်ချုပ်ကြီး

www.burmeseclassic.com



ဖြစ်လာခဲ့သည်မှ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသော ဖြစ်ရပ်များ ပါပေ။

ဗိုလ်ချုပ်အောင်ဆန်းသည် စစ်တိုက်ဝါသနာပါ၍ စစ်ဗိုလ် လုပ်ရန် စိတ်အားထက်သန်သော်လည်း အနုပညာကိုလည်း ခံမင် မြတ်နိုးသည်။ ကဗျာ၊ လင်္ကာများကို ဂရုတစိုက် ကျက်မှတ်လေ့ရှိ သည်။ ဗိုလ်ချုပ်နှင့်အတူ သူငယ်တန်းမှတတိယတန်းအထိ ကျောင်း နေဖက် ဖြစ်ခဲ့သူ ဦးညာ၏ ပြောပြချက်များက မှန်ကန်ကြောင်း သက်သေပြပေသည်။

ဦးညာက လက်ဖက်ရည်ကြမ်းသောက်နေရာက ပန်းကန် ကို လက်တစ်ဖက်က ကိုင်ရင်း . . .

"အင်း . . . မောင်အောင်ဆန်းဟာ စစ်တိုက်ဝါသနာပါ ပေမယ့် အနုပညာကိုလည်း မြတ်နိုးတယ်ကွယ့်။ သီချင်းဆိုလည်း ဝါသနာအပါသားပဲ။ ကဗျာလင်္ကာတွေဆိုရင်လည်း ကျက်လိုက်ရ တာ အမောပါပဲ။ အနန္တသူရိယရဲ့ သူတည်းတစ်ယောက် ကောင်းဖို့ ရောက်မူ ဆိုတဲ့ ကဗျာတို့၊ မဲဇာတောင်ခြေရတုတို့ကို ငယ်ငယ်က တည်းက အလွတ်ရတာကွယ့် . . ."

ဟု ဖြည့်စွက်လိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်း အနုပညာ မြတ်နိုးပုံကို ကျွန်တော် တို့လည်း လေ့လာတွေ့ရှိခဲ့သည်။ (၁၉၄၆-၄၇) ခုနှစ်လောက်ဆီက လွတ်လပ်ရေးအတွက် နေ့မအား ညမနား အပြင်းအထန် ကြိုးပမ်း နေရသည့်အကြားက အချိန်ရလျှင် သူ့အပါးတော်မြဲ ဗိုလ်ထွန်းလှ ကို စန္ဒယားတီး၊ တယောထိုး၊ သီချင်းဆိုခိုင်းလေ့ရှိသည်။ ဗိုလ်ချုပ် သည် တစ်ခါတစ်ရံ စိတ်လက်ရွှင်ပြချိန်တွင် သူအကြိုက်ဆုံး သီချင်း ဖြစ်သည့် ဘိလပ်ပြန်သန်း သီဆိုသော 'မြပန်းခွေ' သီချင်းကလေး





ကို အမြဲသီဆိုတတ်သည်ဟု ကျွန်တော်တို့ ကြားခဲ့ရဖူးသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ခေါင်းဆောင်အင်္ဂါရပ်နှင့်ပြည့်စုံ သည်။ သူ့ကိုကြည့်လျှင် ခက်ထန်သည်ဟု ထင်ရသော်လည်း ကြီးသူ ကို ရိုသေ၊ ရွယ်တူကို လေးစား၍၊ ငယ်သူကို သနားတတ်သူ ဖြစ် သည်။ သဘောထားကြီးကြီးထား၍ သည်းခံစိတ်၊ ခွင့်လွှတ်တတ် သောစိတ်ရှိသူ ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင် ဆန်း၏ ကစားဖက်ဖြစ်သူ နတ်မောက်မြို့မှ ရွှေဟင်္သာဆေးလိပ်ခုံ ပိုင်ရှင် ဦးအေးမောင်က ဗိုလ်ချုပ်အောင်ဆန်း စိတ်ထားမြင့်မြတ်ပုံ၊ သဘောထားကြီးပုံ၊ သည်းခံစိတ်ရှိပုံတို့ကို တဗျစ်တောက်တောက် ပြောမဆုံးနိုင်လောက်အောင် ယနေ့ထိ ပြောလျက်ရှိသေးသည်။

"တစ်နေ့တော့ကွာ ငါနဲ့မောင်အောင်ဆန်း ရန်ဖြစ်ကြတယ် ဟေ့။ ငါက မောင်အောင်ဆန်းထက် အသက်နည်းနည်းကြီးတာကိုး။ ဒီတော့ ရန်ဖြစ်တဲ့အခါ ငါက မောင်အောင်ဆန်းကို ထိုးကြိတ်ရိုက် နှက်မိတယ်ကွ။ ဒါပေမယ့် မောင်အောင်ဆန်းက ငါ့ကို ကလဲ့စား ဖြင့် မချေရှာဘူး။ အမှတ်လည်း မထားဘူး။ နောက်နေ့တွေမှာ ငါနဲ့ ကစားမြဲ ကစားတာပါပဲကွာ။ အင်မတန်ကို သဘောထားကြီးပါ တယ်"

ဟု ဦးအေးမောင်က ဆေးပေါ့လိပ်ကို လက်ယာဘက်က ကိုင်ထားရင်း လက်ဝဲဘက်လက်ဖြင့် ဟန်အမူအရာ လုပ်ပြကာ အောက်မေ့တသစွာ ပြောပြရှာပါသည်။

ကျွန်တော်တို့၏ စကားဝိုင်းသည် တဖြည်းဖြည်း ပို၍စိုပြေ လာသည်။ အသက်ဝင်လာသည်။ ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်က နေခဲ့သော ဦးသောဘိတကျောင်းမှ ကျောင်းဆရာများဖြစ်ကြသော ဆရာဦးသာလင်း၊ ဗိုလ်ချုပ်နှင့်အတူ ကျောင်းနေဖက် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com




များဖြစ်ကြသော ဦးထွန်းသ (ငွေစုဘဏ်)၊ ဦးဟန်သ၊ ဦးထွန်းစိန်တို့လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝ အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်ရာ အားပါးတရ ပြောပြကြရှာသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် သူတို့အတူ စာသင်ခဲ့သည်မှာ နှစ်ပေါင်း (၄၀)ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သူတို့၏စိတ်ထဲတွင် ဤမျှကြာမြင့်ပြီဟု မမှတ်ထင်ကြသေး၊ မနေ့တစ်နေ့ကပင် ပွပွနွေးနွေး ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ပြန်ပြောနေရသလို စိတ်တွင် ထင်မြင်နေဟန်ရှိသည်၊ သူတို့သည် အတိတ်က ဗိုလ်ချုပ်အောင်ဆန်း၏ ဖြစ်ရပ်များကို ပြောပြနေရလျှင် ဘယ်ခါမှ မောသည်ဟု မထင်။ ဤလိုပြောဆိုခွင့်ရသည့်အခါ သူတို့၏မျက်နှာမှာ ငယ်မူငယ်သွေးများ ကြွတက်လာသည်။ မျက်လုံးများကလည်း အရောင်တောက်လာတတ်သည်။ နားထောင်နေရသူမှာလည်း သူတို့၏ခံစားချက်များ စိတ်ဓာတ် ကူးစက်ရိုက်ခတ်ကာ ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်က အဖြစ်အပျက်များကို ကိုယ်တိုင် တွေ့ကြုံရသည့်ပမာ မျက်စိထဲတွင် မြင်ယောင်မိလာသည်။ စိတ်ထဲတွင် ခံစားမိလာစေပါသည်။

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက ဆရာတစ်ဆူဖြစ်ဖူးသူ ဘုန်းတော်ကြီး ဦးနန္ဒမာလာကိုလည်း ဖူးတွေ့ရပါသည်။ ဆရာတော်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဆရာရင်းဖြစ်သော ဦးသောဘိတကျောင်းတွင် ယခု (ထိုစဉ်က) တိုက်အုပ်ဆရာတော်အဖြစ် ကျောင်းထိုင်သီတင်းသုံးလျက်ရှိပါသည်။ ဆရာတော်သည် ဗိုလ်ချုပ် အောင်ဆန်းငယ်စဉ်က စာသင်ပေးရရုံသာမက ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားခေါင်းဆောင်ဘဝ၊ သခင်ဘဝတွင်လည်း ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ရသည်။ ဆရာတော်က







ဆရာတော် ဦးနန္ဒမာလာ



www.burmeseclassic.com

www.burmeseclassic.com



မိန့်ကြားရာတွင် . . .

"ဘုန်းကြီးဟာ မောင်အောင်ဆန်းရဲ့ ဆရာတစ်ယောက်ဖြစ်သလို သူငယ်ချင်းတစ်ယောက်လည်း ဖြစ်တယ်ကွယ့် ဒကာလေးရဲ့။ မောင်အောင်ဆန်း ကျောင်းသားခေါင်းဆောင်အဖြစ် သခင်တစ်ယောက်အဖြစ်နဲ့ နတ်မောက်မြို့ကို တစ်ခါပြန်လာသေးတယ်။ အဲဒီ့တုန်းက သူ တရားပွဲလုပ်ရာမှာ ဘုန်းကြီးက သဘာပတိ လုပ်ရတယ်။ တရားနာလာတဲ့လူထုကြီးကိုလည်း ငါးပါးသီလ ပေးခဲ့ရတယ်"

ဟု မိန့်ကြားပါသည်။ ဆရာတော်သည် ယခုအခါ သက်တော် (၇၀) (ထိုစဉ်က) ပင် ရှိခဲ့ပြီဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို အသေးစိတ်သတိရလျက်ရှိပြီး တစ်ခုမကျန် ပြောပြနိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဆရာများ၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ ကစားဖော် ကစားဖက်ဖြစ်သူ ပုဂ္ဂိုလ်ကြီးများ၏ ရှင်းလင်းပြောပြချက်များအပြင် ဗိုလ်ချုပ်၏ အစ်မတစ်ဝမ်းကွဲ ဒေါ်အေးရင်၏ တန်ဖိုးထားသိမ်းဆည်းထားသည့် သမိုင်းဝင် ဓာတ်ပုံများအား ဆရာတက္ကသိုလ်မောင်မြင့်သိန်းနှင့် ဓာတ်ပုံဆရာချစ်စိန်တို့၏ မူရင်းဓာတ်ပုံအတိုင်းနှင့် မူရင်းစာများကိုပါ မိမိ၏ ပြန်လည်ဆန်းသစ်ရာတွင် လိုအပ်သည့်အတိုင်း ထည့်သွင်းဖော်ပြထားပါကြောင်း။ (ကျမ်းကိုး။ လမ်းစဉ်သတင်း)



## ☆ ☆ ☆ ☆ ကိုအောင်ဆန်း ဝါးလုံးတန်းခုန် လော့ကျင့်ခြင်း ☆ ☆ ☆ ☆

ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းကပင် တစ်စုံတစ်ခုကို ပြုလုပ်ရန် စွဲလမ်းမိလျှင် ထိုကိစ္စကိုမဖြစ်မနေ အနှောင့်အယှက် တုံးတိုက်တိုက် ကျားကိုက်ကိုက် ဖြစ်မြောက်အောင်မြင်သည်အထိ ပြုလုပ်တတ်သော ဗီဇသတ္တိမျိုးရှိလေသည်။ ထိုဗီဇသတ္တိသည်ပင်လျှင် ကိုအောင်ဆန်းအား မြန်မာလွတ်လပ်ရေး ဗိသုကာ အာဇာနည်သူရဲကောင်းဘဝသို့တိုင် ရောက်အောင်ပို့ပေးခဲ့သည်ဟု ဆိုရလောက်ပါသည်။ ကိုအောင်ဆန်း၏ အချို့သော အဖြစ်အပျက်များသည် အနစ်နာခံ စွန့်စားခြင်းများစွာဖြင့် ရင်းနှီးယူခဲ့သည် ဖြစ်ရကား ကိုအောင်ဆန်း၏ မိတ်ဆွေသူငယ်ချင်းများ မဆိုထားဘိ။ သူ၏ မွေးချင်းများပင်လျှင် သိခွင့်မကြုံခဲ့ချေ။ ကိုအောင်ဆန်းသည် ထိုအချိန်က ကလေးသူငယ် လူမမယ်အရွယ်မှ လွန်မြောက်ပြီဖြစ်ရကား ကိုယ်စီကိုယ်ငှ တာဝန်အသီးသီး ဆောင်ရွက်နေကြသော သူ၏

www.burmeseclassic.com



မွေးချင်းမိဘများသည်လည်း သူပြုလုပ်သောကိစ္စဟူသမျှကို မသိနိုင်သည်မှာ အဆန်းမဟုတ်ပါ။ ဓမ္မတာပင် ဖြစ်ပါသည်။ ကိုအောင်ဆန်းကလည်း သူ၏စွန့်စားမှု ကိစ္စအဝဝကို သူ၏ ဆွေမျိုးညာတကာများအား မည်သည့်အခါမျှ ပြောလေ့ပြောထ မရှိခဲ့ပါ။ သူ ပြုလုပ်ဆောင်ရွက်နေစဉ်တွင် ကြုံတောင့်ကြုံခဲ တစေ့တစောင်းမှ မျက်ဝါးထင်ထင် တွေ့မြင်ကြည့်ရှုခွင့်ရ၍သာလျှင် သူ၏ ဖြစ်ပုံပျက်ပုံ အလုံးစုံကို အမှန်အတိုင်း သိခွင့်ကြုံခဲ့ကြရပေသည်။

## ပွဲကြီးပွဲကောင်း

ဤစာရေးသူ ဆရာစည်သူကျော်ထင်ကိုယ်တိုင် တွေ့မြင်မှတ်မိလိုက်သော အဖြစ် အပျက်တစ်ခုသည်ကား အလွန်ထူးခြားသည့် ကိုအောင်ဆန်း၏ အံ့မခန်း ဖွဲ့သတ္တိပြလိုက်သော ပွဲကြီးပွဲကောင်း တစ်ခုဟု ဆိုရပေမည်။

အချိန်ကား . . . (၁၉၃၂) ခုနှစ်၊ ကိုအောင်ဆန်း ကောလိပ်ကျောင်းသား ဖရက်ရှာဘဝ ဖြစ်ပါသည်။ အောက်တိုဘာလကျောင်းပိတ်ရက်အတွင်း နတ်မောက်တွင် ရောက်ရှိနေသော ကိုအောင်ဆန်းသည် သူ ဝတ်ဆင်ထားသော ချည်လုံချည်ကို ခါးတောင်းမြှောင်အောင် ကျိုက်ပြီးနောက် သူ့အိမ်ဝိုင်းအတွင်းမှ အရှေ့ဘက် နယ်နိမိတ်ဖြစ်သော ဝင်းထရံတွင် ကန့်လန့်တန်း၍ထားသော ဝါးလုံးတန်းတစ်တန်းကို လွတ်အောင် အခုန်လေ့ကျင့်နေသည်ကို တွေ့ရပါသည်။

ဤနေရာတွင် ဝါးလုံးတန်း၏ တည်နေဟန်ကို အနည်းငယ်





ဖော်ပြရန် လိုပါလိမ့်မည်။ ကိုအောင်ဆန်းတို့ အိမ်ဝိုင်းကြီး အတွင်းနေအိမ်၏ အရှေ့ဘက်တွင် ဆီလျှောင်သော ရာဝင်စဉ်အိုးကြီးများထားရှိရာ အုတ်ကိုဒေါင်နှင့် မြေပဲ၊ နှမ်းအိတ်များ သိုလှောင်ရာ၊ သစ်သားကိုဒေါင်တစ်လုံး၊ ပေါင်း ကိုဒေါင် နှစ်လုံးရှိရာ အုတ်ကိုဒေါင်သည် သစ်သားကိုဒေါင်၏ မြောက်ဘက်တွင် တည်ရှိပါသည်။

ယင်း ကိုဒေါင်နှစ်လုံးအကြားတွင် လော်ရီကားကြီးတစ်စီး ဝင်နိုင်လောက်သော မြေကွက်လပ် (မြေလွတ်) ရှိပါသည်။ အိမ်ဝင်းကြီး၏ အရှေ့ဘက် နယ်နိမိတ်ဖြစ်သော ခြံစည်းရိုးသည် ယင်းကိုဒေါင်နှစ်လုံး၏ အရှေ့ဘက်မှ ကပ်လျက်တောင်မြောက် သွယ်တန်းပြီး တည်ရှိနေပါသည်။ ထိုခြံစည်းရိုးကို ဝါးလုံးများအား လေးစိပ်စိပ်ကာ ခွဲစိပ်ထားသော ဝါးခြမ်းများနှင့် ရက်လုပ်ထားပါသည်။ ထိုသို့ ရက်လုပ်ရာတွင် သစ်သားတိုင်များစိုက်ထူကာ ဝါးလုံးများကို သစ်သားတိုင်များတွင် ကန့်လန့်စွပ်ထားပြီးမှ ဝါးခြမ်းစိပ်များဖြင့် အခန်းလိုက်၊ အခန်းလိုက် ရက်လုပ်ထားခြင်း ဖြစ်ပါသည်။ ထိုခြံစည်းကို မြေလတ်ဒေသတွင် ဝင်းထရံဟု ခေါ်လေ့ရှိပါသည်။

## အမြင့်ခုန် လေ့ကျင့်ခြင်း

အထက်ပါ ကိုဒေါင်နှစ်လုံး၏ ကြားတည့်တည့်လောက်၌ ဝင်းထရံအခန်းတစ်ခန်းတွင် ဝါးခြမ်းများနှင့် ဝါးလုံးတန်းအချို့တို့မှာ ကျောင်းသားကျောင်းသူငယ်များ ဘောလုံးကစားရင်း ကျော်တက်ပြီး ဖယ်ရှားဖန်များသဖြင့် ဝါးခြမ်းများ ကျွတ်လွတ်နေပြီး ဝါးလုံးတစ်တန်းသက်သက်သာလျှင် ကျန်နေပါသည်။ ထိုဝါးလုံးတန်း၏ အမြင့်သည်လည်း ရင်ဆို့လောက်ရှိမည်ထင်ပါသည်။ ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းကား ထိုသို့ ကျန်ရှိနေသော ဝါးလုံးတန်းကို အမြင့်ခုန် လေ့ကျင့်နေခြင်း ဖြစ်ပါတော့သည်။ ကိုအောင်ဆန်းသည် ပထမတစ်ချီ ပြေး၍ခုန်လိုက်ရာ ဝါးလုံးတန်းနှင့် နောက်ခြေထောက် ထိသွားပါသည်။ မလွတ်။ ဒုတိယအချီတွင် ပို၍ဝေးသော နေရာမှ အရှိန်ယူပြေးလာပြီး ကြိုးစားပမ်းစား ခုန်ပြန်လေသည်။ ဤတစ်ကြိမ်လည်း မရသေး။ တတိယအချီ ကြိုးစားရန်အတွက် ခါးတောင်းကျိုက်ကို ဟန်ကျပန်ကျ ပြင်၍ကျိုက်ကာ အထူးချိန်ဆ၍ တအားကုန် အရှိန်ယူပြီး ခုန်လိုက်ပြန်သည်။

## နှလုံး မအေး၊ အရှုံး မပေး

ထိုအချိန်တွင် အမြင့်ခုန်ချန်ပီယံ မဖြစ်သေးသော ကိုအောင်ဆန်း၏ ရှေ့ခြေမှ ဒူးခေါင်းသည် ဝါးလုံးတန်းနှင့် တိုက်မိကာ ရှေ့သို့ ဒူးထောက်လျက်သား မြေပြင်သို့လဲကျသွားပြီး ဒူးပွန်းပဲ့ကာ သွေးများ ယိုကျလာပါသည်။ သို့ဖြစ်ရာ အနိုင်မခံ အရှုံးမပေးလိုသော ကို အောင်ဆန်းသည် သူ့အား ကြွဲကြွဲခံ၍ ခံတပ်သဖွယ် တားဆီးထားသော အနီဝါးလုံးတန်းကို လက်သီးဖြင့် လေးငါးချက်မျှ ဆင့်ကာဆင့်ကာ အားသွင်းပြီး ထိုးပါလေတော့သည်။ သို့သော်လည်း ခံတပ်ကလည်း မပေါက်မကျိုး။ အင်အားတောင့်တင်းလှပါဘိ။ ကိုအောင်ဆန်းကား အရှုံးမပေး။ ဖွဲလည်း မလျှော့။ သွေးထွက်နေသော ဒဏ်ရာကို ရေဖြင့် ဆေးပြီး နဖူးမှခြေမအထိ တဒီးဒီးကျနေသော ချွေးများကို အင်္ကျီချွတ်၍ သုတ်ပါလေ၏။ ထို့နောက် အနည်းငယ်မျှ အနားယူပြီး ခုန်နည်းစနစ်သစ် တစ်မျိုးပြောင်းကာ ခုန်ပါလေတော့သည်။





ဤစတုတ္ထအချီ ခုန်သောအခါတွင်မူကား ကိုအောင်ဆန်း အောင်ပန်းဆင်မြန်းလိုက်ပါပြီ။ ဤတစ်ချီခုန်သည့်နည်းမှာ အဝေးမှ အရှိန်ယူ၍ ပြေးလာပြီးနောက် ဝါးလုံးတန်းအနီးအရှိန်သပ်ပြီး သူ၏ကိုယ်ကို လေထဲသို့ အစွမ်းကုန်ပင့်တင်ကာ တစ်ကိုယ်လုံးလွတ်အောင် ကြိုးစား၍အားထည့် ခုန်ကျော်လွှားလိုက်သည့်နည်းပင် ဖြစ်ပါသည်။ ဤသို့ လွတ်အောင်ခုန်ပြီးသောအခါ ကိုအောင်ဆန်းသည် သူ့ဦးလေးဆီသို့ ပြုံးပြုံးကြီးလျှောက်လာပြီး အနာဆေးထည့်ရန် သူ့အဒေါ်ထံမှ လိမ်း ဆေးတောင်းယူ၍ ဆေးလိမ်းလေတော့သည်။

ဤအဖြစ်သနစ်ကို ကိုယ်တွေ့မြင်ရသော စာရေးသူသည် သူ့အား ကြည့်ရှု၍ခွက်ထိုးခွက်လန် ရယ်ခဲ့ရရုံမျှမက သူ၏ မလျှော့သော လုံ့လ၊ ဝီရိယ၊ ဖွဲသတ္တိကိုလည်း ဝမ်းထဲ၌ ကြိတ်၍ ချီးကျူးမိခဲ့တော့၏ ဟု ကိုယ်တွေ့ဆောင်းပါးရှင်က ဖော်ပြထားသည်။

## မြင်ယောင်မိပါသေး

နောင်အခါ ရဲဘော်သုံးကျိပ်ဝင် ပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားနေစဉ် လုံ့စွပ်တိုက်ပွဲ လေ့ကျင့်ခန်းကို လေ့ကျင့်ရာ တပ်စုခေါင်းဆောင်အဖြစ် လေ့ကျင့်နေစဉ်က အမောဆို့လုမတတ် မောပန်းနွမ်းခွေသွားသော်လည်း မလျှော့သော ဖွဲသတ္တိကြောင့် ထိုတိုက်ပွဲလေ့ကျင့်ခန်းမှာ ကောင်းစွာအောင်မြင်ထမြောက်သွားခဲ့သည် ဟူသော သတင်းကို ဤဆောင်းပါးရှင် ကြားရသောအခါ ကျောင်းသားဘဝက ဒူးအပြဲခံပြီး ဝါးလုံးတန်းကို ခုန်လွှားခဲ့သော ကိုအောင်ဆန်း၏ ဖွဲသတ္တိကို ထင်းခနဲ မြင်ယောင်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ညီအစ်မ သုံးဖော်နှင့် တရားဟော ကျင့်ခြင်း

ထို့ပြင် ကိုအောင်ဆန်း သခင်ဘဝ ရောက်ပြီးမှ ထူးခြားသောအဖြစ်တစ်ခုကို တွေ့ခဲ့ရပါသေးသည်။ ထိုအဖြစ်အပျက်မှာ ကိုအောင်ဆန်း တို့ဗမာအစည်းအရုံးဝင်ပြီးနောက် သခင်အောင်ဆန်း အမည်ခံကာ မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကြီး၏ အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေစဉ် (၁၉၃၈) ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ရန်ကုန်မြို့ပေါ်ရှိ ကျောင်းသားအဖွဲ့အစည်းများ၊ အတွင်းဝန်များရုံးကို ဝိုင်းဝန်းပိတ်ဆို့ ဆန္ဒပြရန် တက္ကသိုလ် သမဂ္ဂခေါင်းဆောင်များ အပါအဝင် ကျောင်းသားခေါင်းဆောင်များနှင့် အစီအစဉ်ပြုလုပ်ခဲ့ပြီးနောက် သခင်အောင်ဆန်းသည် မိခင်ကြီးရှိရာ နတ်မောက်မြို့သို့ ခေတ္တခဏ အနားယူရန် ပြန်ရောက်လာသောအချိန်က ဖြစ်၏။ အေးမြသော ဆောင်းရာသီဖြစ်သော ဒီဇင်ဘာလ တတိယပတ်အတွင်း သာယာလှပသော နေ့တစ်နေ့၏ နံနက်ခင်း (၈) နာရီခန့်တွင် ဘုံဘိုင်ရေ ခြေညှပ်ဖိနပ်၊ ပလေကပ်ချည်လုံချည် အကွက်ကျဲကျဲ၊ ကော်လာမပါသော တစ်ပတ်နွမ်း ရှပ်လက်ရှည်အဖြူနှင့် အညာဖျင်အဖြူ ခပ်ပွပွ ရှည်ရှည်ကို ဝတ်ဆင်ပြီး ထားပါသည်။

ချည်ထည်မာဖလာ လည်စီးပဝါကို တစ်ပတ်ရစ်လျှက် အမြိတ်စနှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် တွဲလွဲချကာ ဆင်မြန်းထားပြီး ကတုံးဆံတောက် (ခေါ်) ကတုံး ဗိုလ်ကေညှပ်ထားသော သခင်အောင်ဆန်းသည် သူ၏ ဦးလေးကြီးဦးဖိုးသင်၏ တစ်ဦးတည်းသော သမီး မကံဆယ်၊ ဦးလေးငယ်၊ ဦးလေးညိုတုတ် (ဦးငွေဆိုင်) ၏ သမီးများဖြစ်သော မမောက်နှင့်မထွေး၊ အသက်အရွယ်အားဖြင့် ခြောက်နှစ်ကျော်၊ ခုနစ်နှစ်ခန့်မျှရှိကြသော ညီအစ်မသုံးယောက်အား





'ညီမတို့ ကိုလေးဆန်း ပြောစရာရှိတယ်။ ခဏ လာကြဦး' ဟု လှမ်း၍ခေါ်သည်ကို ကြားလိုက်ရသည်။

ထို့နောက် နေအိမ်ကြီးနှင့် ဆီကိုဒေါင်အကြားရှိ မြေကွက်လပ်တွင် ညီအစ်မသုံးဖော်အား တန်းစီစေပြီး ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးတရားကို လက်သီးလက်မောင်းတန်းကာ အသံကျယ်စွာဖြင့် ဟောပါလေတော့သည်။

## တဝါးဝါးနှင့်

အနည်းငယ်ဟောမိလျှင်ပင် ကလေးသုံးယောက်သည် တဝါးဝါးနှင့် အူလှိုက်၊ သည်းလှိုက် ရယ်ကြလေသော ဟူ၏။ သူ တရားပွဲ ပြီးဆုံးသွားသောအခါ **'သခင်မျိုးဟေ့၊ တို့ဗမာ၊ အရေးတော်ပုံ အောင်ပါစေ'** ဟူသော ကြွေးကြော်သံနှစ်ရပ်ကို သူက သုံးကြိမ်တိတိ တိုင်ပေးလိုက်ပြီး ကလေးသုံးယောက်အား လိုက်၍ အော်ဟစ် ကြွေးကြော်စေပါသည်။

ထိုသို့ ကြွေးကြော်ပြီးသည့်ခဏ၌ 'ညီမတွေက လိမ္မာတယ်ဟေ့။ ကိုလေးဆန်း မုန့်ဝယ်ကျွေးမယ်' ဟု ပြောပြောဆိုဆို တဟားဟားနှင့် ကျယ်လောင်စွာ ရယ်မောကာ ညီမကလေး သုံးယောက်အား မုန့်ဝယ်ကျွေးပါတော့သည်။

ဤတရားပွဲကို မလှမ်းမကမ်းမှ မြင်တွေ့နေရသော သူ ဦးလေးတစ်ဦးက 'အောင်ဆန်းတစ်ယောက်တော့ တံတားကလေးဆေးရုံကို ပို့နေရဦးမလား မသိဘူး' ဟူ၍ ခပ်တိုးတိုး မှတ်ချက်ချသည်ကို ဤစာရေးသူပင် ကြားလိုက်ရပါသည်။ သို့သော်လည်း

www.burmeseclassic.com



ယင်းသို့သော လုပ်ရပ်ကို သေချာစွာ ဆန်းစစ် ကြည့်သည်ရှိသော် သခင်အောင်ဆန်းသည် တို့ဗမာအစည်းအရုံးကြီး၏ အထွေထွေ အတွင်းရေးမှူးအဖြစ်ဖြင့် နောင်သောအခါတွင် အပွဲပွဲနွဲရန် ရှိနေသည့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးတရားပွဲများ၊ အင်္ဂလိပ်အစိုးရ အာဏာဖီဆန်ရေး တရားပွဲများအတွက် အလေ့အကျင့်ရရန် ကြိုတင်ပြင်ဆင်ကာ နယ်ချဲ့အစိုးရကို တိုက်ထုတ်ရေးအတွက် မောင်းတင်လိုက်ခြင်းဖြစ်သည်ဟု ဆိုက ဆိုနိုင်ပေသည်။

## ကြေးနန်းရစဉ်

ထိုနေ့ညနေပိုင်းတွင် ရန်ကုန်မြို့အတွင်းဝန်များရုံးသို့ ဝိုင်းဝန်းဆန္ဒပြကြသော ကျောင်းသူကျောင်းသားများအား ပုလိပ်များက မြင်းနှင့်တိုက်၊ တုတ်နှင့်ရိုက်သဖြင့် သွေးထွက်သံယိုဖြစ်ကြသောကြောင့် ရှေ့ခြေတစ်ဆင့်တိုး၍ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်သို့ အမြန်ပြန်လာပါရန် တို့ဗမာအစည်းအရုံးဌာနချုပ်မှ ပေးပို့သော ကြေးနန်းစာကို သခင်အောင်ဆန်း ရရှိသဖြင့် ကြေးနန်းလက်ခံရလျှင်ရခြင်း၊ နတ်မောက်မြို့၊ အထက်တန်းကျောင်းမှ ကျောင်းသားသမဂ္ဂအလုပ်အမှုဆောင်များကို သာသနာ့ဟိတစာကြည့်တိုက်တွင် ချက်ချင်းအစည်းအဝေးခေါ်ကာ ရန်ကုန်မှ အဖြစ်အပျက်များကို ရှင်းပြပြီး ရှေ့အဖို့တွင် ရန်ကုန်ရှိ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ဗ၊က၊သ) မှ ညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ကြရန် ညွှန်ပြပြောဆိုပြီးလျှင် နောက်တစ်နေ့ နံနက်စောစော မီးရထားဖြင့် နတ်မောက်မြို့မှ ရန်ကုန်မြို့သို့





ပြန်လည်ထွက်ခွာသွားပါတော့သည်။ ဤကားသခင်အောင်ဆန်း အဖြစ်ဖြင့် နတ်မောက်မြို့သို့ နောက်ဆုံးလာခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

**မှတ်ချက်။** ဤမူလဆောင်းပါးရှင် စည်သူကျော်ထင်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူ၏ ကိုယ်တွေ့ဖြစ်ပါသည်။ (ကျမ်းကိုး။ ၁. ၁၂. ၇၁ ခုနှစ်ထုတ် အိုးဝေဂျာနယ်၊ စာ-၁၇/၁၈)

www.burmeseclassic.com

www.burmeseclassic.com



## ☆ ☆ ☆ ☆ လူချင်းတူသော်လည်း ☆ ☆ ☆ ☆

၁။ လူချင်းတူသော်လည်း . . . ဉာဏ်ချင်း မတူနိုင်။

၂။ ဉာဏ်ချင်းတူသော်လည်း . . . ပါရမီချင်း မတူနိုင်။

၃။ ပါရမီချင်း တူသော်လည်း . . . ဝီရိယချင်း မတူနိုင်။

၄။ ဝီရိယချင်း တူသော်လည်း . . . သတိချင်း မတူနိုင်။

၅။ သတိချင်း တူသော်လည်း . . . သမာဓိချင်း မတူနိုင်။

၆။ သမာဓိချင်း တူသော်လည်း . . . ပဋ္ဌာန်းဆက်ချင်း မတူနိုင်။

၇။ ပဋ္ဌာန်းဆက်ချင်း တူသော်လည်း . . ပဋ္ဌာန ဆုတောင်းချင်း မတူနိုင်။

၈။ မိမိစိတ်ကိုနိုင်မှ မိမိဝမ်းတွင်း အဖျက်မာရ်နတ်ကို နိုင်သည်။

၉။ ဤနတ်ကို နိုင်မှ . . . ဓာတ်ပိုင်သည်။

၁၀။ ဓာတ်ပိုင်မှ . . . မနောပိုင်သည်။





၁၁။ မနောပိုင်မှ ပညာရောက်မည်။

၁၂။ ပညာရောက်မှ . . . ဝိဇ္ဇာဖြစ်သည်။

၁၃။ ဝိဇ္ဇာဖြစ်မှ ဓာတ်စစ်၊ ကလာပ်စစ်၊ ပရမတ်စစ်ကို မြင်နိုင်သည်။

၁၄။ ဓာတ်၊ ကလာပ်၊ ပရမတ်ကိုမြင်မှ လောကုတ္တရာဝိဇ္ဇာ ဖြစ်သည်။

၁၅။ လောကုတ္တရာ ဝိဇ္ဇာဖြစ်မှ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင်မည်။

စသည့် အချက်များကို ဖတ်သိရသည့်အချိန်က လူ့ဘုံဘဝ၊ လူ့လောကကြီးထဲမှာ လူချင်းတူကြသော်လည်း မတူသည့် ဤအချက်အားလုံးသည် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ဘက်သို့ လမ်းညွှန်ထားသော်လည်း အမှတ် (၁) မှ (၈) အထိမှာ လောကီလူသားများစွာနှင့်ပါ များစွာပတ်သက်နေကြောင်း သတိထားမိခဲ့သည်။

ရဟန်းပုဂ္ဂိုလ်ထူး၊ အာဇာနည်ပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်ထူးများစွာတို့တွင် ဤမတူ တစ်မူထူးသည့် လူသားဘဝ အခြေခံမဏ္ဍိုင်မှသည် ထူးချွန်ပေါက်မြောက်၊ ပါရမီ ဂုဏ်တံခွန်ဆောက်နိုင်ကြသူများ ဖြစ်ကြ သည်။

ဤအထက်ဖော်ပြပါအချက်များ မတူသည့်ကြားမှ အားလုံးညီညွတ်သည်ပင် ထားပါဦး။ ဆုတ်နစ် နိမ့်ကျသော စိတ်မထားဘဲနှင့် ဆန္ဒပြင်းပြ စိတ်ဓာတ်ကြွနေပြီး ပါရမီဟူသော အာဇာနည်တို့ လုပ်အပ်၊ မြင့်မြတ်သည့် ရည်ရွယ်ချက်အတိုင်း ရဲရဲတင်းတင်း ဇွဲ[illegible] သတိ၊ ဝီရိယ အတွင်းအားနှစ်ပါး ပညာအလင်း မျက်စိဖွင့်သွားခြင်းဖြင့် လုံးဝအဆက်မပြတ် ကြိုးပမ်းနိုင်ခြင်းဖြင့်သာ လိုရာ[illegible]ပြီးမြောက်



www.burmeseclassic.com

www.burmeseclassic.com



ခရီးရောက်ရနိုင်ကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းဘဝနှင့် ထင်ဟပ် သိမြင်နိုင်ပါသည်။

## သူလိုကိုယ်လို

"သူလိုကိုယ်လို နေကြပါက သူလိုကိုယ်လိုထဲက မထွက်နိုင်။ သူလို ကိုယ်လိုထဲက အကျင့်သီလ၊ စိတ်ထားမြင့်မြတ်စွာဖြင့် စိတ်ပိုင်းမှ ပထမ၊ ခွဲထွက်ထူးခြား ထက်မြက်ပါမှ၊ သူလို ကိုယ်လိုတို့ထက် ထူးခြားလှသော အာဇာနည်ပုဂ္ဂိုလ်ထူး ဖြစ်ရ၏။"

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်များကို ရင်ထဲစွဲထင်မိတိုင်း အထက်ပါ အချက်အလက်များနှင့် ထူးခြားမတူ၊ အာဇာနည်ပုဂ္ဂိုလ်ဟူသမျှကို အံ့ဩလေးစားမိ၏။ သူလို ကိုယ်လိုထက်၊ ထူးလို့သာ ထူးခြားသော နေရာဂုဏ်သိက္ခာနှင့် အောင်မြင်ခြင်း အထွဋ်အထိပ်သို့ ရောက်ရှိသွားရခြင်းမှာ သဘာဝကျပါသည်။

## အောင်မြင်ခြင်း အခြေခံ (၄) ပါး

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ (ပညာ) တို့ ဖြစ်ပါသည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာလမ်းနှစ်သွယ်လုံးမှာ ဤအချက် (၄) ချက် ပြည့်ခြင်းဖြင့်သာ လိုရာကိစ္စ ပြီးမြောက်နိုင်ကြသည်။

မိမိဦးတည် ရည်ရွယ်ချက်ရှိရာသို့ စိတ်ဆန္ဒပြင်းပြရခြင်း၊ ဝီရိယစိတ်ဓာတ် ပြင်းပြရခြင်း၊ စိတ်နှလုံး ဒုံးဒုံးချ စူးရှစိုက်ထုတ်အား





ထားရခြင်း စိတ်နှစ်ခွမဖြစ်ရ။ စိတ်တည်ကြည် ခိုင်မာနေရမည်။ ဤအချက် (၃) ချက်နှင့် ပညာဆီမီး၊ ဉာဏ်ကြီးရှင်တို့၏ အသိ၊ အလင်းဖြင့် ထည့်သွင်းပါက အဘယ်မှာ မအောင်မြင်ပဲ ရှိပါအံ့။

မိမိ ဦးတည်ရည်မှန်းရာသို့ အောင်မြင်သည်အထိ မဆုတ်နစ်၊ ဖွဲမလျှော့စတမ်း တစ်ဖက်ကမ်းခတ် ကူးခတ်နိုင်သည့် 'သတိကိုလက်ျာ၊ ပညာကို လက်ဝဲ' နှလုံးသားထဲ ကိုင်စွဲသဖြင့်သာ လိုရာပြီးမြောက် ခရီးရောက်ကြောင်းတွေးလျက် ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝကို ပိုမိုကြည်ညိုစွာ မြင်လာရသည်။

ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးတွင် ဗိုလ်ချုပ်အောင်ဆန်းတွင် ဉာဏ်၊ ဝီရိယ ထူးချွန်လွန်ကဲသည်ကို တွေ့နိုင်ကြသည်။ ကံ ဆိုသည်မှာလည်း အလုပ် ဟူ၍သာ ဖွင့်ဆို၏။ အလုပ်ကောင်းက ကံကောင်း၏။ ဤအလုပ်မှာ အသက်အရွယ် အပိုင်းအခြားအရ ကျောင်းသားအရွယ်၏ အလုပ်သည် ကျောင်းစာကို အရအမိ နာယူသင်ကြားအဖတ်၊ အမှတ် များရခြင်းသာ အဓိကအလုပ်ဖြစ်၏။ ဤအလုပ်ကောင်း လုပ်မိပါက ဉာဏ်၊ ဝီရိယအပေါ် သတိရှိရှိ အသိပြည့်ပြည့် မျက်ခြည်ပြတ်မခံက လိုရာပန်းတိုင်သည် လက်တစ်ကမ်းမှာ ရှိ၏။ ခရီးမဝေး၊ အနီးကလေးမှာသာတည်း။

## စာကြိုးစားသော မောင်ထအောင်ဆန်း

မောင်အောင်ဆန်းသည် အသက် (၈) နှစ်အရောက် အတန်းပညာ စတင်သင်ယူရာ၌ စာပေဘက်တွင် များစွာကြိုးစားသူ ဖြစ်သည်။ မှတ်ဉာဏ်အတော် ကောင်းသူဖြစ်၏။ မှတ်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသလောက် စာကြိုးစားသူဖြစ်ရာ အတတ်မြန်သူလည်း ဖြစ်ပြန်လေသည်။

အစားအစာမှာ အစာမကြေသူသည် ကျန်းမာရေး များစွာ ချို့တဲ့တတ်သကဲ့သို့ ကျောင်းစာမှာ စာမကြေသူသည် ဘဝတက်လမ်း များစွာ နှောင့်နှေးတတ်ပေသည်။

မောင်အောင်ဆန်းသည် မှတ်သမျှ တတ်၍၊ တတ်သမျှ မှတ်ဉာဏ်ကောင်းပေသည်။ ကျက်သမျှ စွဲထင်သည့် စာပေပါရမီ ပါသူ ဖြစ်၏။

ထမင်းစားချိန် ကျောင်းခဏနားချိန်ပင်လျှင် စာကျက်ချိန် အချိန် များများရစေဖို့ အိမ်သို့ ဒုန်းစိုင်းပြန်လာတတ်ပြီး အစား အသောက်ထားရာ ဗီရိုကို အရင်ဦးအောင်ဖွင့်၊ စားချင်သလောက် အဝ မြန်မြန်စား စနစ်သည်ပင် ပင်ကိုယ်အကျင့် ဖြစ်နေသည်။ စားပြီးပါက ကျောင်းသို့ အပြေးသွားတတ်ပြန်၏။

## ချွန်အောင်သွေး

အချိန်ရသေး၍ အခြားကလေးများ ပျော်ရွှင်စွာ စိတ်တိုင်းကျ ကစားနေတတ်ကြသော်လည်း မောင်အောင်ဆန်းသည် မိမိ ထိုင်ခုံမှာ စာဖတ်နေခြင်းဖြင့် အချိန်ကုန်လွန်စေကာ ကစားရကောင်းမှန်း မသိသလိုဖြစ်ရ၏။ စာဖတ်ချိန်မှအပဖြစ်သော ကျန်အချိန်မှာ ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံလေး ချွန်အောင်သွေး၊ လက်ရေးလှအကျင့်က မပြတ်။ သို့ဖြစ်၍ မောင်အောင်ဆန်းကလေးသည် ကျောင်းစတက်ကတည်းက စာရေးနှင့်စာဖတ်များသာ အာရုံ စူးစိုက်





နှလုံးပိုက်ထားသလို ရှိလေသည်။

ဤသို့ဖြင့် ထမင်းစားချိန်နှင့် နားချိန်များပါမကျန် စာပြီးစာ၊ ရေးပြီးရေးဖြင့် ကလေးဘဝ ပညာသင်စတွင် စာပေအခြေခံ အမြစ် တွယ်ခိုင်မာခဲ့လေသည်။ တကယ်တော့ သူ စာရေးမည့် ကျောက်တံ အား စာရေးရန် အကြိမ်ကြိမ် မချွန်၊ ချွန်အောင် သွေးနေခြင်းသည် သူ့ဘဝကိုယ်သူ ထူးချွန်အောင် အကြိမ်ကြိမ်သွေးနေသကဲ့သို့ မဟုတ် ပါလား။ တစ်နည်းအားဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဖြစ်လာ လောက်အောင် ချွန်အောင် အကြိမ်ကြိမ်သွေးနေသကဲ့သို့ မဟုတ်တုံ လော။ နောက်တစ်နည်းအားဖြင့် တိုင်းပြည်ခေါင်းဆောင်ကြီး ဖြစ် အောင် အကြိမ်ကြိမ်ချွန်အောင်၊ မြအောင် သွေးနေသကဲ့သို့ဖြစ်ပြီး တိုင်းပြည် လွတ်လပ်ရေးကြီး ရလေအောင် သွေးနေခြင်းဖြစ်သည် သာ မဟုတ်တုံလော။

## ပင်ကိုယ်စရိုက်

ကျောင်းသားဘဝ၌ အခါများစွာတို့တွင် အပေါင်းအသင်း မိတ်သင်္ဂဟကျဲသည်ဟု ဆိုချင်လျှင် ဆိုနိုင်သေး၏။ ကျောင်းသား ချင်းပင် များစွာ ရောနှောပေါင်းသင်းခြင်း မရှိတတ်ပေ။ အတူ ကစား လေ့မရှိ။ စာရေး စာဖတ်ဖြင့် အချိန်ကုန်ရပြီး ရံဖန်ရံခါ တစ်ယောက် တည်း ငေး၍၊ တွေး၍နေသလို သုန်မှုန်နေတတ်၏။ စိတ်တိုတတ် ခြင်း၊ ဒေါသကြီးတတ်ခြင်းကြောင့် ရွယ်တူများက သူ့ကို ကြောက် တတ်ကြသလို ကြီးသူများကလည်း ရှောင်ကြ၏။ ဘယ်သူတွေ ဘာပြောပြော ဘာဖြစ်ဖြစ် အရာရာမှာ ဝင်၍မပါတတ်၊ မစွက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တတ်။ မျက်နှာထား တည်တည်ကြီးနေတတ်သည်။ ပို၍ ဆိုးသည်မှာ သူ့အား စကားစ၍ ပြောသူရှိသည့်တိုင် သူသည် ဘာမျှပြန်မပြောပဲ နေတတ်သည့်အခါများစွာမှာ မကြားသလို နေတတ်သဖြင့် ဘဝင်မြင့်သလို၊ မထေမဲ့ မြင်ပြုသလိုပင် ထင်နိုင်စရာရှိသော်လည်း သူ၏ ငယ်စရိုက် ဘဝတာထွက် အစကတည်းက ထူးခြားဖြစ်စဉ်ဟု ဆိုချင်က ဆိုနိုင်သေး၏။

တကယ်ကတော့ မောင်အောင်ဆန်းသည် သူ့စာနှင့် သူ့အတွေး၊ သူ့အရေးမှာ စိတ်အစွဲသန်နေသကဲ့သို့ ဖြစ်ရလေသည်။

ကျောင်းသားတစ်ယောက်၏တာဝန်သည် ကျောင်းစာကို ပိုင်ဆိုင်နိုင်နင်းအောင် စာကြေနေရမည်သာ ဖြစ်သည်။ ကျန်ကျန်းမာရေးမှအပ မည်သည့်အရေးအရေးမှ ကျောင်းစာထက် အရေးမကြီး ဟု နှလုံးသွင်း စွဲမြဲခိုင်ခံ့နေခြင်းသည် ထိုကျောင်းသားတစ်ယောက်၏ ကြီးမားသော အဓိကအချက်ကြီးနှင့် ရည်ရွယ်ချက်ကြီး ဖြစ်နေရလေသည်။

## ကောင်းသော အတုကို ကျင့်ယူပါ

ဤသို့ဖြစ်ရန်မှာ မောင်အောင်ဆန်းကဲ့သို့ ကလေးမှာပင်ကိုယ်မူလ အဇ္ဈတ္တ သန္တာန်ပါ စိတ်ထူးမျိုးဖြစ်လျက် အချို့မှာတော့ လေ့ကျင့်ယူက ရ၏။ ကောင်းသော အတုခိုးနည်းဖြင့် ပြုပြင်ယူက ရနိုင်၏။ အပင်မှည့်က အရသာရှိသကဲ့သို့ အုပ်မှည့်ကလည်း ရသပြည့်ဝစေသည်။

ပညာသင်ချိန်မှာ ပညာသာ အဓိကဖြစ်၏။ ပညာသည်





အသိအလိမ္မာဖြစ်၏။ ထိုပညာကို နက်နဲစွာ ထိုးထွင်းသိမြင် နိုင်ရမည်။ အရင်းအမြစ်ထိ နှိုက်ယူတတ်က ဝိဇ္ဇာဉာဏ်ထူး၊ အလင်းဓာတ်ထူး၊ အသိ ထူးများ ဆက်လက်တိုးပွားစေလေသည်။ ဤပညာအလင်းဓာတ်ခံ အားကောင်းသွားပါက ထိုစာပေပညာနှင့် ဆက်စပ်သော သဘောတရားနှင့် လက်တွေ့လုပ်ထုံးလုပ်နည်းတို့မှာ သာမန်သူများစွာထက် အကျိုးအမြတ်ကြီးစွာ ခရီးရောက်နိုင်လေသည်။

စာပေပညာ လိုလားသင်ကြားနေကြသည့် ကျောင်းသူ၊ ကျောင်းသားများအဖို့ ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်လျက် တကယ့်လိုလိုချင်ချင် စိတ်ဝင်စားစွာဖြင့် ကြိုးစားခြင်းနှင့် စာကို တစ်စာစာ ကျက်မှတ်တတ်ခြင်းဖြင့် မောင်အောင်ဆန်းကို အတုယူရမည်။

မောင်အောင်ဆန်းဘဝမှ ဗိုလ်ချုပ်အောင်ဆန်းအထိ မြန်မာသိ၊ ကမ္ဘာသိ ဖြစ်လာရသည်မှာ သူလို ငါလိုနေ၊ သူလို ငါလိုစား၊ သူလို ငါလို သွား၊ သူလို ငါလို ကစား၊ အပျော်အပါးကြားခို၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား အခြေအနေမျိုးဖြင့် ဤသို့ ဖြစ်မလာနိုင်ဟု မှတ်ရမည်။

မောင်အောင်ဆန်းသည် သူလိုငါလိုထက်ထူးသော စာပေပညာ၊ သုတပညာကို အချိန်ပြည့် ကျက်မှတ်နာယူ၊ သင်အံလေ့ကျင့်၊ အချိန်ပြည့် ဒီစာကိုပင် အာရုံစူးစိုက် နှလုံးပိုက် စွဲမြဲခဲ့ခြင်းဖြင့် သူလိုငါလိုထက် ထူးသော ခေါင်းဆောင်ကောင်းကြီးအဖြစ် ကမ္ဘာထိ လေးစား၊ ကြည်ညိုခံဘဝသို့ ရောက်သွားရလေသည်။

မောင်အောင်ဆန်းကိုယ်တိုင်က ဤသို့ ဗိုလ်ချုပ်ကြီးဖြစ်အောင် တမင်ရည်ရွယ်ပြီး စာကျက်သည် မဟုတ်။ တမင်ကြိုးစား၍ ဖြစ်ချင်မှဖြစ်မည်။ ဖြစ်တော့ ဖြစ်တတ်သည်။ တကယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ဆန်း၏ ကာ၊ ဉာဏ်၊ ဝီရိယ ဓာတ်ခံအားကြီးခြင်း၊ ကြိုးစားလုံ့လ ကာ၊ ဉာဏ်၊ ဝီရိယ၊ ဉာဏ်စွမ်းဉာဏ်စနှင့် ပြောသလို လုပ်ရဲလျက်၊ လုပ်သလို ပြောရဲခြင်း သတ္တိထူးမှ ရောက်ရမည့်နေရာ အဆင့်အတန်းသို့ ထိုက်ထိုက်တန်တန်အားဖြင့် အလုပ်ဖြင့် တကယ် ရောက်သွားခြင်းဟု ဆိုနိုင်ပါသည်။

## အစကောင်းမှ အနှောင်းသေချာ

မောင်အောင်ဆန်း၏ ငယ်စဉ်ဘဝ ကျောင်းသားအရွယ်မှ အစ၏ကောင်းခြင်း၊ ပညာသင်ယူရရှိခြင်း ပညာအလင်းဓာတ်အားမှာ မြန်မာပြည် လွတ်လပ်ရေးရစေကာ ကမ္ဘာတိုင် ကောင်းသတင်း ကျော်စောရခြင်းအထိ အကျိုးဆက် ကြီးမားစေလေသည်။

## မြန်မာ+အင်္ဂလိပ် စာသင်ကျောင်းသို့

ပညာလိုလား သင်ယူလိုအားကြီးမားလှသည့် မောင်အောင်ဆန်းသည် အတန်းမြင့်လို၊ စာမြင့်လိုသော ဆန္ဒကြီးမားနေ၏။ ပညာဆိုသည် လိုလားဆန္ဒအားကြီးခြင်း၊ ဝီရိယဓာတ်ခံအား ကြီးခြင်း၊ စိတ်နှလုံး ဖောက်ချနိုင်မြဲအား ကြီးခြင်း၊ ထိုပညာအပေါ် စဉ်းစား အမြော်အမြင် ကြီးခြင်းဆိုသည့် ဖော်ပြပြီး အခြေခံဣဒ္ဓိပါဒ် လေးပါး ပြည့်စုံမှ အတတ်စုံမြောက် ပညာရောက် သိဒ္ဓိပေါက်ဖြစ်နိုင်ကြလေသည်။

မဇ္ဈိမစာပေတိုက်



သို့ဖြစ်၍ မောင်အောင်ဆန်းသည် အစ်ကိုကြီးဖြစ်သူ ဦးဘဝင်းနှင့် ရေနံချောင်းမြို့၊ အမျိုးသားအထက်တန်းကျောင်းသို့ သွား၍ သူ့အစ်ကိုများနည်းတူ ပညာသင်ရန် စိတ်ရည်သန်နေ၏။ ထိုစဉ်က အစ်ကိုကြီးဦးဘဝင်းမှာ ရေနံချောင်းမြို့၊ အစိုးရအထက်တန်းကျောင်းမှာ အထက်တန်းပြဆရာ ဖြစ်နေသည်။

မောင်အောင်ဆန်းသည် ထိုနှစ်က ထိုရည်ရွယ်ချက်များဖြင့် နတ်မောက်တွင် (၄) တန်း စကောလားရှစ်ကို ဝင်ဖြေရန်အထိ ကြိုးစားထားပြီးသော်လည်း အသက်ငယ်နေခြင်းကို အကြောင်းပြု၍ ဖြေခွင့်မရခြင်းကြောင့် အကြီးအကျယ် ဒေါသဖြစ်ခဲ့ရသည်။

"ဒင်းတို့ . . တစ်နေ့ သိစေမယ်။ မသင်ရတော့ ဘာဖြစ်မှာတုန်း . . သိကို သိစေရမယ်"

စသည့် စကားများဖြင့် မခံရပ်နိုင်အောင် ဖြစ်နေသဖြင့် မိခင်က ဖျောင်းဖျ ချော့မော့ထားရလေသည်။ တကယ်က မောင်အောင်ဆန်း၏ ပညာသင်ကျောင်းသားဘဝသည် ပညာယူရာ၌ အားကျဖွယ်ဖြစ်၏။ သူ သင်ယူရရှိထားသော သူ့ပညာစွမ်းကို သူ ယုံသည်။ မိမိအပေါ် မိမိ ယင်းသို့ ယုံကြည်ချက်ကြီးမား၍သာ 'ဒီစကောလားရှစ် ငါဖြေက အောင်ကိုအောင်ရမည်' ဟူ၍ တထစ်ချ ယုံကြည်ပြီးမှ မဖြေလိုက်ရခြင်းအပေါ် ဒေါသမီး ဟုန်းခနဲတောက်၍ မခံချင်စိတ်သည် ဖွဲမီးပမာ မငြိမ်းနိုင် ဖြစ်ရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သူ့စိတ်မှာ အမှန်ဖြစ်ပေါ်လာသည့် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စများကို စဉ်းစားမြန်၊ ဆုံးဖြတ်ချက်မြန်စွာ ဆုံးဖြတ်တတ်သည်။ ဖြစ်အောင်လုပ်၍ ရအောင်ယူနိုင်သော မွေးရာပါသတ္တိထူး ကြီးမားသူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ☆ ☆ ☆ ☆ ရွေ့ရေးအမြင် ☆ ☆ ☆ ☆

### အထွေထွေကပ်ကြီး

"ဤမနေရှင် ဝါဒ ကမ္ဘာပေါ်တွင် ပျံ့နှံ့နေသရွေ့ ကာလပတ်လုံး တစ်နည်းအားဖြင့် ဆိုရသော် ဤမနေရှင်ဝါဒ ပပျောက်ပြီးလျှင် ဖြဟ္မစိုရ်တရား အခြေပြုသော ဆိုရှယ်လစ်ဇင်း (ခေါ်) လူအများ ကောင်းစားရေး ဝါဒ မပြန့်ပွား၊ မစဉ်းစားသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့ရဲ့ ကမ္ဘာမြေတွင် အထွေထွေသော ကပ်ကြီးများ ဆိုက်ရောက်လျက်ပင် ရှိကြပေလိမ့်ဦးမည်"

ဤကား (၁၉၄၆) ခုနှစ်၊ ဇန်နဝါရီလ၊ (၂၀) ရက်နေ့၊ ရွှေတိဂုံစေတီ အလယ်ပစ္စယံ ညီလာခံတွင် ထုတ်ဖော်မှာကြားခဲ့သော ဗိုလ်ချုပ်၏ ယုံကြည်ချက် အမှာစကားပင် ဖြစ်သည်။





### တိုင်းပြည် ပြန်လည် ထူထောင်လျှင်

"ဒီတစ်နိုင်ငံလုံးရဲ့ အခြေအနေအားလုံးကို ချိကြည့်ပြီးတော့ တစ်တိုင်းပြည်လုံး ကောင်းဖို့၊ အမြဲတမ်းကောင်းဖို့ကို ရှေးရှုပြီးတော့ လုပ်ရတဲ့အခါဖြစ်တဲ့အတွက် လူတွေဟာ စားချင်တိုင်း ပထမ မစားရဘူး။ ဝတ်ချင်တိုင်း မဝတ်ရဘူး။ နေချင်တိုင်း မနေရဘူး။ အဲဒီလိုဖြစ်ရတယ်။ ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ်ဆိုလို့ရှိရင် အဲဒီစီမံကိန်းမျိုးတွေနဲ့ မလုပ်ပဲနဲ့ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး။ မထူထောင်နိုင်ဘူး"

ဟူ၍ (၁၉၄၇) ခုနှစ်၊ ဇူလိုင်လ၊ (၁၃) ရက်နေ့က မြို့တော်ခန်းမ၌ အမှာစကား ပြောကြားခဲ့သည်။

ယခု ကျွန်ုပ်တို့သည် တကယ်ပင် ခြိုးခြံချွေတာကြပါ၏လော။

### လွတ်လပ်ရေးနှင့် စည်းကမ်း

"ဒီတော့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပါယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာ နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီး စည်းကမ်းရှိဖို့ လိုတယ်။ ရှေ့ကို လွတ်လပ်ရေး အရသာကို ခံစား၊ စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ လိုပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မှာခဲ့ပြန်သည်။ တကယ်ပင် စည်းကမ်းကလနား ရှိကြပါ၏လော။

ဗိုလ်ချုပ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးညီညွတ်ရေးကို ဦးစားပေး၊ အလေးပေးထား ဆောင်ရွက်ခဲ့သော နိုင်ငံ့ခေါင်းဆောင်လည်း ဖြစ်သည်။ တိုင်းရင်းသားအမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍လည်း . . .

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပါပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲ အပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှ အကျိုးရှိနိုင်မယ်"

ဟု ပြောကြားခဲ့သေးသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မှန်ကန်သည့် ယုံကြည်ချက်ရှိသူ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ ခံယူချက်၊ ယုံကြည်ချက်နှင့်အညီ နိုင်ငံရေးလမ်းစဉ်ချမှတ်ကာ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ သူ့ နိုင်ငံရေး ယုံကြည်ချက်ကား . . .

## ဒီမိုကရေစီသစ်နိုင်ငံ

"နယ်ချဲ့စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်ကို တွန်းလှန်ဖြိုဖျက်ပြီး ပြည်သူတွေရဲ့အခွင့်အရေးကို ဆောင်ရွက်မယ့် ပြည်သူ့လူတန်းစားပေါင်းစုံ အာဏာရှင်စနစ် ပုံသဏ္ဌာန်ဆင်ထားတဲ့ ဒီမိုကရေစီသစ်နိုင်ငံရေး ဖြစ်ရမယ်" ဟူ၍ နိုင်ငံရေး ပြတ်ပြတ်သားသား

မဇ္ဈိမစာပေတိုက်



ပြောကြားခဲ့ပေသည်။ ထို့ပြင်မက . . .

"ကျွန်ုပ်တို့ လိုချင်တာကတော့ လူအများဆုံး ချမ်းသာသုခရအောင် အဲဒီလို လူအများဆုံးက ကြိုးကိုင်တဲ့ အာဏာရှင်လုပ်တဲ့ ဒီမိုကရေစီမျိုးကိုသာ လိုချင်တာပဲ . . . အကုန်လုံး အကျိုးရှိတဲ့ ဒီမိုကရေစီဆိုတာကတော့ အခုလို ဓနရှင် အလုပ်သမား၊ လယ်ရှင်အစရှိတဲ့ လူတန်းစား ကွဲပြားမှုတွေ ရှိနေသရွေ့ မဖြစ်နိုင်သေးဘူး" ဟု မိန့်ကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး ယုံကြည်ချက်ကား တက္ကသိုလ်ကျောင်းသားဘဝ ၊အိုးဝေမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာကအစ၊ နိုင်ငံရေး ခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်နှင့် ပြည်သူလူထု၏ မျိုးချစ်ခေါင်းဆောင်အဖြစ် ရောက်သည်အထိ ဤအတိုင်းပင်ဖြစ်၏။

"အဲဒီတော့ ပဒေသာပင်ဟာ မြေက ပေါက်လာမှာ မဟုတ်ဘူး။ ပဒေသာပင် ပေါက်အောင်ဆိုလျှင် ကျွန်တော်တို့ အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ စကားခပ်ရိုးရိုးဆိုရင် အတော်ကိုမြဲအောင် ကြိုးစားနိုင်မှ လုပ်နိုင်မှ၊ အဲဒါအတော့်ကို ကုန်းလုပ်နိုင်မှ အနှစ် (၂၀) လောက်ရှိတဲ့အခါမှာ တော်ကာကျမယ်"

(၁၉၄၇) ခု၊ ဇူလိုင်လ၊ (၁၃) ရက်နေ့တွင် မြို့တော်ခန်းမ၌ ဗိုလ်ချုပ် မိန့်ကြားခဲ့သည်။ (ကျမ်းကိုး။ ၁၅. ၇. ၆၉ ခုနှစ်ထုတ်၊ အိုးဝေဂျာနယ်၊ စာ-၁၉/၂၂)

www.burmeseclassic.com

www.burmeseclassic.com



## ☆☆☆☆ ဝရမ်းပြေးဘဝ
## သခင်အောင်ဆန်း ☆☆☆☆

### ထိုစဉ်က အခြေအနေ

ထိုအချိန်က နိုင်ငံရေးထိပ်သီးခေါင်းဆောင်အများစုသည် ထောင်ထဲဝင်နေကြရပြီ။ တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်စိုး၊ သခင်နု၊ သခင်ဗစိန်၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ သခင်နု၊ ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ဆင်းရဲသားပါတီခေါင်းဆောင် နန်းရင်းဝန်ဟောင်း ဒေါက်တာဘမော် စသည့် ရဲရဲတောက် ခပ်များများဟာ ဗြိတိသျှနယ်ချဲ့ရဲ့အကျဉ်းထောင်ထဲမှာ ရောက်နေကြတယ်။

နယ်ချဲ့တို့ဟာ ဤသို့ လက်သံပြောင် ခေါင်းဆောင်များစွာကို ကိုလိုနီထောင်အတွင်း အကျဉ်းချပြီး၍ ကျန်သူတွေအပေါ် ပေါ့ပေါ့တွက်နိုင်သော်လည်း သခင်အောင်ဆန်းအပေါ် ဆင်ကြံကြံ၍ဖမ်းရန် မျက်ခြည်ပြတ်မခံ။ ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်ရဲ့ အကြံအစည် အကွက်ဆင် ထောင်၍ဖမ်းနည်းများဟာ အဘယ်သို့ ယုန်တောင်မြေး၊ ခွေးမြောက်လိုက် ဖြစ်ရသနည်း ဆိုတဲ့ ဖြစ်စဉ်





တွေမှာ နယ်ချဲ့တော်လှန်ရေးကာလသည် မြန်မာတို့၏ ဂုဏ်ယူစရာလှုပ်ရှားမှုတွေကို အံ့ဖွယ် တွေ့ရပါတယ်။

### ထောင်တွင်းသွင်းရန် ဆင်ကြံ ကြံ

အဲဒီ ဇလွန်မြို့မှာကျင်းပမယ့်နေရာကို သာယာဝတီခရိုင် တို့ဗမာအစည်းအရုံးဝင် လယ်သမားတပ်ကြီး ချီတက်သွားဖို့ တို့ဗမာအစည်းအရုံးခေါင်းဆောင်ကြီး သခင်မြက စီစဉ်ထားတဲ့အတိုင်း သခင်ချစ်မောင်က ဦးဆောင်ပြီး တောင်သူလယ်သမား နှစ်ထောင်လောက်နဲ့ ချီတက်သွားတယ်။ အဲဒီ ချီတက်ရာ လမ်းတစ်လျှောက် လမ်းဝဲယာမှာရှိတဲ့ ကျေးရွာတွေက စားစရာ ထမင်းထုပ်တွေ လှူကြတာ ဖူလုံရုံမျှမက အလျှံပယ်ပါပဲ။

အဲဒီနှစ် ဇွန်လ (၁) ရက်နေ့ည ဇလွန်ညီလာခံ အောင်ပွဲအထိမ်းအမှတ်အဖြစ် နိုင်ငံရေးတရားပွဲကြီး ကျင်းပခဲ့တယ်။ အဲဒီ နိုင်ငံရေးတရားပွဲကြီးမှာ သခင်အောင်ဆန်းက တို့ဗမာအစည်းအရုံးဌာနချုပ် အထွေထွေ အတွင်းရေးမှူးအဖြစ် ဟောမှာဖြစ်လို့ ပရိသတ် အပြည့် ရှိနေကြတယ်။

ဒီသတင်းကို ကြိုတင်သတင်းရယူပြီးဖြစ်တဲ့ ဟင်္သာတ ရာဇဝတ်ဝန် မစ္စတာဇေဗီယာကိုယ်တိုင် ပုလိပ်ဌာနမှာရှိတဲ့ ဌာနအုပ်အိမ်မှာ ကြိုတင်ရောက်နေပြီး သခင်အောင်ဆန်းကို အပြစ်ရှာမယ်။ အရေးယူပြီး ထောင်ထဲသွင်းမယ်ဆိုတဲ့ တိကျတဲ့စီမံကိန်းဟာ ရပ်က မစ္စတာဇေဗီယာရဲ့လက်ထဲမှာ အသင့်။

ညီလာခံမဏ္ဍပ်ကြီးအတွင်းမှာ လူထုတရားပွဲကြီးကို ဇွန်လ



www.burmeseclassic.com

www.burmeseclassic.com



(၁) ရက်၊ ညဥ့် (၇) နာရီအချိန်မှာ စတင်လို့ ကျင်းပကြပါတယ်။ ရှေးဦးစွာ သခင်ချစ်မောင်က ရှေ့ထွက်ဟောတယ်။ ဒုတိယက သခင် တင်မောင် (ကျုံမငေး) က ဟောမှာဖြစ်ပြီး တတိယ ပွဲသိမ်း ဟောမှာက သခင်အောင်ဆန်း ဟောမှာပါ။

အစီအစဉ်အရ ရှေ့ထွက်သခင်ခေါင်းဆောင်နှစ်ဦး တရားဟောအပြီး ဌာနချုပ် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းဟာ စင်မြင့်ပေါ် တက်အလာ သောင်းချီနေတဲ့ တရားပွဲလာ ပရိသတ်ကြီးရဲ့ဩဘာလက်ခုပ်သံတွေဟာ မိုးယံအထိ ပွင့်လျှံမြည်ဟီးလို့ သခင်အောင်ဆန်းကို ကြိုဆိုကြပါတယ်။

သခင်အောင်ဆန်းက ကြက်ပျံမကျ စည်ကားနေတဲ့ ပရိသတ်ကြီးကို ပဏာမစကား စလို့ပြောကြားချိန်မှာ ဆင်ကြံ့ကြံ့နေတဲ့ ပုလိပ် စီအိုင်ဒီ သတင်းတပ်ဖွဲ့ဝန်ထမ်းတွေ၊ စုံထောက်တွေဟာ ဗိုလ်ချုပ်အောင်ဆန်း တရားဟောရာ စင်မြင့်ကို ဝန်းရံလို့ အသီးသီး နေရာယူထားကြတယ်။

အဲဒီဝန်းရံထားတဲ့ဝန်ထမ်းတွေထဲက တာဝန်ရှိစုံထောက် တစ်ယောက်က တရားဟောစင်မြင့်ပေါ်ရှိ သခင်အောင်ဆန်းကို ထူးထူးခြားခြား စာတစ်စောင်လာပေးတော့ သခင်အောင်ဆန်းက ယူပြီး စာကိုဖွင့်ဖတ်လိုက်ပြီး ပြုံးလိုက်တယ်။





## အိုးရွဲ့နဲ့ စလောင်းရွဲ့

ဟသ်ာတခရိုင် ရာဇဝတ်ဝန် မစ္စတာဇေဗီယာထံက သခင်အောင်ဆန်းဆီကို ပေးစာ။ ဒီစာက ဆင်ကြံ့ကြံ့ ထောင်ဖမ်းဖို့စာ။ သခင်အောင်ဆန်းကို ရွဲ့စောင်းပြီး မလုပ်ရဲလောက်ဖူး အထင်နဲ့ လာပြီး ရန်စတဲ့သဘောပါ။ ဒါကို သခင်အောင်ဆန်းက ဒီစာဖတ်ပြီး ပြုံးလိုက်တာကိုက တယ်ကောင်းတဲ့အကြံပါလား။ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးပေးလိုက်ရုံပဲလို့ အပိုင်တွက်ပြီးသားမို့ ပြုံးလိုက်တာမျိုးပါ။

တကယ်ကတော့ ကျားရှေ့ ခွေးချော်လဲသလိုမျိုးပါ။ သခင်အောင်ဆန်းဟာ အချိန်မဖြုန်း ကိစ္စတုံး တစ်ချက်လွှတ် ခုန်အုပ်ရမယ့် ကိစ္စလို့ ရဲရဲတောက် ဆုံးဖြတ်ပြီး တရားပွဲလာ လူထုပရိသတ်ကြီးဆီ မျက်နှာမူလိုက်ပြီး . . .

"ဟောဒီမှာဗျ . . ဒီစာက ဟသ်ာတရာဇဝတ်ဝန် မစ္စတာဇေဗီယာထံက ဖိတ်စာတစ်စောင် ပေးလိုက်ပါတယ်။ သူ့စာမှာ ဖော်ပြထားတာကတော့ ချင်းတောင်မှာ ဖြစ်ပွားခဲ့တဲ့ကိစ္စကို ယခုဟောပြောရာမှာ ထည့်သွင်းဟောပြောခြင်း မပြုဖို့ ပိတ်ပင်တားမြစ်ထားတာပါပဲ။ အတော်ပဲဗျာ . . . မူလအစကတော့ ဒီချင်းတောင်ကိစ္စကိုပြောဖို့ မေ့နေတယ်။ ယခု ဟသ်ာတ ရာဇဝတ်ဝန် သတိပေးမှပဲ ကျုပ် သတိရတော့တယ် . . . ကဲ . . ပရိသတ်ကြီးကို မေးရဦးမယ် . . ချင်းတောင်ကကိစ္စ ကြားချင်၊ သိချင်ကြသလား"

သခင်အောင်ဆန်းရဲ့အမေးကို စိတ်ဝင်စားနေကြတဲ့ ပရိသတ်ကြီးက ညီထားသလို တစ်ပြိုင်နက်တည်း 'ကြားချင်ကြပါတယ်။ သိချင်ပါတယ်' လို့ ဝိုင်းအော်လို့ တောင်းခံကြပါတယ်။ ဒီတော့ သခင်အောင်ဆန်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကြားသိချင်ကြတယ်ဆိုရင်တော့ဖြင့် ပြောချင်နေတာနဲ့ အတော်ပါပဲ။ ချင်းတောင်မှာဖြစ်ခဲ့တဲ့ ကိစ္စကတော့ ဒီလိုပါ" လို့ နိဒါန်းစပြီး . . .

"ချင်းတောင်မှာ ဗြိတိသျှနယ်ချဲ့အစိုးရက ပြည်သူလူထုကို ရက်ရက်စက်စက်နှိပ်ကွပ်နေတယ်။ ချင်းအမျိုးသားခေါင်းဆောင်တို့ဗမာအစည်းအရုံးက သခင်ဝမ်းသူးမောင်ကို ဘယ်လိုနှိပ်စက်ကြတယ် ထင်လဲ။ သခင်ဝမ်းသူးမောင်ကို နယ်ချဲ့ပုလိပ်တွေက ကိုယ်ကို ကြိုးကွင်းစွပ်ပြီး ဖမ်းဆီးခေါ်လာတယ်။ နောက်တော့ ချည်ထားတဲ့ကြိုးကို ရှေ့ကမြင်းနဲ့ ဆွဲသွားပြီး သခင်ခေါင်းဆောင်ကို မြေပေါ်မှ တရွတ်တိုက်ဆွဲသွားတယ်။ ချင်းတိုင်းရင်းသားတွေက ဗြိတိသျှအစိုးရကို မဆန့်ကျင်ရဲအောင် လက်တွေ့ရက်စက်ပြလိုက်တာပဲ။ ဗြိတိသျှအစိုးရဟာ ချင်းတောင်မှာ အဲဒီ့လောက် ဆိုးဆိုးရွားရွား ဝိမူရလက်သစ် ဇာတ်ခင်းခဲ့တယ်။ အဲဒါ ဗြိတိသျှအစိုးရဲ့ ဒီကနေ့ လုပ်နေပုံပဲ . . ."

သခင်အောင်ဆန်းရဲ့ စကားအဆုံးမှာ နားထောင်နေကြတဲ့ ပရိသတ်ကြီးဟာ ချက်ချင်း လှုပ်လှုပ်ရွရွဖြစ်ပြီး ဒေါသအိုးပေါက်ကွဲလို့ မျက်စိနှစ်ကွင်းအစုံအစုံဟာ မီးဝင်းဝင်းတောက်ကြလို့ လက်သီးလက်မောင်းတန်းကြပြီး အံတကြိတ်ကြိတ် ခံစားနေကြကာ ဗြိတိသျှအစိုးရရဲ့ ရက်စက်ကြမ်းကြုတ် ယုတ်မာမှုတွေကို ချက်ချင်းတုံ့ပြန်လိုစိတ်တွေ ဖြစ်ပေါ်နေကြပြီး လက်နက်စွဲကိုင်လို့ အခုပင် ထသွားကြမယ့် လှုပ်ရှားပုံတွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီလို ပရိသတ်ကြီးရုတ်ရုတ်သဲသဲ အခဲမကြေဖြစ်နေတဲ့ကြားက သခင်အောင်ဆန်းဟာ ချက်ချင်းရုတ်ချည်း ကိုယ်ယောင်ဖျောက်လိုက်တော့တယ်။

ဒီတော့ တစ်ဖက်က ဟသ်ာတရာဇဝတ်ဝန်က တမင် ဒီစာ





နဲ့ တားတာဟာ တားတဲ့အထဲက ဒီလူက မနေပဲ ဟောမယ်ဆိုတာကြိုသိလို့ ထောင်ဖမ်းမယ့်အစီအစဉ်ဟာ အကွက်ဝင်ပြီ။ ချင်းတောင်က သခင်ဝမ်းသူးမှောင်ကိစ္စကို သခင်အောင်ဆန်းက တည့်တည့်ကြီးပင် စကားတန်ဆာမဆင်ပဲ ပြောလိုက်ပြီးပြီ။

အဲဒီအခါ သခင်အောင်ဆန်း တရားဟော စင်မြင့်က ဆင်းသည်နှင့် ဖမ်းမယ်၊ ဆီးမယ်ရယ်နဲ့ အသင့်စောင့်နေကြတဲ့ ပုလိပ်တွေ၊ စုံထောက်တွေကြား လူထုကြီး ပြည့်ကျပ်နေကြတဲ့ကြားအထဲက သခင်အောင်ဆန်းကို ရှာမရဖြစ်ပြီး အရအမိ ရှာဖွေတဲ့အကြည့်တွေနဲ့ ခေါင်းမီးတောက်အောင် ပူလောင်ထန်ပြင်း မျက်စိနှစ်ကွင်း ဒေါသမီး ဝင်းဝင်းတောက်ကြပြီပေါ့။

တကယ်ကတော့ သခင်အောင်ဆန်းဟာ တိုးမပေါက်တဲ့ လူထုကြီးထဲမှာ အနီးကပ်စောင့်ရှောက်နေကြတဲ့ သခင်တင်အောင် (လက်ရုံးတပ်ဗိုလ်)၊ ကြံခင်းသခင်လေးမြင့်၊ သခင်တင်မောင် (ကျုံမငေး) တို့ပါ ဝန်းရံကြလို့ လွှတ်ရာသို့ လူအုပ်ကြီးနဲ့ မှောင်ရိပ်ခိုကာ လွတ်ရာသို့ သွားကြလေပြီ။

သခင်အောင်ဆန်းတို့ကတော့ ဇလွန်သင်္ဘောဆိပ်ဆီသို့ သွားကြလို့ ရောက်တဲ့အခါ ဇလွန်ဆိပ်ကမ်းမှာက အသင့်စောင့်နေကြတဲ့ အဆန်သင်္ဘောပေါ်ကို လျို့ဝှက်တက်ကြတယ်။ ဇလွန်ကနေ ဇလွန်အထက် ဒေါင့်ကြီးရောက်တော့ အထက်က စုန်လာတဲ့ သင်္ဘောပေါ် ထပ်ပြီး ပြောင်းတက်ကြတယ်။

အဲဒီ့မှာ သခင် တင်မောင် (ကျုံမငေး) နဲ့အတူ သခင်အောင်ဆန်းဟာ ဟသ်ာတဘက် သင်္ဘောဆက်စီးကြတယ်။ သခင်တင်အောင် (လက်ရုံးတပ်ဗိုလ်)နဲ့ ကြံခင်း သခင်လေးမြင့်တို့ဟာ စုံထောက်တွေကို ကိုယ်ယောင်ပြလို့ အာရုံပြောင်းစေခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာတခရိုင် ရာဇဝတ်ဝန် မစ္စတာဇေဗီယာဟာ အကြီးအကျယ် ဒေါသဖြစ်ပြီး သခင်အောင်ဆန်းတို့ကို လက်ရဖမ်းဖို့ မျက်စိအောက်က အပျောက်ခံလိုက်ရပြီဆိုကတည်းက ရာဇဝတ်ဝန်လေးနဲ့အတူ ပုလိပ်ငယ်ကြီးအသီးသီးကို ခေါက်ငမ်း ကြိမ်းမောင်းပြီး တစ်ယောက်မျှ မနားရ။ မအိပ်ရစတမ်း နေ့ည ရှာဖွေဖို့ အမိန့်ပေးလိုက်တယ်။ ခရိုင်နယ်ပယ်အတွင်း တာဝန်ရှိသူမှန်သမျှ ပိတ်ဆို့ကာဆီးလို့ အရအမိ ဖမ်းစေဆိုတဲ့ကြားက ပျောက်ချင်းမလှ ပျောက်သွားတဲ့ သခင်အောင်ဆန်းအပေါ် မကျေမချမ်းနိုင်ပဲ ရတက်မွေသောကမီး တောက်ရတယ်။

တကယ်က အသက် (၂၅) နှစ်လောက်ရှိတဲ့ သားမြေးအရွယ် လူမမယ် သခင်အောင်ဆန်းဆိုတဲ့ ကာလေးကို ငါလို ခရိုင်ရာဇဝတ်ဝန် အရင့်အမကြီးက ကြက်ဖမ်း၊ ငှက်ဖမ်း ဖမ်းမိရမယ့်ဒီလောက်ကျိန်းသေပေါက် အပိုင်ချည်ပြီး တုပ်ပြီး အကွက်ထဲကမျက်စိဒေါက်ထောက် ဝိုင်းဝိုင်းလည် ငါ့သစ္စာခံ ပုလိပ်တွေ၊ စုံထောက်တွေကြားက ငါ့နားရွက် တံတွေးဆွတ်လို့ လွတ်အောင်ပြေးနိုင်တယ်ဆိုတာ ကြားလို့မတော် မြင်လို့မသင့် ရှက်ဖွယ်လိလိလို့ မစ္စတာဇေဗီယာ အတွေးဝင်ပြီး ကိုယ့်မျက်နှာကို ဓားနဲ့လှီးပစ်ချင်လောက်အောင် အရှက်ကြီး ရှက်ရပြီး ကြံရာမရ အရှက်ပြေ အမိန့်မျိုးနဲ့ မိလိုမိငြား အမိန့်ထုတ်လို့ ဖမ်းဝရမ်းနဲ့ ကြေညာလိုက်ပါတယ်။

"ဟင်္သာတစီရင်စု၊ ဇလွန်မြို့တွင် (၁၉၄၀) ပြည့်နှစ်၊ ဇွန်လ၊ (၁) ရက်နေ့ ည၌ အစိုးရအား အကြည်ညိုပျက်လောက်အောင် တရားဟောပြောသဖြင့် ရာဇသတ်ပုဒ်မ (၁၂၄) (က) အရ အလိုရှိနေသော မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူး မောင်အောင်ဆန်း (ခေါ်) သခင်အောင်ဆန်းအား





ဖမ်းဆီးပေးသူကို ဖြစ်စေ၊ ဖမ်းဆီးရမိရန် သတင်းပေးသူကို ဖြစ်စေ ဟင်္သာတမြို့ ရာဇဝတ်ဝန်မင်းက ဆုတော်ငွေ (၅) ကျပ် (ငါးကျပ်တိတိ) ပေးသနားတော်မူလိမ့်မည်"



သခင်အောင်ဆန်းအား ငါးကျပ်တန် ဝရမ်းထုတ်ခဲ့သည့်
ရာဇဝတ်ဝန် ဇေဗီယာနှင့် ဇနီးပုံ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဝရမ်းထုတ်တော့တာပါပဲ။

ဒီနေရာမှာ သခင်အောင်ဆန်းနဲ့သခင်တင်မောင်(ကျုံမငေး) တို့ဟာ ဟင်္သာတမြို့မှာ ပိတ်မိနေကြတယ်။ ထွက်ပေါက်ရှာမရနိုင်တဲ့ အခြေအနေအမျိုးမျိုးကြားကနေ ဘယ်လိုအကွက်ဝင်ပြီး လွတ်မြောက်သွားရတယ်ဆိုတာ ပိုလို့ပင် စိတ်ဝင်စားစရာကောင်း လှပါတယ်။ ဒီတော့မှ ကယ်တင်ရှင် မေခလာဖြစ်လေတဲ့ မာရီလှတောဆိုတဲ့ ပုလိပ်မင်းကြီးကတော်ရဲ့ အလွန်လှပ သိမ်မွေ့တဲ့ သစ္စာတရားကို တွေ့ရမှာပါ။

တစ်ဆက်တည်း ကြိုတင်လို့ ပြောစရာက မြန်မာ့လွတ်လပ်ရေး သမိုင်းအတွင်း အရေးကြီးတဲ့ ဒီဇလွန်ညီလာခံနဲ့ ဒီမစ္စတာ ဖေဗီယာရဲ့ ဝရမ်းထုတ်တဲ့ ဆုတော်ငွေ ငါးကျပ်ကိစ္စအကြောင်း ကြားရသူတိုင်း ဒေါသလှိုင်းကြွ မခံမရပ်အောင် ဖြစ်ရတဲ့အပြင် အထူးခြားဆုံးက သခင်အောင်ဆန်းရဲ့ ကိုယ်ပျောက်ခန်းဟာ ဒီဇလွန်ညီလာခံကြီးအပြီး နောက်ရက်ပေါင်း (၆၉) ရက် (နှစ်လကျော်) အကြာဖြစ်တဲ့ (၈. ၈. ၁၉၄၀) ရက်နေ့မှာ မြန်မာ့သူရဲကောင်း အာဇာနည်ရဲဘော်သုံးကျိပ်ရဲ့ ပထမဆုံးခရီးစဉ်မှာ သခင်အောင်ဆန်းနဲ့ သခင်လှမြိုင်တို့ အမွိုင် (Amoy) ဆိုတဲ့ သင်္ဘောနဲ့ ပြည်ပခရီး ရေယာဉ်စီး ခုန်ထွက်နိုင်ကြတဲ့ ခရီးစဉ်ကြီးဟာ ထူးခြားဖြစ်စဉ်တစ်ရပ်အနေနဲ့ ပေါ်ပေါက်လာခဲ့တယ်။

ဒီတော့ သခင်အောင်ဆန်းနဲ့ သခင်တင်မောင် (ကျုံမငေး) တို့ ဟင်္သာတမြို့မှာ ဘယ်လိုပိတ်မိ ဘယ်လိုသောင်တင်နေကြပြီး ဘယ်လို ထွက်ရပ်လမ်း ရသွားသလဲ။ အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်တဲ့ မန်းဘခိုင်နဲ့ အဲဒီမှာ ဘယ်လိုစတွေ့ကြရသလဲဆိုတာကို သခင်အောင်ဆန်းနဲ့ နှစ်ယောက်တည်းပါ ကိုယ်တွေ့ သခင်





တင်မောင် (ကျုံမငေး) ရဲ့ ကိုယ်တွေ့ပြောကြားချက်ကို ဆက်ရှုစား ဖတ်ရှုစေချင်ပါတယ်။

## ဝရမ်းပြေး သခင်အောင်ဆန်း

ဒီအကြောင်းက တခြားတော့ မဟုတ်ပါဘူး။ ပရိသတ်တော်တော်များများက သိပြီးသားဖြစ်နေတဲ့ ကွယ်လွန်သူ ပြည်သူ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ တို့ဗမာအစည်းအရုံးခေတ် အထွေထွေအတွင်းရေးမှူးဘဝတုန်းက ဆုငွေ (၅) ကျပ် အထုတ်ခံခဲ့ရတဲ့ ဝရမ်းပြေးဘဝအကြောင်းကလေးပါပဲ။



ဝရမ်းပြေး သခင်အောင်ဆန်း၏ မှတ်တမ်းဝင်ပုံ



www.burmeseclassic.com

www.burmeseclassic.com



"ဟသ်ာတစီရင်စု၊ ဇလွန်မြို့တွင် (၁၉၄၀) ပြည့်နှစ်၊ ဇွန်လ၊ (၁) ရက်နေ့ ညဉ့် အစိုးရအား အကြည်ညိုပျက်လောက်အောင် တရားဟောပြောသဖြင့် ရာဇသတ်ပုဒ်မ (၁၂၄) (က) အရ အလိုရှိနေသော မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး မောင်အောင်ဆန်း (ခေါ်) သခင်အောင်ဆန်းအား ဖမ်းဆီးပေးသူကို ဖြစ်စေ၊ ဖမ်းဆီးရမိရန် သတင်းပေးသူကို ဖြစ်စေ ဟသ်ာတမြို့ ရာဇဝတ်ဝန်မင်းက ဆုတော်ငွေ (၅) ကျပ် (ငါးကျပ်တိတိ) ပေးသနားတော်မူလိမ့်မည်"

အဲဒီကြော်ငြာဟာ ဇူလိုင်လ (၁၂) ရက်နေ့ထုတ် သတင်းစာတွေထဲမှာ ပါလာခဲ့ပါတယ်။ ဟသ်ာတစီရင်စု ရာဇဝတ်ဝန်မင်း ဆိုတာကတော့ မစ္စတာဇေဗီယာ ဖြစ်ပါတယ်။

အဲဒီ့တရားပွဲမှာ ကျွန်တော်ဟာ သခင်အောင်ဆန်းနဲ့ အတူတူ တရားဟောခဲ့သူတစ်ယောက် ဖြစ်နေလေတော့ ဝရမ်းကလည်း အတူတစ်တွဲတည်းဖြစ်နေခဲ့ပါတယ်။

ဒီဆုတော်ငွေ (၅) ကျပ်ကြော်ငြာဟာ ဟိုအချိန်က ဗမာပြည်တစ်ပြည်လုံးမှာ တော်တော့ကို ဂယက်ရိုက်သွားခဲ့ပါတယ်။ ပြည်သူလူထုအထဲမှာရော နိုင်ငံရေးလောကထဲမှာရော အပြင်းအထန် လှုပ်ရှားသွားစေခဲ့ပါတယ်။

## နယ်ချဲ့လက်ပါးစေကိစ္စ

သခင်အောင်ဆန်းဟာ တို့ဗမာအစည်းအရုံးကြီးရဲ့ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ရုံသာမက တက္ကသိုလ်ဆီးနိပ်အဖွဲ့ဝင်





လူကြီးတစ်ဦးဖြစ်ပြီး တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ အဲဒီလို ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်အပေါ်မှာ စီရင်စုအုပ်ချုပ်ရေးမှူးလောက်သာ အာဏာရှိတဲ့ ပြည့်အစေခံတစ်ယောက်က အဆင်ခြင်ကင်းမဲ့စွာ ဆုတော်ငွေ (၅) ကျပ်ထုတ်ရပါမို့လားဆိုပြီး မစ္စတာဇေဗီယာကို ဝိုင်းပြီး အော့နှလုံး နာကြပါတယ်။ ရာဇဝတ်ဝန်ဟာ နယ်ချဲ့လက်ပါးစေ ပီသတယ်။ ယဉ်ကျေးမှု ခေါင်းပါးတယ်ဆိုပြီး ဆူကုန်ပါတယ်။ အုပ်ချုပ်ရေးပိုင်းအထဲမှာတောင် မကျေမနပ် ဖြစ်ကုန်ကြရပါတယ်။

## လွှတ်တော်တွင်း မေးခွန်း

အဲဒီလို ဂယက်ရိုက်မှုကြောင့်ပဲ ဩဂုတ်လ (၂) ရက်နေ့မှာ အစိုးရက 'သခင်အောင်ဆန်းအပေါ် ရာဇသတ်ပုဒ်မ (၁၂၄) (က) အရ တရားစွဲဆိုရန် အမိန့်ပေးထားသည်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း' လို့ ကြေညာပြီး အမှုကို ရုပ်သိမ်းလိုက်ရပါတယ်။

ဒီကိစ္စဟာ ဒီတွင်မရပ်သေးပါဘူး၊ ဩဂုတ်လ (၂၉) ရက်နေ့က အောက်လွှတ်တော် အစည်းအဝေးမှာတောင် မေးခွန်းတွေဘာတွေမေးပြီး ဆွေးနွေးကြတဲ့အထိ ဖြစ်လာရပါတယ်။

အောက်လွှတ်တော် အစည်းအဝေးမှာ အမတ်မင်း ဦးဘိုးကျော်ရဲ့အမေးကို အစိုးရကိုယ်စားလှယ် ဦးကျော်မြက ဖြေကြားရာမှာ . .

"သခင်အောင်ဆန်း၏အမှုသည် ရန်ကုန်တွင် မရှိပါ။ သခင်အောင်ဆန်းအား အများပြည်သူတို့၏ အကျိုးကို ထောက်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာတမြို့တွင် တရားဆက်လက် စွဲဆိုခြင်းကို မသင့်ဟု ယူဆသဖြင့် အမှုကို ရုပ်သိမ်းခြင်း ဖြစ်ပါသည်"

ဟု ဆိုပြီး မရေမရာ အဖြေမျိုးကိုပေးကာ အစိုးရက အမှားကို မလိမ့်တပတ် ဝန်ခံခဲ့ရပါတယ်။

ကျွန်တော်တို့ဘက်ကလည်း အစိုးရက အခုလို အမှုကို ရုပ်သိမ်းလိုက်တာဟာ သခင်အောင်ဆန်းကို ရှာမတွေ့တဲ့အတွက် လုပ်တာ။ မြေအောက်ကနေပြီး ပြန်ထွက်လာမှ ကာကွယ်ရေးဥပဒေနဲ့ အရေးယူမှာပဲဆိုတာကို ရိပ်စားမိတဲ့အတွက် တောက်လျှောက် မထွက်ပဲနေခဲ့တာဟာ နောက်ဆုံး ဂျပန်ပြည်ကို သွားတဲ့အထိပါပဲ။

## နောက်ကြောင်းပြန်

ဒီနေရာမှာ ဇေဗီယာရဲ့ စေတနာနဲ့ပတ်သက်ပြီး ရှင်းပြစရာ အကြောင်းဆိုက်လာရပါတယ်။ (၁၉၇၁) ခုနှစ်၊ ဇူလိုင်လ၊ (၁၇) ရက်နေ့က ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အိမ်မှာ ဗိုလ်ချုပ်ကို ရည်စူးပြီး ဆွမ်းကပ်လှူပွဲ ပြုလုပ်ပါတယ်။ အဲဒီ ဆွမ်းကပ်ပွဲကို ကျွန်တော်လည်း ရောက်သွားခဲ့ပါတယ်။ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း၊ လွှတ်တော် ရှေ့နေကြီး ဦးတင်လှ၊ တရားဝန်ကြီးဟောင်း ဦးလှတော ဇနီးမောင်နှံစတဲ့ ညော့သည်တော်များနဲ့ တွေ့ဆုံရပါတယ်။

ထမင်းစားအပြီးမှာ ကျွန်တော်တို့ဟာ စပ်မိစပ်ရာ အကြောင်းတွေကို ပြောနေကြရင်းက တစ်ချိန်တုန်းက ဟသ်ာတ ရာဇဝတ်ဝန် မစ္စတာဇေဗီယာနဲ့တွဲပြီး (H.Q.A Police) မြို့မရုံးထိုင်ရာ ရာဇဝတ်ဝန်ထောက်အဖြစ် လုပ်ကိုင်ခဲ့ရတဲ့ ဦးလှတောက





သခင်အောင်ဆန်းကို ဆုတော်ငွေ (၅) ကျပ်ထုတ်ရတဲ့ ကြော်ငြာ အကြောင်းကို ရှင်းပြပါတယ်။

## အမိန့် အတန်တန်ရယ်ကြောင့်

အဲဒီတုန်းက သူဟာ ရုံးထိုင်ဝန်ထောက်ဆိုတော့ ပြည်ထဲရေးဌာနက ဆုငွေ (၅) ကျပ်ထုတ်ဖို့ အမိန့်စာကို အရင်ဆုံးဖတ်ရပါတယ်တဲ့။ နောက် ဒီအမိန့်စာကို ရာဇဝတ်ဝန်ကြီးဆီကို သွားပြီး တင်ပြတော့ ရာဇဝတ်ဝန်ကြီးက 'ဟေ့ . . . ဒီကြော်ငြာကို မထုတ်နဲ့။ အသာခေါက်ထားလိုက်။ သူတို့ခိုင်းသလို ကြော်ငြာလိုက်ရင် Repercussion အများကြီး လာနိုင်တယ်။ ဆူကုန်ကြလိမ့်မယ်' လို့ ပြောတာနဲ့ အမိန့်စာကို ချက်ချင်းမထုတ်သေးပဲ သိမ်းထားရသေးတယ်တဲ့။ နောက်ရက်အနည်းငယ်အကြာမှာ ပြည်ထဲရေးဌာနက အမိန့်စာနဲ့ ဘာကြောင့်ကြော်ငြာမထုတ်သေးတာလဲဆိုပြီး ထုချေလွှာ တောင်းတော့မှ မစ္စတာဇေဗီယာဟာ ရန်ကုန်မှာရှိတဲ့ ပြည်ထဲရေး ဌာနချုပ်အား သွားတွေ့ဆွေးနွေးသေးတယ်။ ဒါပေမယ့် အတွင်းရေးမှူးချုပ်ကိုယ်တိုင်က ထုတ်ရမယ်လို့ အမိန့်ပေးလိုက်တော့ ရာဇဝတ်ဝန်လည်း မျက်စိမျက်နှာပျက်နဲ့ ဟသ်ာတကို ပြန်လာပြီး ကြော်ငြာ ထုတ်လိုက်တာ ဖြစ်တယ်။ အဲဒီနောက်မှာလည်း ရုံးတက်ရင်လည်း ဘယ်သူကမှ စကားသိပ်မပြောဘူး။ နောက်များမကြာမီ သွေးတိုးရောဂါဆိုးလာသောကြောင့် ခွင့်ယူလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## သူ့ဝေဒနာ မပါ

အဲဒီတော့ ကျွန်တော်တို့အားလုံးဟာ မစ္စတာဇေဗီယာကို လူဆိုးတစ်ယောက် ဖြစ်တယ်။ သူကိုယ်တိုင် တမင်သက်သက် သခင်တွေကို မုန်းပြီး ဒီလိုလုပ်တာထင်နေကြတယ်။ အခု ဦးလှတော ရှင်းပြတဲ့အတိုင်းဆိုရင်တော့ သူ့ဝေဒနာ မပါတာကို သိလာရပါတယ်။

## နေရှုးတို့ပင် ခံရ

ဒါပေမယ့် ဒီကိစ္စမှာ မစ္စတာဇေဗီယာဟာ ဝေဒနာမပါလို့ တရားခံ မဟုတ်ဘူး ဆိုတာကိုတော့ ထားပါတော့။ လက်ခံနိုင်ပါတယ်။ ဗြိတိသျှအစိုးရအဖွဲ့အနေနဲ့ကတော့ ခွင့်မလွှတ်နိုင်တဲ့ တရားခံပါပဲ။ သူတို့ဟာ သူတို့ကို ဆန့်ကျင်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေအပေါ်မှာ သိက္ခာကျအောင် လူဆိုး၊ သူခိုး၊ ရာဇဝတ်ကောင်တွေ ဖြစ်အောင် ပုဒ်မအမျိုးမျိုးသုံးပြီး အရေးယူလေ့ရှိပါတယ်။ အိန္ဒိယပြည်ထဲမှာလည်း ဒီလိုပါပဲ။ အိန္ဒိယ အမျိုးသားကွန်ကရက် ခေါင်းဆောင် နေရူးနဲ့ တခြားခေါင်းဆောင်ကြီး (၄) ယောက်ကို ဖမ်းတုန်းက အားလုံးကို လက်ထိပ်တွေခတ်ပြီး ဘူတာရုံကို ခေါ်သွားတာဟာ ကားနဲ့မခေါ်ပဲ မြို့ထဲမှာ လက်ထိပ်တန်းလန်းနဲ့ ဆွဲခေါ်သွားတာမျိုးတွေကိုလည်း လုပ်ပါသေးတယ်။ ကျွန်တော်တို့ဆီမှာလည်း ဒီလိုအလုပ်ခံခဲ့ရတဲ့ သခင်ခေါင်းဆောင်တွေ အများအပြား ရှိခဲ့ပါတယ်။

ကဲ . . ဒါကတော့ တို့ဗမာအစည်းအရုံးကြီးနဲ့ ရာဇဝတ်ဝန်





ဇေဗီယာတို့ဖြစ်ကြတဲ့ အရေးတော်ပုံမှာ ဖြစ်ခဲ့တဲ့အကြောင်းအရာကလေးပါပဲ ခင်ဗျား။

## ကူညီခဲ့သူတွေ

သခင်အောင်ဆန်း ဆုတော်ငွေ (၅) ကျပ် အထုတ်ခံရတဲ့ အဖြစ်အပျက်လေးနဲ့ တစ်ဆက်တည်းမှာပဲ နောက်ထပ် တင်ပြစရာ အကြောင်းအရာတစ်ခုကို သွားပြီးသတိရမိပြန်ပါသေးတယ်။

ကျွန်တော်တို့ တို့ဗမာအစည်းအရုံးဝင် သခင်တွေဟာ ဗြိတိသျှနယ်ချဲ့စနစ်ကို သည်းသည်းမည်းမည်း ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ရာမှာ ဗြိတိသျှအစိုးရအနေနဲ့ကလည်း ကျွန်တော်တို့ကို သည်းသည်းမည်းမည်း နည်းအမျိုးမျိုးနဲ့ နှိမ်နင်းခဲ့ပါတယ်။

ဒီလိုနှိမ်နင်းရာမှာ အစိုးရအရာရှိပိုင်းမှာရှိနေကြတဲ့ မြန်မာအရာရှိတော်တော်များများဟာ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကို တိတ်တိတ်ပုန်း ကြိတ်ပြီးသဘောကျနေသူတွေ၊ ထောက်ခံနေသူတွေ၊ အကူအညီပေးနေသူတွေ ရှိနေခဲ့ကြပါတယ်။ တချို့မှာ ကိုယ့်ထမင်းအိုးကွဲမယ်ဆိုတာကို သိလျက်နဲ့ အရဲစွန့်ပြီး ကူညီခဲ့ကြတဲ့ အရာရှိတွေလည်း ရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ နောင်အလျဉ်းသင့်ရင် အဲဒီပုဂ္ဂိုလ်တွေရဲ့အကြောင်းတွေကိုလည်း ရေးသားတင်ပြဖို့ ဆန္ဒရှိနေမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဝရမ်းပြေး ဘဝ

သခင်အောင်ဆန်းနဲ့ ကျွန်တော်ဟာ ဇလွန်ညီလာခံမှာ ညဘက်တရားဟောပြီး နောက်တစ်နေ့ နေ့လယ် ဒေါင့်ကြီးရွာမှာ တစ်ခါ တရားဟောကြပါသေးတယ်။ အဲဒီတရားပွဲအပြီးမှာ ဖမ်းတော့မယ်ဆိုတာကို သိတာနဲ့ ရန်ကုန်ကို မီးရာသင်္ဘောနဲ့ ထွက်ပြေးလာခဲ့ကြရပါတယ်။ ရန်ကုန်ရောက်တော့ ကျွန်တော်တို့ (၂) ယောက် တခြားစီ ကွဲသွားပြီး သူက တစ်နေရာ၊ ကျွန်တော်က တစ်နေရာပုန်းပြီး ဝရမ်းကို ရှောင်နေကြရပါတယ်။

## ထောင်ထဲ ရောက်သူရောက်

တစ်နေ့မှာမှ ညဘက်ရုပ်ဖျက်ပြီး ပုန်းနေရာကထွက်လာရင်း လမ်းမှာ ကာလကတ္တားက သခင်လှဖေ (ဗိုလ်လက်ျာ) နဲ့ သွားဆုံမိကြပါတယ်။ အဲဒီအချိန်က သခင်လှဖေဟာလည်း ပုန်းနေရတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ကျန်နေသေးတဲ့ တို့ဗမာအစည်းအရုံးခေါင်းဆောင် တော်တော်များများဟာလည်း ထောင်ထဲမှာ ရောက်နေကြပါပြီ။

သခင်လှဖေက ဘိုးလိန်းလမ်း (ယခု သိမ်ဖြူလမ်း) သခင်နုဇနီး ဒေါ်မြရီအိမ်မှာ ပုန်းနေပါတယ်။ ကျွန်တော်ကတော့ (၄၉) လမ်းမှာနေ့ ဆရာထွန်းရွှေ (နဂါးနီ) အိမ်မှာ ခိုနေပါတယ်။ ဆရာထွန်းရွှေနဲ့ မောင်သန်းညွှန့် (ယခု ဗိုလ်ဇင်ယော်) တို့ (၂) ယောက်ကတော့ ထင်ထင်ပေါ်ပေါ် နေလို့ရနေပါသေးတယ်။





## ညလူနှင့် ဆက်သား

ကျွန်တော်နဲ့ သခင်လှဖေတို့ ဆုံမိကြတယ်ဆိုရင်ပဲ သူက

"ကဲ . . . ကိုယ့်လူရေ ကျုပ်တို့တော့ ညလူတွေ ဖြစ်ကုန်ကြပြီ။ အခု ခင်ဗျား ဘယ်သွားမလို့လဲ။ ကျုပ်နဲ့ လိုက်ခဲ့ . . . သခင်အောင်ဆန်းဆီက ဆက်သားလွှတ်လိုက်လို့ . . အဲဒီကိုသွားမလို့"

ဆိုပြီး ခေါ်ပါတယ်။

ရန်ကုန်အရှေ့ပိုင်း (၅၃) လမ်းက အိမ်တစ်အိမ်မှာ သခင်အောင်ဆန်းနဲ့ တွေ့ရပါတယ်။ အဲဒီအိမ်ကတော့ သာယာဝတီ သခင်ခင်အောင်ရဲ့အစ်မကြီးအိမ် ဖြစ်ပါတယ်။ အဲဒီအစ်မကြီးဟာဆိုရင် ကျွန်တော်တို့ သခင်တွေအပေါ်မှာ တော်တော့်ကို အနွံအတာခံတဲ့ အစ်မကြီးဖြစ်ပါတယ်။ သားသမီးတွေကလည်း တော်တော်များပုံရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့နဲ့ ရင်းရင်းနှီးနှီးရှိခဲ့သူတွေကတော့ မောင်ဆန်နီ (ခ) မောင်သိန်းအောင် (ယခု ရဲဝန်ထောက်)၊ နောက်တစ်ယောက်ကတော့ (ကွယ်လွန်သူ ဗိုလ်မှူးဖေသန်းမောင်) တို့ ဖြစ်ကြပါတယ်။ သခင်အောင်ဆန်းက အဲဒီညီအစ်ကို (၂) ယောက်ကို ဆက်သားအဖြစ် အသုံးချနေရပါတယ်။ သခင်အောင်ဆန်းနဲ့ ကျွန်တော်တို့တွေ့ကြတော့ သူက. .

"ကျုပ်တို့ ဝရမ်းပြေးတွေဖြစ်နေကြပြီ။ ပိုက်ဆံကလည်း မရှိဘူး။ ဒီအိမ်မှာ စားနေရတာလည်း အားနာစရာကောင်းလှပြီ။ ပိုက်ဆံမရှိရင် ဘယ်မှသွားလို့မရဘူး။ ဘာမှလည်း လုပ်လို့မရဘူး။ တစ်နေရာနဲ့တစ်နေရာ ရွှေ့ဖို့တောင် ကုန်းကြောင်းလျှောက်ရမလိုဖြစ်နေပြီ ပိုက်ဆံရှာကြဦးမှပဲ . . ." လို့ စပြီးပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အိန္ဒိယကို ဗိုလ်ချုပ်အောင်ဆန်း ရေးတဲ့စာ

ကျွန်တော်က . . .

"ပိုက်ဆံလွယ်လွယ်နဲ့ရဖို့ကတော့ ကျွန်တော့်အိမ်(ကျုံမငေး)ကို လူလွှတ်ပြီးတောင်းမှဖြစ်မှာပဲ။ နောက်တစ်နေရာကတော့ ဒေါ်င့်ကြီးသခင်လှထွန်းဆီကိုသွားရင်လည်း ရနိုင်တယ်"

လို့ ပြောလိုက်တော့ သခင်အောင်ဆန်းက . . .

"ဒီလိုဆိုရင် ကျုပ်တို့ (၂) ယောက်စလုံး လှထွန်းဆီကို အရင်သွားမယ်။ အဲဒီ့က ပိုက်ဆံရရင် ဒီလိုတစ်နေရာတည်းမှာ ပုန်းမနေပဲ ဟိုရွှေ့ ဒီရွှေ့ လုပ်ပြီး စည်းရုံးကြမယ်။ နိုင်ငံရေး အခြေအနေကလည်း တစ်နေ့နဲ့တစ်နေ့ မတူတော့ဘူး။ တိုင်းပြည်ကို ဒီစစ်ကြီးနဲ့ပတ်သက်ပြီး အမြင်မှန်မြင်နိုင်အောင် လုပ်ဖို့ ကျုပ်တို့မှာ တာဝန်ရှိတယ်။ သူတို့နဲ့ သဘောထားညီအောင်ညှိပြီး လုပ်ကြမှ ဖြစ်မယ်။ အဲဒီ့စာကလည်း ရောက်မှရောက်ပါ့မလား မသိဘူး။ လူကြုံကတော့ တော်တော်ကောင်းတာပဲ"

လို့ ပြောတယ်။

(အဲဒီလို ပုန်းနေရင်းက သခင်အောင်ဆန်း ရေးလိုက်တဲ့စာဟာ အိန္ဒိယအမျိုးသားကွန်ကရက်ကြီးကို ရောက်သွားတယ်ဆိုတာကို စစ်ပြီးခေတ် ၁၉၄၉-ခုနှစ်၊ နိုဝင်ဘာလ၊ ကျွန်တော် အိန္ဒိယကို သွားတော့မှ သိရပါတယ်)

## ငွေမြင့် ကူညီကြ

ဒီလိုနဲ့ပဲ ကျွန်တော်တို့ (၂) ယောက်ဟာ ဟင်္သာတကို





တစ်ပတ်ကျော့ပြီး ရောက်သွားကြရပါတယ်။ ဇလွန်သခင်နီတို့ကို စောစောက ကြိုပြီးလွှတ်လိုက်တဲ့အတွက် ကျွန်တော်တို့ ဟင်္သာတကိုရောက်တော့ သခင်လှထွန်းနဲ့ အဆင်သင့်ပဲ တွေ့ကြရပါတယ်။ သခင်လှထွန်းကလည်း သူ့အမေကြီးမသိအောင် ငွေ (၈၀၀) ခိုးလာပြီး ကျွန်တော့်ကို ပေးပါတယ်။ နောက် ဟင်္သာတဈေးထဲက သခင်သိန်းဟန် (ရန်ကုန်ပိုးထည်တိုက်) ကလည်း သူ့ဇနီး ဒေါ်စောတင် မသိအောင် ငွေ (၄၀၀) ပေးပြန်ပါတယ်။ ထိုခေတ်က ငွေ (၁၂၀၀) ဆိုတာဟာ အလွန်တာသွားအောင် အဖိုးတန်တဲ့ခေတ်ဖြစ်ပါတယ်။

ငွေ (၁၂၀၀) လက်ထဲရောက်တယ်ဆိုရင်ပဲ သခင်အောင်ဆန်းဟာ ရန်ကုန်ကိုပြန်ပြီး မြေအောက်လှုပ်ရှားမှုလုပ်ဖို့ အားတက်သရော ဖြစ်နေရှာပါတယ်။ ကျုံမငေးကို ဆက်မသွားတော့ပဲ ရန်ကုန်ကိုသာ အမြန်ဆုံးပြန်ကြဖို့ ဆုံးဖြတ်ပြီး ပြန်ဖို့ ပြင်ဆင်ကြပါတယ်။

## အစောင့် အထပ်ထပ်

ဒါပေမယ့် ဟင်္သာတမြို့ခံ သခင်တွေက ကျွန်တော်တို့ပြန်ဖို့အတွက် အစီအစဉ်လုပ်ရာမှာ ကုန်းလမ်း၊ သင်္ဘောလမ်း၊ ရေလမ်း (၂) ခုစလုံးကို ကျွန်တော်တို့ပြန်ဖို့ မဖြစ်တော့ဘူး။ သင်္ဘောဆိပ်နဲ့ ဘူတာရုံမှာ အစောင့်တွေချထားပြီး စေ့စေ့စပ်စပ် စစ်မေးနေတယ်ဆိုတာကို သိလာရပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီ့အချိန်မှာ သခင်အောင်ဆန်းအတွက် ဆုတော်ငွေ (၅) ကျပ်ကလည်း ထုတ်ပြီးသားဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ဦးလှတော၏ အိမ်သို့

ဒါနဲ့ ကျွန်တော်က ကြံရာမရတဲ့အဆုံးမှာ . . .

"ကဲ . . မထူးတော့ပါဘူးဗျာ . . ဒီမှာ ရာဇဝတ်ဝန်ထောက် ဦးလှတော ရှိတယ်။ သူ့အိမ်ကို ဖွတ်ဝင်သွားပြီး အကူအညီတောင်းမယ်။ ကျွန်တော်တို့ကို အခုမဖမ်းပဲ ရန်ကုန်ရောက်အောင် ကူညီပေးပါ။ ရန်ကုန်ကျမှ မိချင်မိပါစေ။ ဒီမှာသာ မဖမ်းပါနဲ့လို့ ဖွတ်ဝင်ပြောမယ်"

ဆိုပြီး ဦးလှတောအိမ်ကို စွန့်စားပြီး သွားကြပါတယ်။

ဦးလှတောနဲ့ ကျွန်တော်က ငယ်ငယ်ကတည်းက ခင်မင်ရင်းနှီးခဲ့ပါတယ်။ ကျွန်တော်တို့ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့မှာလည်း ရာဇဝတ်ဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့ဖူးတယ်။ ကျွန်တော်နဲ့ ကတော့ ပုဂ္ဂိုလ်အရ ရင်းနှီးတာလည်း တစ်ကြောင်း၊ ဦးလှတော ပုလိပ်ထဲ မဝင်ခင် အမ်အေဦးမောင်ကြီး ရဲတပ်ဗိုလ်အဖြစ် လုပ်ခဲ့တုန်းကလည်း ကျွန်တော်က အဲဒီ့ရဲတပ်ထဲမှာ ပါဝင်ခဲ့ဖူးတယ်။ ဒါကြောင့် သူ့အိမ်ကိုသွားခဲ့တာ ဖြစ်ပါတယ်။ သူက ဝတ္တရားအတိုင်း ဖမ်းမယ်ဆိုရင်လည်း ဖမ်းပေစေဆိုပြီး စွန့်လိုက်မိတာ ဖြစ်ပါတယ်။

## ရဲဝန်ထောက်ကြီး

ဦးလှတော အိမ်ရှေ့မှာစောင့်နေတဲ့ အော်ဒါလီက . .


"ဝန်ထောက်ကြီး ထမင်းစားနေပါတယ်။ ဘယ်သူလာတယ်လို့ ပြောလိုက်ရမလဲ" ဆိုပြီး တားနေပါသေးတယ်။

ကျွန်တော်က "ကိစ္စမရှိပါဘူး။ ကျွန်တော်ဟာ ရန်ကုန်က





သူညီပါ။ ထမင်းစားနေတယ်ဆိုရင် အတော်ပဲ။ ကျွန်တော်တို့လည်း ညစာမစားရသေးဘူး" ဆိုပြီး ထမင်းစားခန်းထဲကို အတင်းဝင်သွားလိုက်ပါတယ်။



ရဲမင်းကြီးဟောင်း ဦးလှတော



www.burmeseclassic.com

www.burmeseclassic.com



## အံ့အားသင့်

ဦးလှတောနဲ့ ဇနီး ဒေါ်ခင်ခင်ဦး (မာရီလှတော) တို့ဟာ ထမင်းစားနေရာက ကျွန်တော်တို့ (၂) ယောက်ကို တွေ့လိုက်တော့ အံ့အား သင့်နေကြပါတယ်။ ဦးလှတောကဆိုရင် ဇွန်းနဲ့ခရင်းကိုကိုင်ရင်း ပါးစပ်အဟောင်းသားနဲ့ မျက်လုံးပြူးသွားရာက . . .

"ဟေး . . ဘိုးတင် . . မောင် . . . မင်းတို့ ဘာလို့ ဒီကို လာကြတာလဲ . . သွား . . သွား . . . မင်းတို့ အဖမ်းခံရမယ်ဆိုတာ မသိဘူးလား"

ဆိုပြီး ပြူးတူးပြဲတဲနဲ့ ပြောရှာပါတယ်။

## ကယ်တင်ရှင် မာရီလှတော

ကျွန်တော်ကလည်း . . .

"အင်းလေ . . ဖမ်းမှဖမ်းရော . . ကျွန်တော်တို့ ရန်ကုန်ကို ပြန်မလို့ပဲ အထွက်ရခက်နေလို့ ကြံရာမရတာနဲ့ ဒီအိမ်ကို လာခဲ့ရတာပဲ . . ."

လို့ ပြောလိုက်တော့ ဦးလှတောက ဘာမျှမပြောနိုင်တော့ပဲ ကြောင်တောင်တောင်ဖြစ်နေချိန်မှာ သူ့ဇနီး မာရီလှတောက . . .

"အို . . ကိုကိုကလည်း ဒါလောက်တောင် Exicted ဖြစ်နေရသလား။ ကဲ . . ထမင်းမြန်မြန်စားပြီး ကိုကို ကလပ်မှာ သွားနေပါ။ ဒီမှာ မာရီကြည့်ပြီး လုပ်လိုက်မယ် . . ."

ဆိုပြီး ဦးလှတောကို မောင်းထုတ်လိုက်ပါတယ်။

မာရီတောဟာ ကျွန်တော်တို့ (၂) ယောက်ကို ညစာထမင်း





ကျွေးသေးတယ်။ ပြီးတော့မှ သူ့အိုပယ်ကားကလေးကို ဂိုဒေါင်ထဲက မောင်းထုတ်လာပြီး ကျွန်တော်တို့နှစ်ယောက်ကို အိမ်က ခေါ်ထုတ်သွားပါတယ်။



ကယ်တင်ရှင်
မာရီလှတော

www.burmeseclassic.com

www.burmeseclassic.com



## လူသိနည်းအောင်

လမ်းကျမှသိရတာက ကျွန်တော်တို့ကို ယုန်တလင်းကို ပို့ပြီး ဟိုကျမှ ရန်ကုန်ကိုပို့ပေးဖို့ ဆိုတာ သိရပါတယ်။ ကျွန်တော်က . .

“ယုန်တလင်းဆိုရင် သခင် ခင်ဇော်ရှိတယ်။ သူ့ဆီမှာ အကူအညီတောင်းရင်လည်းဖြစ်နိုင်ပါတယ်”

လို့ ပြောတော့ မာရီက . . .

“လူများများ အသိပေးလို့မဖြစ်ဘူး။ စိတ်ချရတဲ့လူနဲ့ တစ်ခါတည်း ရန်ကုန်ကိုရောက်ဖို့သာ အရေးကြီးပါတယ်”

ဆိုပြီး ကျွန်တော်တို့ကို သခင်ခင်ဇော်နဲ့ တွေ့မပေးပါဘူး။ နောင်မှ စဉ်းစားမိတာကတော့ အရာရှိကတော်တစ်ယောက်က သခင်(၂) ယောက်ကို အခုလိုကူညီတယ်ဆိုတာကို လူသိနည်းနိုင်သမျှနည်းအောင် လိုက်ပို့မယ့်လူတစ်ယောက်တည်းကိုသာ အသိပေးမယ်ဆိုတဲ့ သဘောကို တွေးလိုက်မိပါတယ်။

## မန်းဘခိုင်နှင့် ငှက်ပျောလှေ

မာရီတောဟာ ခြံကြီးတစ်ခြံရှေ့မှာ သူ့ကားကလေးကို ရပ်လိုက်ပြီး ခြံထဲကို ဆင်းသွားပါတယ်။ မကြာခင်မှာပဲ ထောင်ထောင်မောင်းမောင်း လူတစ်ယောက်နဲ့ ကျွန်တော်တို့ဆီကို လျှောက်လာနေပါတယ်၊ အနားရောက်လို့ မာရီတောက မိတ်ဆက်ပေးလိုက်တော့မှ အဲဒီလူဟာ မန်းဘခိုင်ဖြစ်တဲ့ အကြောင်း၊ ကျွန်တော်တို့ကို ငှက်ပျောသီးလှေနဲ့ ရန်ကုန်ကို ပို့ပေးမယ့်အကြောင်းကို သိရပါတော့တယ်။





မာရီက . . .

“ကဲ . . . စိတ်ချလက်ချသာ သွားကြပေတော့။ ဟိုကျရင်လည်း သိပ်ပြီးအတင့်ရဲမနေကြနဲ့ဦး . . .”

လို့ဆိုပြီး ကားကလေးကိုမောင်းပြီး ထွက်သွားပါတော့တယ်။ မန်းဘခိုင်ကလည်း ကျွန်တော်တို့ကို ဆောက်လက်စ မပြီးတပြီး တိုက်ကလေးတစ်ခုထဲမှာ နေရာပေးထားပါတယ်။ သူ့အိမ်မှာ လူဝင်လူထွက်များတာကြောင့် အဲဒီမပြီးသေးတဲ့ တိုက်ကလေးထဲမှာ ဝှက်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ (၂) ယောက်အတွက် စားစရာသောက်စရာ၊ ကျင်ကြီးကျင်ငယ်စွန့်စရာ အိုးကစပြီး လိုလေသေးမရှိအောင် ပြုစုရှာပါတယ်။

## မာရီတောရဲ့ ကျေးဇူး

ဒီလိုနဲ့ပဲ ကျွန်တော်တို့ (၂) ယောက်ဟာ ငှက်ပျောလှေကြီးနဲ့ ပုဇွန်တောင်ဈေးနားက ဇေတံတားကို တစ်နေ့သော မိုးမလင်းတလင်းအချိန်မှာ ရောက်လာခဲ့ကြရပါတယ်။ မာရီတောရဲ့ကျေးဇူးကြောင့် ချောချောမောမော ရန်ကုန်ကို ပြန်ရောက်ခဲ့ကြရပါတယ်။ ဗမာ့လွတ်လပ်ရေး၊ တော်လှန်ရေးမှာ အရေးပါ အရာရောက်မယ့် အာဇာနည်ခေါင်းဆောင်လောင်း မန်းဘခိုင်နဲ့လည်း စတင်ရင်းနှီးသိကျွမ်းခဲ့ရပါတယ်။

မန်းဘခိုင်ဟာလည်း ကျွန်တော်တို့ သခင်တွေရဲ့ ပယောဂကြောင့် နိုင်ငံရေးသမား၊ တော်လှန်ရေးသမားကြီးတစ်ယောက် ဖြစ်လာပြီး နောက်ဆုံးမှာ တိုင်းပြည်အတွက် အသက်ကိုပါ အစတေး



www.burmeseclassic.com

www.burmeseclassic.com





ငါးကျပ်တန် ဝရမ်းထုတ်ခံရသည့် ဗိုလ်ချုပ်အောင်ဆန်းကို ကယ်တင်ခဲ့သည့် မာရီလုတော

ခံလိုက်ရတဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာခဲ့ရတယ်လို့ပဲ ဆိုလိုက်ချင်ပါတော့တယ်ဗျာ။ (ကျမ်းကိုး။ ၁၅. ၁၀. ၇၁ ရက်နေ့ထုတ်၊ အိုးဝေဂျာနယ်၊ စာ-၂၀-၂၂/၃၆)



# ☆ ☆ ☆ ☆ ဗိုလ်ချုပ်နှင့် နယ်ချဲ့တော်လှန်ရေး ☆ ☆ ☆ ☆

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ကိုလိုနီကို မြန်မာ့မြေပြင်ပေါ်မှ အပြီးအပိုင် တိုက်ထုတ်ပစ်နိုင်ရန်အတွက် အခြေအနေအရပ်ရပ်ကို စောင့်ရင်း အကူအညီပေးနိုင်မည့် တိုင်းပြည်တစ်ပြည်ပြည်ကို မျှော်လင့်ခဲ့ပါသည်။

သို့ဖြစ်၍ (၁၉၃၉) ခုနှစ်၊ အောက်တိုဘာ၊ နိုဝင်ဘာလလောက်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ဒေါက်တာဘမော်အိမ်၌ အခြားပါတီပုဂ္ဂိုလ်များကိုပါ သိမ်းသွင်း၍ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးအား လုပ်ငန်းစဉ်များ ရေးဆွဲ၍ ဖွဲ့စည်းလေသည်။ အဓိက ရည်ရွယ်ချက်သည် မြန်မာပြည် လွတ်လပ်ရေးရရန်ပင် ဖြစ်သည်။ ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့ပြီးနောက်၌လည်း ဗိုလ်ချုပ်တို့သည် လွတ်လပ်ရေးအတွက် ဗြိတိသျှကိုလိုနီကို ပြင်းထန်စွာ တိုက်ပွဲဝင်ခဲ့သည်။

မဂ္ဂိုမစာပေတိုက်

www.burmeseclassic.com



## ဥရောပတွင်

ဤအချိန်တွင် ဗြိတိသျှတို့သည် ဥရောပတစ်ခွင်၌ ဒုတိယကမ္ဘာစစ်ကြီးကို အလုံးအရင်းနှင့် ဆင်နွှဲနေချိန်ဖြစ်သည်။ အင်္ဂလိပ်၊ ပြင်သစ်နိုင်ငံ စသည်တို့က တစ်ဖက်နှင့် ဂျာမနီ၊ အီတလီ စသည့် ကမ်းရိုးတန်းနိုင်ငံများက တစ်ဖက် စစ်တိုက်နေကြလေသည်။ ထို့ကြောင့် အရှေ့တစ်လွှား နယ်မြေများမှ ဗြိတိသျှစစ်တပ်တို့သည် အနောက်ဘက်စစ်မျက်နှာများဆီသို့ အင်အားဖြည့်တင်းရလေတော့သည်။

ယင်းအဖြစ်ကို ဗိုလ်ချုပ်တို့သည် မြန်မာပြည် လွတ်လပ်ရေးအတွက် အခွင့်ကောင်းယူလိုက်ကြပါသည်။အင်္ဂလိပ် အခက်၊ ဗမာ့အချက်' ဟူသော ဆောင်ပုဒ်တစ်ရပ်ကို ကြွေးကြော်အော်ဟစ်ရင်းလှုပ်ရှားမှုများ ပြုလေတော့သည်။

## ဝရမ်းထုတ်

သို့သော် ဗြိတိသျှအုပ်ချုပ်ရေးပိုင်းအနေနှင့် နိုင်ငံခြားရေးခေါင်းဆောင်များကို မြောက်မြားစွာ ဖမ်းဆီးချုပ်နှောင်လိုက်ခြင်းအားဖြင့် ဗိုလ်ချုပ်တို့၏ လှုပ်ရှားမှုများကို တန်ပြန်ပါလေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဖမ်းဝရမ်းထုတ်ခြင်းကိုသိလျှင်သိခြင်း ဗြိတိသျှတို့၏ ဖမ်းဆီးခံရခြင်းဖြင့် ထောင်ထဲတွင်သွားနေရခြင်းသည် မိမိအတွက်နှင့်နိုင်ငံအတွက်ပါ အကျိုးမရှိဖြစ်သောကြောင့် ထောင်၏ပြင်ပတွင် ရှိနေရခြင်းအားဖြင့် တိုင်းပြည်၏လွတ်မြောက်ရေးအတွက်ကို အထိုက်အလျောက် လုပ်နိုင်မည်ဟု





ယူဆကာ အဖမ်းမခံတော့ပဲ ဝရမ်းပြေးဘဝနှင့် မြေအောက်ရောက်ပြီးနောက်မှ ဂျပန်နှင့်ဆက်သွယ်ရန် အခွင့်အလမ်း ရရှိလေတော့သည်။

ဗိုလ်ချုပ်သည် နိုင်ငံခြားသို့ ထွက်ခဲ့ခြင်းမှာ မြန်မာပြည်လွတ်မြောက်မှုအတွက် အကူအညီပေးနိုင်မည့် နိုင်ငံတစ်ခုခုနှင့် ဆက်သွယ်နိုင်ရန် ဖြစ်ပါသည်။

ထိုအချိန်က ဂျပန်သည် မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူရန် စိုင်းပြင်းနေချိန် ဖြစ်ပါသည်။ တိုက်ခိုက်သိမ်းယူရန်လည်း အစီအစဉ်များ ချထားပြီးနှင့်သည်။

## တရုတ်ပြည်သို့

ပထမတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ယခင်စောစွာ အချိန်များက လျှို့ဝှက်စွာဆက်သွယ်ဖူးခဲ့သော တရုတ်ပြည်သို့ ကုန်းကြောင်းခရီးဖြင့် ပထမသွားရန် ရည်ရွယ်ရင်း ရှိပါသည်။

## ၁၉၄၀ – ခုနှစ် မှတ်တမ်း

(၁၉၄၀) ခုနှစ်တွင် ပြင်သစ်သည် ဂျပန်၏လက်သို့ ကျရောက်ခဲ့လေသည်။ သို့ဖြင့် တရုတ်၊ ဗမာလမ်းမကြီးကိုလည်း ဗြိတိသျှအစိုးရက ကြိုတင်ပိတ်ပေးလိုက်ရသည်။

ထို့ကြောင့် ရေလမ်းခရီးဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်တို့သည် တရုတ်ပြည်သို့ ထွက်ခွာရလေတော့သည်။ (၁၉၄၀) ခုနှစ်၊ ဩဂုတ်လ၊ (၁) ရက်နေ့ညတွင် ရုပ်ဖျက်၍ (ဟိုင်လီ) သင်္ဘောဖြင့် ထွက်ခဲ့ပြီး ဩဂုတ်လ (၂၄) ရက်နေ့တွင် တရုတ်ပြည် (အမွိုင်) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ဗိုလ်ချုပ်တို့သည် ဂျပန်၏ ကွေ့ကောက်သော စိတ်ဓာတ်များကို ထိုစဉ်ကပင် သိနှင့်ပြီးဖြစ်ပါသည်။ ထို့ကြောင့်လည်း ဂျပန်ပြည်မှနေ၍ မြန်မာ့မြေပေါ်ရှိ ရဲဘော်ရဲဘက်များကို ဂျပန်တော်လှန်ရေးအတွက် စိုင်းပြင်းထားရန် အမြွက်မျှ ဗိုလ်ချုပ် စာရေးခဲ့၏။

(၁၉၄၂) ခုနှစ်၊ မတ်လ၊ (၁၀) ရက်နေ့တွင် ဂျပန်သည် ရန်ကုန်မြို့ကို တွက်ထားပြီးအတိုင်း သိမ်းပိုက်လိုက်သည်။ ဂျပန်တို့ပေးမည့် လွတ်လပ်ရေးကား အတုအယောင်မျှသာ ဖြစ်ပြီး သူတို့၏ ဖက်ဆစ်ဇာတိလည်း တစ်စတစ်စဖြင့် ဘွားဘွားကြီး ပေါ်လာလေတော့သည်။ သို့ဖြင့် ဗိုလ်ချုပ်နှင့် ခေါင်းဆောင်များသည် မြန်မာပြည်လွတ်လပ်ရေး၊ ဂျပန်တော်လှန်ရေးကို နေ့စဉ်နှင့်အမျှ စည်းရုံးကြိုးပမ်းခဲ့ပြန်လေသည်။

(၁၉၄၃) ခုနှစ်၊ နှစ်ကုန်လောက်တွင် ဂျပန်တော်လှန်ရေးအတွက် အစစ စည်းလုံးမိပြီဟု ဆိုနိုင်သည်။ သို့သော် ဗိုလ်ချုပ်တို့သည် အချိန်အခါကို စောင့်နေခဲ့ရသည်။

(၁၉၄၅) ခုနှစ်တွင် ဗြိတိသျှတို့သည် မြန်မာပြည်ကို ပြန်လည်တိုက်ခိုက်လေသည်။ ဤအချိန်တွင် ဗိုလ်ချုပ်တို့သည် ဂျပန်ကို တော်လှန်ရန် အချိန်ကျရောက်ပြီဖြစ်သောကြောင့် (၁၉၄၅) ခု၊ မတ်လ (၂၇) ရက်နေ့တွင် မြန်မာပြည်တစ်ပြည်လုံး၌ ဂျပန်ကို စစ်ကြေညာကာ အတိအလင်း တော်လှန်လေတော့သည်။ ဤတွင်





တော်လှန်ရေးစလေတော့သည်။

အချုပ်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်းသည် သူ ကြိုက်နှစ်သက်သော အေဗရာဟယ်လင်ကွန်း၏ 'နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံအား သိမ်းပိုက်အုပ်စိုးခြင်းသည် မည်သည့်နည်းနှင့်မျှ တရားနည်းလမ်း မကျနိုင်' ဟူသော စကားအတိုင်း မြန်မာပြည်ကို တခြားနိုင်ငံမှ စိုးမိုးအုပ်ချုပ်ခြင်းသည် ဗိုလ်ချုပ် မကြိုက်မနှစ်သက်။ မကြိုက်မနှစ်သက်သည့်အတိုင်းလည်း လွတ်မြောက်ရန် အဆင့်ဆင့်ကြိုးပမ်းခဲ့ခြင်း ဖြစ်ပါသည်။ (ကျမ်းကိုး။ ၁၅. ၃. ၆၉ ရက်နေ့ထုတ်၊ အိုးဝေဂျာနယ်၊ စာ-၁၉/၂၂)

www.burmeseclassic.com

www.burmeseclassic.com



## ☆ ☆ ☆ ☆ ဦးအောင်ဆန်း ပြုံးနေလိမ့်မည် ☆ ☆ ☆ ☆

ဆောင်းပါးရှင် ဦးစောစံဖိုးသင်သည် ဤ 'ဦးအောင်ဆန်း ပြုံးနေလိမ့်မည်' မူရင်းဆောင်းပါးတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ဦးတည်အဓိကထားသော အကြောင်းများဖြစ်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် 'မြန်မာနှင့်လူ' စသည့် ခေါင်းစဉ်သေးများဖြင့် တိုင်းရင်းသားလူမျိုးတို့ စတင်သက်ဆင်းရာအခြေခံများကို အထောက်အထား အကိုးအကားအားဖြင့် ဖော်ပြသွားပါသည်။

ဆရာကြီးဦးစောစံဖိုးသင်သည် ဆရာကြီး အိုးဝေဦးညိုမြ၏ အစ်ကိုဖြစ်သူ ဆရာဦးတက်ထွန်းနှင့် သူငယ်ချင်းများဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။ ဆရာကြီးဦးစောစံဖိုးသင်သည် ထိုဆောင်းပါး ရေးသည့်ကာလ မတိုင်မီအခါက လန်ဒန်တွင် ဦးတက်ထွန်းရောက်





နေကြောင်းပါ ရေးထား၏။ ထို့ပြင် ဆရာကြီးတို့ သူငယ်ချင်းနှစ်ဦး လန်ဒန်မြို့မှာဆုံစဉ်က အမှတ်တရစကားများကို ထည့်သွင်းထား၏။ လူဟု ခေါ်ရခြင်း၊ လူ့သဘာဝနှင့်မြန်မာလူမျိုးတို့ ဆင်းသက်လာပုံ အဆင့်ဆင့်အကြောင်းကို ဆရာဦးတက်ထွန်း၏ သုတနှင့်ဆရာကြီး၏ သုတများအား ခေါင်းစဉ်တင်ပြထားလေသည်။

ထို့ပြင် မှတ်သားလောက်သော အချက်အားဖြင့် ဆရာကြီး ဦးစောစံဖိုးသင်က ဘီစီ (၅၄၃) သုတေသနအနေဖြင့် တစ်ချိန်က စာရေးဆရာကြီးတစ်ဦးဖြစ်သော ဒေါက်တာဒဗလျူစီဒေါ့၏ ထိုင်းနိုင်ငံသမိုင်းအရ ခရစ်မပေါ်မီ (၅၄၃) ခုနှစ်ကတည်းက ကရင်ဆိုသော ဝေါဟာရကို တွေ့ရှိရပုံကို တင်ပြထားလေသည်။

ဤသည်မှာ လူမျိုးစုတို့၏ တစ်နေရာမှတစ်နေရာသို့ အကြောင်းလျော်စွာ ရေမြေသဘာဝအရ ပြောင်းရွှေ့နေထိုင်ပုံများ အခေါ်အဝေါ်များနှင့်တကွ လွတ်လပ်သောလူမျိုးများအဖြစ် စည်းရုံးညီညွတ်စွာ နေလာခဲ့ပုံများကို တင်ပြထားကာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ဘဝတူများကို သိသာစေ၏။

မြန်မာနိုင်ငံ၏ ခရီးကို နောက်ကြောင်းပြန်၍ ကြည့်လိုက်သောအခါတွင် ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံဟူ၍ လွတ်လပ်ရေး ကြေညာနိုင်ခဲ့သည်မှာ ထိုစဉ်က အနှစ်အစိတ် (သို့မဟုတ်) ရာစုနှစ်၏ လေးပုံတစ်ပုံ (သို့မဟုတ်) (၂၅) နှစ်တာမျှသာ ရှိသေးသည်ကို တွေ့ရမည် ဖြစ်သည်။ အမှန်ဆိုတော့ (၂၅) နှစ်ဆိုသော ကာလမှာ အချိန်ကာလတည်းဟူသော သမုဒ္ဒရာပင်လယ်ပြင်ထဲမှ ရေစက် ရေပေါက် ကလေးမျှသာ ဖြစ်လေသည်ဟု စတင်ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဒေါက်တာအောင်ဆန်း

သည်အကြောင်းတွေ ပြန်လည်တွေးကြည့်သောအခါ၌ ကျွန်တော့်သူငယ်ချင်း ကိုအောင်ဆန်းကို မမေ့နိုင်ဖြစ်ရပြန်သည်။ ကိုအောင်ဆန်းကား အမိမြန်မာပြည်၏ ဝမ်းဗိုက်မှ မွေးဖွားခြင်း မပြုနိုင်အောင် ခဲယဉ်းနေသော လွတ်လပ်ရေးသားငယ်ကို မွေးဖွားနိုင်အောင် ခွဲစိပ်ကုသပေးခဲ့သော ဒေါက်တာအောင်ဆန်းပင် မဟုတ်ပါလော။

## ဆူးခြောင့်ခရီး

အမိမြန်မာပြည်၏ လွတ်လပ်ရေးသားကောင်းသားမြတ်ကို မွေးထုတ်နိုင်ရန် ခွဲစိပ်ကုသပေးခဲ့သော ဒေါက်တာအောင်ဆန်းမှာ မကြာမတင်မှာပင် လူမသမာတို့၏ လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရရှာ၏။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသားငယ် လျှောက်ရသော ခရီးမှာကြမ်းတမ်းခက်ထန်ရှိခဲ့သည်။ ဆူးခြောင့်ခလုတ်များ ထူပြောလှလေသည်။

နိုင်ငံအတွင်းမှာ ရှမ်း၊ ချင်း၊ ကရင်၊ ကချင်၊ မွန် စသော တိုင်းရင်းသားများ အပါအဝင် မြန်မာသောင်းကျန်းသူများ၏ လက်ချက်ဖြင့် ပြည်တွင်းစစ်မီးကြီး လောင်ကျွမ်းခဲ့လေရာ လွတ်လပ်ရေးသားငယ်မှာ မီးပုံများကြားဝယ် တွန့်လိမ်ခွေခေါက်၍ ဒုက္ခဝဲတွင်း ကျရောက်ခဲ့ရပြန်သည်။





## တစ်သွေးတစ်သားတည်း

အမှန်ဆိုသော် ကျွန်တော်တို့၏ သမိုင်းဖြစ်ရပ်များကို ပြန်၍ လေ့လာကြည့်လျှင် တိုင်းရင်းသားအားလုံးသည် တစ်သွေးတစ်သားတည်းမှ ဆင်းသက်လာသူများ ဖြစ်ကြောင်း တွေ့ရပါမည်။ ထိုသို့ဆိုလျှင် အဘယ်ကြောင့် ညီအစ်ကိုနောင်ရင်း အချင်းချင်း ရန်ဖြစ်နေကြရပါသနည်း။

## ဂုဏ်ယူ

မည်သို့ပင် ဖြစ်စေကာမူ ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးသည် တစ်သွေးတည်း၊ တစ်သားတည်းမှ ဖြစ်ပေါ်စည်ပင်ပေါက်ဖွားလာခဲ့ကြသော ဆွေမျိုးသားချင်းများ ဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဤသို့ တိုင်းရင်းသားအချင်းချင်း တစ်သွေးတည်းမှ ဆင်းသက်ခဲ့ကြသည်ဆိုသော အယူအဆကို ရင်မှာပိုက်ထားရခြင်းအတွက် ကျွန်တော်သည် များစွာဂုဏ်ယူအားရမိပါသည်။

## ပြုံးနေလိမ့်မည်

ဆွေမျိုးသားချင်းများ စုပေါင်းနေထိုင်ကြသော ဤပြည်ထောင်စု မြန်မာနိုင်ငံတွင် တိုင်းရင်းသားအပေါင်းတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စည်းစည်းလုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲရပ်တည်လျက် ပြည်ပရန်၊ ပြည်တွင်းရန်များအား ဖြိုခွင်းပယ်ရှင်းနိုင်ကြမည်ဆိုလျှင် တမလွန်ဘဝသို့ ရောက်နေသောကျွန်တော့်သူငယ်ချင်း ဦးအောင်ဆန်းသည် ကျေနပ်အားရစွာ ရွှင်ပြုံးပီတိဖြစ်၍နေမည်သာဟု တွေးမိပါ၏။ (ကျမ်းကိုး။ ၁၅. ၁၂. ၇၀ ရက်နေ့ထုတ်၊ အိုးဝေမဂ္ဂဇင်း၊ စာ-၃၅)



## ☆ ☆ ☆ ☆ လွတ်လပ်ရေးနေ့

## အာလံတင် ☆ ☆ ☆ ☆

သူသည် ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးချက်အရ ထိုခေတ်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ခဲ့ရသည်။

သူသည် နယ်ချဲ့ဆန့်ကျင်ရေးတွင် လည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေးတွင် လည်းကောင်း၊ တစ်တပ်တအား ပါခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများကိုလည်း သေတွင်းမှ ဆွဲထုတ်ရန် ကြိုးစားခဲ့ဖူးကြောင်း၊

သခင်မြ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော ဆိုရှယ်လစ်ပါတီ၏ ငွေထိန်းအဖြစ် ယုံကြည်စွာ ဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှယ်လစ်ရေးရာများတွင် လက်တွဲပါဝင်ခဲ့သူအဖြစ်ပါ တွေ့ရ၏။

ထို့အတူ ထူးခြားချက်ကား လွတ်လပ်ရေး ရစ၊ နိုင်ငံတော်သီချင်းကို ရှေးဦးစွာ သီဆိုတိုင်ခဲ့ခြင်းဖြစ်တော့၏။ ထို့ပြင် သူသည်



www.burmeseclassic.com

www.burmeseclassic.com



'ကံကောင်းလို့ မသေ၊ သံချောင်းတို့ အဖေ' ဆိုသကဲ့သို့ ကံအား လျော်စွာ အာဇာနည်အဖွဲ့ထဲသို့ မပါခဲ့ရသူပါပေ။

သူ -မည်သူနည်း။

သူသည် (၁၉၂၆) ခုနှစ်မှ စတင်၍ ကြီးပွားရေး ဦးသိန်း တည်ထောင်ခဲ့သော 'လူငယ်များ ကြီးပွားရေးအသင်း' တွင် ယနေ့ အထိ ပါဝင်ခဲ့သည်။ လူမှုရေးကဏ္ဍတိုးတက် နိုးကြွစွာ တာဝန်ယူခဲ့ သည်။ ထိုအသင်းကြီးဥက္ကဋ္ဌ အဖြစ်လည်း လိုင်စင်ရခဲ့၏။ အသင်း သားတစ်ဦးဖြစ်သော မူလဆောင်းပါးရှင် မောင်နေလက "ကျွန်တော် က သူ့အကြောင်း တစေ့တစောင်း သိလာသည်။ တဖြည်းဖြည်းနှင့် သူ့ရုပ်သွင်သည် ကြည်လင်ပြတ်သားလာသည်။ သူနှင့် ဗိုလ်ချုပ် အောင်ဆန်း(သို့မဟုတ်) လွတ်လပ်ရေးသမိုင်း တစ်စိတ်တစ်ပိုင်းကို လေ့လာခွင့်ရတော့သည်" ဟု ဆိုထားသည်။

သူနှင့်ဗိုလ်ချုပ်အောင်ဆန်းသည် ကောလိပ်ကျောင်းတွင် ဆုံဆည်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလိပ်ရာဇဝင်၊ နိုင်ငံရေး ဘာသာတွဲ၊ သူက အင်္ဂလိပ်၊ ရာဇဝင်၊ စီးပွားရေး။ ဗိုလ်ချုပ် အောင်ဆန်းက သူ့ဗီဇအတိုင်း ဘုကျကျ။ သူက လူအေး။ သို့သော် အင်္ဂလိပ်စကားပြော လေ့ကျင့်နေသော ကိုအောင်ဆန်းနှင့် အင်္ဂလိပ် စကားပြောကောင်းသောသူတို့ ရင်းနှီးခဲ့ကြသည်။ သူတို့သည် နယ်ချဲ့ ကို ထိုးနှက်ရာတွင် အင်္ဂလိပ်စာကို လက်နက်ကောင်းတစ်ခုအဖြစ် အသုံးချခဲ့ကြခြင်း ဖြစ်ကြောင်း တင်ပြထား၏။

ဝိဇ္ဇာတတိယနှစ်တွင် အင်္ဂလိပ်လို စကားရည်လုပွဲ၌ နေ့ ကျောင်းသားများထဲမှ သူ့ကို ဗိုလ်ချုပ်က ရွေးခဲ့သည်။ နိုင်ငံခြား တက္ကသိုလ်များနှင့် ဆက်သွယ်ရာတွင်လည်း သူ့ကိုပင် ဗိုလ်ချုပ်က တာဝန်ပေးခဲ့သည်။



BURMESE CLASSIC .com



ဤသို့လျှင် သူနှင့်ဗိုလ်ချုပ်တို့၏ လက်တွဲခရီးသည် အစပြု ခဲ့ကြသည်။ မြန်မာတစ်ပြည်လုံး ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ။ ကိုအောင်ဆန်းဘဝ။ သူက ရန်ကုန်ကျောင်းသား ဥက္ကဋ္ဌ။ ထိုအချိန် (၁၉၃၈) ခုနှစ် ကျောင်းသားသပိတ်ကြီး ပေါ်ခဲ့စဉ်က သူသည် ကျောင်းသား သမဂ္ဂ ဒု-ဥက္ကဋ္ဌ ဘဝဖြင့် ကိုအောင်ဆန်းနှင့် အတူ ပါဝင်ခဲ့သည်။ ဗိုလ်အောင်ကျော် ကျဆုံး၍ ပုလိပ်မင်းကြီးကို တရားစွဲ ဆိုရာတွင်လည်း သူက တရားလိုအဖြစ် ရှိခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးနေဝင်း 'ဗိုလ်ချုပ်ကြီး နေဝင်း' တို့ ဦးဆောင်သော တပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်တို့ ကို တိုက်ထုတ်ခဲ့သည်။ တိုင်းရင်းသား လုပ်သားပြည်သူတို့ကလည်း တစ်ခဲနက် ပူးပေါင်းဆင်နွှဲခဲ့ကြသည်။ သို့တစေ 'တကယ့်လွတ်လပ် ရေး' ကား ပီပီပြင်ပြင် မရသေး။ 'နောက်လာမည့် မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ' 'ရှင်ကြီး ကျားထက်ဆိုး' ဖြစ်ခဲ့သည်။ သို့ကြောင့် ဖက်ဆစ်ဂျပန်ကိုပါ တော်လှန်ရန်ရှိလာပြန်သည်။

ဤတွင် တက်ကြွသောလူငယ်များ တစ်စုတစ်စည်းရှိစေရန် ဦးဘဂျမ်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော 'အာရှလူငယ်အဖွဲ့' ကို ဖွဲ့စည်းခဲ့သည်။ သူက ဒု-ဥက္ကဋ္ဌ။

'နိပ္ပွန်-ဗမာ-ဘန်ဇိုင်း' သဘောအရ သူ ခေါင်းဆောင်သော မြန်မာလူငယ်အဖွဲ့သည် ဂျပန်ပြည်သို့ သွားရောက်လေ့လာခွင့်ရခဲ့ ကြသည်။ သူ့အား အာရှလူငယ်အဖွဲ့ကို ပြိုင်စေမည့် ဂျပန်လက် အောက် (ဗန္ဓုလ လူငယ်) ကို ဖွဲ့စည်းရန် ဂျပန်တို့က ကမ်းလှမ်းခဲ့ သည်။ သို့သော် သူက နှာစေးနေခဲ့သည်။ (နယ်ချဲ့အင်္ဂလိပ်လက် ထက်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ဝေလမင်းသား ချင်း ရေးပေးလျှင် ငွေတစ်ထောင်ပေးမည်ဟု သက်ဆိုင်ရာ အာဏာပိုင်



www.burmeseclassic.com

www.burmeseclassic.com



တို့က ကမ်းလှမ်းသော်လည်း ဆရာကြီးက တင်းမာစွာဖြင့် ငြင်းပယ်သကဲ့သို့ ရှိမည်)

သူ့ခေတ်အခါနှင့် အရှိအတိုင်း သူတို့သည် တိုင်းပြည်တာဝန်ကျေပွန်ခဲ့ကြလေပြီပင်။

ဖက်ဆစ်တော်လှန်ရေးအတွက် တော်လှန်ရေး ဌာနချုပ်စခန်းကို သူတို့နေထိုင်ရာ ကမ္ဘသစ်တောကြိုးဝိုင်းအတွင်း ဧရာဝတီမြစ်နှင့် (၁၈) မိုင်အကွာ သရက်ချောင်းရွာ၊ ဂျိုးပင်ရွာစပ်ကြားသစ်တောအတွင်းတွင် ရွေးချယ်တည်ဆောက်ခဲ့ကြသည်။ ထိုတွင် သူနှင့် ဗိုလ်ချုပ် ဆုံကြရပြန်သည်။ ဗိုလ်မင်းခေါင်၊ ဗိုလ်ဇေယျ၊ ဗိုလ်ဖိုးကွန်း စသူတို့ ပါကြ၏။ သူက စီးပွားရေးတာဝန်ခံအဖြစ် တာဝန်ယူ၏။

## လွတ်လပ်ရေး ရတော့မည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ကြီးသည် (၉၅) ရာခိုင်နှုန်းကျော် အမတ်ရွေးခံခဲ့ကြရသည်။ ဤရွေးပွဲအတွက် အမတ်မင်းများ ရွေးချယ်ရန် သခင်မြက ဥက္ကဋ္ဌ ဖြစ်သည်။ သူ့ကို အတွင်းရေးမှူးအဖြစ် စိတ်ချစွာတာဝန်ပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လူမှန်၊ နေရာမှန်ရှိစေတတ်သည်။ သူတင်ပြသော အမတ် စာရင်းကိုလည်း ယုံကြည်စွာ လက်မှတ်ထိုးပေးလိုက်သည်။ သူနှင့် ဗိုလ်ချုပ်တို့၏ အညမည သဘောဆန်လှပေသည်။





## (၁၉၄၇) ခုနှစ်၊ ဧပြီလ၊ (၇) ရက်

တိုင်းပြည်ပြု လွှတ်တော်ရွေးကောက်ပြီးနောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရန် ရှိလာသည်။ ထိုတွင် ဥပဒေတွဲ့ယူထားပြီးသော သူ့ကို ဗိုလ်ချုပ်က တိုင်ပင်သည်။ ဦးချန်ထွန်းနှင့်တွဲဖက်တာဝန်ပေးသည်။ သူတို့သည် ဆိုဗီယက်နှင့် ယူဂိုစလားဗီးယား ဆိုရှယ်လစ် (၂) နိုင်ငံတို့၏ အခြေခံမှုကို လေ့လာရေးဆွဲကြသည်။ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသော ဆိုရှယ်လစ် လူ့ဘောင်သစ်ကို ဦးတည်ခဲ့သည်။ သို့သော် နိုင်ငံရေး လုပ်စားသူ (ဝါ) မသမာသူတို့ကြောင့် ပန်းတိုင်နှင့် လက်တစ်ကမ်းအလိုမှာမှ . . . .။

## ယုံကြည်ချက် အသက်နှင့် အသိတရား

စင်စစ် ဗိုလ်ချုပ်အောင်ဆန်းတို့အား အာဇာနည်ဗိမာန်သို့ မရောက်နိုင်အောင် သူသည် ကြိုတင်ကြိုးစားခဲ့ဖူးသည်။ ဗိုလ်ချုပ်တို့ကို လုပ်ကြံလိမ့်မည်ဟု သတင်းထွက်ခဲ့သည်။ ဘရင်းဂန်း အလက် (၂၀၀) ပျောက်မှုနှင့်လည်း ဆက်စပ်နေသည်။ သို့ကြောင့် သူသည် မိမိသံယောဇဉ်ကြီးရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏လုံခြုံမှုအတွက် (၁၇. ၇. ၁၉၄၇) ရက်နေ့တွင် အတွင်းဝန်များရုံး၌ စစ်သားနှင့်ပုလိပ်အချို့ကို တာဝန်ချပေးခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းက လက်မခံခဲ့။

'တိုင်းပြည်အကျိုး ထမ်းရွက်နေတာမို့ လုပ်ကြံမှု မဖြစ်နိုင်' ဟု ဆိုပြီး လုံခြုံရေးအဖွဲ့အား ရုပ်သိမ်းစေခဲ့သည်။

သို့ဖြင့် ဇူလိုင်၊ (၁၉) ရက်သည် မမေ့နိုင်ဖြစ်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အာဇာနည်နေ့အဖြစ်လည်း မော်ကွန်းတင်စရာ ဖြစ်လာတော့သည်။ သူနှင့် ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နှင့်လူထု သေကွဲကွဲခဲ့ရသောနေ့ပင်တည်း။

သူကိုယ်တိုင်လည်း ကံမကြွင်းလျက် သေခြင်းတရားမှလွတ်ခဲ့ရသည်။ ထို လုပ်ကြံချိန်တွင် သူသည် ဦးနုအခန်းထဲ၌ ရှိနေသည်။ ဦးနုက ဝမ်းကိုက်၍ဆိုကာ မလာရောက်နိုင်ချေ။ သူသည် ဦးနုထိုင်ခုံတွင် ထိုင်နေသည်။ ဦးနု ပြောရန်မိန့်ခွန်း ရေးပေးနေရချိန်ဖြစ်လေ၏။

တကယ့် အဖြစ်အပျက်တို့သည် စိတ်ကူးယဉ်ထက် ဆန်းကျယ်လှပေသည်။ သူ့အဖြစ်ကား ငိုရအခက်၊ ရယ်ရအခက်။

ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုအတိုင်း ပြည်သူလူထုက ဆက်လုပ်ခဲ့၍ အချုပ်အခြာ အာဏာကင်းသော လွတ်လပ်ရေးကို ရခဲ့သည်။ လွတ်လပ်ရေးအတွက် ချွေး၊ သွေး အသက်ပေါင်းများစွာ ပေးလှူခဲ့ကြရသည်။ လွတ်လပ်ရေးကား တန်ဖိုးကြီးစွ။ အဖိုးမဖြတ်သာချေ။ ဤအတွက် နှစ်ပေါင်းတစ်ရာကျော် ဆုံးရှုံးနစ်နာသေကြေပျက်စီးခြင်းများစွာဖြင့် ရင်းနှီးရှုန်းကန်ခဲ့ကြရသည်။

(၁၉၄၈) ခုနှစ်၊ ဇန်နဝါရီလ၊ (၄) ရက်နေ့၊ နံနက် (၄) နာရီ ကျော်ကျော်၊ ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ စံအိမ်ရှေ့တွင် ပထမဆုံး သမ္မတကြီး စဝ်ရွှေသိုက်နှင့် အမတ်များတို့သည် ဆိုင်ရာအလံတိုင်ရှေ့တွင် အသင့်ရပ်နေကြ၏။ အချိန်ပိုင်းအတွင်းမှာပင် မြန်မာ့ရေတပ်မတော် မေယုသင်္ဘောနှင့် အင်္ဂလိပ်ရေတပ် ဘာမင်ဂန်သင်္ဘောတို့မှ လွတ်လပ်ရေး အချက်ပေးအမြောက်သံကြီးများသည် ရန်ကုန် တစ်မြို့လုံး တုန်ခါသွားစေသည်။ မြန်မာပြည်မှသည် ကမ္ဘာသို့တိုင် ပဲ့တင်ထပ်စေတော့၏။

ယူနီယံဂျက်အလံသည် တိုင်ထိပ်မှ မြေသို့လည်းကောင်း၊





ကြယ်ပေါင်းခသော မြန်မာနိုင်ငံတော်အလံသည် မြေမှတိုင်ထိပ်သို့ ဆန့်ကျင်ဘက်ခရီးကို ရွေ့ရှုကြတော့သည်။ သမ္မတကြီး စဝ်ရွှေသိုက်က လွတ်လပ်ရေး အခမ်းအနား စတင်ကြောင်းနှင့် ဆိုရှယ်လစ်နိုင်ငံတော် တည်ထောင်မည်ဖြစ်ကြောင်း ကြေညာသည်။ ပြီးသော် နိုင်ငံတော်သီချင်းသံသည် ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

"တရားမျှတ၊ လွတ်လပ်ခြင်းနှင့်မသွေ၊ တို့ ပြေ၊ တို့ မြေ၊ များလူခပ်သိမ်း၊ ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ ပြေ၊ တို့ ပြေ၊ တို့ မြေ၊ ပြည်ထောင်စု အမွေ၊ တို့တည်တံ့မလေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ . . .

"ကမ္ဘာမကြေ . . . . အဖိုးတန်မြေ"

သူ မည်သူနည်း။

သူကား အခြားမဟုတ်။ ဗိုလ်ချုပ်အောင်ဆန်းက (ဖိုးကျော်မြင့်) ဟု ခေါ်သော ဝန်ကြီးဟောင်း ဦးကျော်မြင့်ပင်တည်း။ (ကျမ်းကိုး။ ၁၅. ၆. ၇၂ ခုနှစ်ထုတ် အိုးဝေဂျာနယ်၊ မောင်နေလ၊ စာ-၂၉)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ☆ ☆ ☆ ☆ အာဇာနည်နေ့အတွက် ထိုခေတ် သတင်းစာ၊ ဂျာနယ်၊ စာစောင်များမှ ဝမ်းနည်းစာများ ☆ ☆ ☆ ☆

## ရန်ကုန်သတင်းစာ

ယနေ့ကား ဗမာ့ရာဇဝင်တွင် အရိုင်းဆုံးသောနေ့တည်း။ ငါတို့၏ နှလုံးကား ကြိမ်မီးအုံးသို့ ညှိုးချုံးပင်ပန်း စိတ်မချမ်းမြေ့ ရှိလှချေတော့သည်။ ဗမာတစ်မျိုးလုံး အရှုံးကြီးရှုံးရလေတော့သည် တကား။

## ဟံသာဝတီသတင်းစာ

တိုင်းပြည်၏သစ္စာကို တစ်ချက်ကလေးမှ မဖောက်ဖျက်ပဲ လုပ်ကိုင်နေကြသည်တွင် ဤသို့ ရက်ရက်စက်စက် ပြုလုပ်ရက်ကြသည်ကို ကျွန်ုပ်တို့က အထူးကဲ့ရဲ့ပြစ်တင်ရှုတ်ချလိုက်ပါ၏။ ရက်စက်လှသောနည်းမျိုးဖြင့် ပြုလုပ်၍ ကွယ်လွန်သွားကြသော်လည်း ၎င်းတို့၏ ဝိညာဉ်၊ ၎င်းတို့၏ အဓိဋ္ဌာန်စိတ်သည် ဗမာတိုင်းရင်းသားတို့စိတ်တွင် ကိန်းအောင်းနေကြပေပြီ။





## ပြည်သူ့ဟစ်တိုင်

ဗမာသည် ဗမာ၏ရန်သူမဟုတ်၊ ပြည်တွင်းစစ်ကို ထိရောက်စွာ တားမြစ်ကြလော့။ ဗိုလ်ချုပ်အတွက် ဝမ်းနည်းလျက် လမ်းမလွဲစေနှင့်။ ဗမာပြည်တွင် နယ်ချဲ့စနစ်ကြီး အောင်ပွဲမခံစေနှင့်။ နယ်ချဲ့တိုက်ဖျက်ရေး အင်အားစုချင်း သွေးစည်းညီညွတ်ကြလော့။ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်များ ညီညွတ်ကြလော့။ ဖဆပလ အဖွဲ့ကြီး ကြံ့ခိုင်အောင် ပြန်၍တည်ဆောက်ကြလော့။ လှံဖျားကို နယ်ချဲ့တစ်မျက်နှာဖက်ကိုသာ လှည့်လော့။

## ကွန်မြူနစ် သတင်းလွှာ

အမျိုးသားခေါင်းဆောင်ကြီးကို ရက်စက်စွာ အသတ်ခံရလေပြီ။

## စီးပွားရေး

အမှန်အားဖြင့်ကား ယခု ကြုံတွေ့ရသော ကြမ္မာဆိုးသည် ဤမျှနှင့်စခန်းရပ်သွားစေရန် ကျွန်ုပ်တို့ နှလုံးပြုမိကြရပေမည်။ ထိုသို့မဟုတ်ပါမူကား လွတ်လပ်ရေးခရီးလမ်းတွင် တစ်ခါတည်း အတားအဆီးကြီးဖြစ်လာသည့်တိုင်အောင် နယ်ချဲ့သမားတို့၏အလိုကျ အချင်းချင်း သတ်ဖြတ်သေကြေပျက်စီးမှုများ ဖြစ်လာရန်သာ ရှိကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



## တိုးတက်ရေး

လွတ်လပ်ရေးစခန်းသို့ ချီတက်ရာတွင် လမ်းခရီးတွင် မည်သို့သော အနှောင့်အယှက်များနှင့် တွေ့ကြုံလင့်ကစား အလောင်းတော် ဇနက္ကထုံးကို လိုက်နာပြီးသကာလ လွတ်လပ်ရေး တစ်ဖက်ကမ်းသို့ ကူးမည်ဟူသော ရဲရင့်ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ပြင်းပြထက်သန်သော ဇွဲ၊ ကေသရာဇာ ခြင်္သေ့မင်းတို့၏ သတ္တိမျိုးနှင့် ကြိုးစားပါမှု ဗမာပြည်တစ်ဝှမ်းလုံး အလိုရှိလျက်ရှိနေကြသော လွတ်လပ်ရေးပန်းတိုင်ကြီးကို သခင်နုသည် ယခုအစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ်ဖြင့် ဆောင်ရွက်လျက်နေသည့် ကာလအပိုင်းအခြားအတွင်းမှာပင် ရနိုင်ဖွယ်ရာအကြောင်းရှိသည်မှာ အမှန်ဖြစ်ချေသည်။

## သမာဓိ

ကျွန်ုပ်တို့သည် နယ်ချဲ့ကို အပြတ်တိုက်နေကြစဉ် ဗမာအချင်းချင်း သတ်ကြ၊ ပုတ်ကြသည့်အမှုမျိုးကို ရပ်တန်းက ရပ်ကြရလိမ့်မည်။ သို့မဟုတ်လျှင် လွတ်လပ်ရေးနှင့် ဝေးသည်ထက်ဝေးပြီး ကျွန်ုပ်တို့ ရေတိမ်တွင်နစ်ကြရပေလိမ့်သတည်း။

## ဒီးဒုတ် ဂျာနယ်

ကမ္ဘာ့ရာဇဝင်တစ်လျှောက်လုံးတွင် ဤမျှ ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်မှုမျိုး မည်သည့်နိုင်ငံတွင်မျှ မပေါ်ပေါက်





ဖူးသဖြင့် တစ်မျိုးသားလုံးအား အရှက်ရစေ၏။

၎င်းအပြင် မြန်မာလူမျိုးများသည် နိုင်ငံရေး၊ အယူအဆအားဖြင့် သဘောကွဲလွဲမှုများထက် ပါတီချင်း ဂုဏ်တုဂုဏ်ပြိုင် လုပ်မှုမျိုးသာ ထွန်းကားခေတ်စားနေပြီဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် ခေတ်မီနိုင်ငံရေးအလုပ်မျိုး မထွန်းကားတော့ပဲ အရိုင်းအမိုက်များသာ ပြုမူလုပ်ကိုင်တတ်သော လူသတ်ဖြတ်သည့်စနစ်မျိုးပေါ်ပေါက်လာသဖြင့် နိုင်ငံရေးတွင် နာရီလက်တံ နောက်ပြန်လှည့်လိုက်သည့်အလား ခေတ်နောက်သို့ ပြန်လည်ရောက်သွားပြီ ဟူ၍ ၎င်းကမ္ဘာ့ထိပ်သီး သတင်းစာကြီးများက ကောက်ချက်ချလိုက်သည့်အတွက် အညွန့်တလူလူတက်နေသော မြန်မာနိုင်ငံ၏ ဂုဏ်သတင်းမှာ ညှိုး၍သိမ်ဖျင်းသွားရသည်မှာ မငြင်းမကွယ်သာတော့ပေ။

## အနိုင်မခံ အရှုံးမပေး အိုးဝေအယ်ဒီတာတစ်ဦး

(၁၉၃၅-၃၆) ခုနှစ်က ဖြစ်၏။ သူကား အိုးဝေမဂ္ဂဇင်း၏ အယ်ဒီတာတစ်ယောက်ဖြစ်သည်။ အနိုင်မခံ အရှုံးမပေးလိုသည့် စိတ်ထားကား ထိုစဉ်ကပင် ပေါ်လွင်နေ၏။


“ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမိုက်မှောင်တွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါ ကျေးဇူးဆိုပါ၏”

ဟု သူဆိုခဲ့၏။

လောကဓံတရား၏ ညှဉ်းပန်းမှုကြောင့် သူ့ဦးခေါင်းသည် သွေးသံရဲရဲတို့ဖြင့် မည်းမျှပင် နီရဲနေပါစေ။ သူ၏ဦးခေါင်းသည် တိမ်းညွတ်သွားမည်ကား မဟုတ်။ ဤကဲ့သို့ တိမ်းညွတ်သွားမည်

www.burmeseclassic.com





"ခွေးသရဲမ်းကြီး လွတ်နေသည်" ဆောင်းပါးကြောင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းအား တက္ကသိုလ်မှ ထုတ်ပစ်ခံရကြောင်း အထောက်အထား မှတ်တမ်း

မဟုတ်သည်ကိုပင်လျှင် . . .

"လောကဓံတရား၏ လက်ခုပ်တွင်းသို့ ဘယ်လိုပင် ကျရောက်နေသော်လည်း ငါကား မတုန်လှုပ်၊ မငိုကြွေး။ ကံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်တို့ကြောင့် ငါ၏ဦးခေါင်းတို့သည် သွေးသံရဲရဲတို့ဖြင့် နီ၏။ ညွတ်ကား မညွတ်သေးပေ"

ဤနှယ် ဖွင့်ဆိုခဲ့သည်။ လောဘ၊ ဒေါသ၊ မောဟတို့၏ ကြီးစိုးရာဘဝများကိုပင် အနိစ္စဟူသော သေခြင်းတရားက ထပ်မံ၍ ကြီးစိုးနေပေသည်။ သူသည် လောကဓံတရားကိုလည်း ကြောက်သူ မဟုတ်။

"ဤလောဘ၊ မောဟ၊ ဒေါသတို့၏ကြီးစိုးရာ အခြားမဲ့၌ကား၊ သေခြင်းတရားသည် ကြောက်မက်ဖွယ်ရာ ငံ့လင့်လျက်ရှိ၏။ သို့ပင်မူ ငါ့အား မတုန်လှုပ်သည်ကိုသာ တွေ့ရ၏"

သူသည် စိတ်နှင့်စေတသိက် သဘောတရားကိုလည်း



BURMESE CLASSIC .com



နားလည်သည်။ စိတ်ဆောင်လျှင် အောင်သည်။ စိတ်ထားတတ်လျှင် မြတ်သည်ဟု သူ ယုံကြည်သည်။

"သုဂတိသွားရာ တံခါးဝသည် မည်မျှပင် ကျဉ်းမြောင်းသည်ဖြစ်စေ၊ ယမမင်းခွေးပရပိုက်၌ ငါ၏အပြစ်တို့ကို မည်မျှပင် မှတ်ထားသည်ဖြစ်စေ၊ ငါကား ဂရုမပြု။ ငါသာလျှင် ကံ၏အရှင်သခင်၊ ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ ဖြစ်တော့၏"

မှန်၏။ သူကား သူ့စိတ်၏ အကြီးအကဲ၊ သူ့ကံ၏ အရှင်သခင်ဖြစ်၍ သူကား သေခြင်းတရားကို မည်မျှဂရုမပြုခဲ့သည် ဖြစ်စေ၊ သူကား လောကဓံတရား၏ ဒဏ်ခတ်ချက်ကြောင့် မသမာသူ လူတစ်စု၏ ရက်စက်ကြမ်းကြုတ်မှုအောက်၌ သူ့ဦးခေါင်းသည်ပင်လျှင် သွေးသံရဲရဲတို့ဖြင့် လွှမ်းလျက်ရှိပေပြီ။ နောက်ဆုံးအချိန်အထိ သူ၏ဦးခေါင်းတို့သည် ညွတ်မသွားခဲ့ပါချေ။

သူကား အိုးဝေမဂ္ဂဇင်း အယ်ဒီတာတစ်ယောက်လည်းဖြစ်သည်။ အမျိုးသားခေါင်းဆောင်လည်း ဖြစ်သည့် အောင်ဆန်းတည်း။ (ကျမ်းကိုး။ ၁၅. ၇. ၆၉ ရက်နေ့ထုတ် အိုးဝေဂျာနယ်၊ စာ-၁၈)

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုး စာအုပ်စာစောင်များ


၁။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ

✹ အလင်္ကာကျော်စွာ၊ သခင်ကိုယ်တော်မှိုင်း-တည်းဖြတ်၍ ဗိုလ်ချုပ်အောင်ဆန်း၊ စာရေးဆရာ၊ ရဲဘော်သခင်နှင့် ကျောင်းနေဘက်များ ရေးသားသည်။

၂။ သခင်ကိုယ်တော်မှိုင်း၊ ရာပြည့်မဂ္ဂဇင်း (၂)။

၃။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ။ (၁၉၄၅-၁၉၄၇)။ စာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ် (၃/၁၉၇၁)။

၄။ စာရေးဆရာ ကိုအောင်ဆန်း ' ကလောင်စုံ ၊ ၂၀၁၀။ မောင်စိမ်းနီ စုစည်းသည်။

၅။ အောင်ဆန်းဖာနည်၊ သိန်းအေး၊ ပထမအကြိမ်၊ (၂၀၁၁)။

၆။ (၁၅.၃.၆၉)၊ (၁၅.၇.၆၉)၊ (၁.၈.၆၉)၊ (၁၅.၁၂.၇၀)၊ (၁၅.၆.၇၁)၊ (၁၅.၁၀.၇၁)၊ (၁.၁၂.၇၁)၊ (၁၅.၆.၇၂)၊ (၁၅.၇.၇၂) ရက်နေ့ထုတ် အိုးဝေဂျာနယ်များ။

၇။ ပြည်သူ့ကြယ်ဂျာနယ်။ (၁.၂.၆၉)၊ (၁.၅.၆၉)။

၈။ လမ်းစဉ်သတင်း (၂၂ ကြိမ်မြောက် အာဇာနည်နေ့ အထူးထုတ်)

၉။ လုပ်သားပြည်သူ့ နေ့စဉ် (၄.၁.၆၉)၊ (၁.၅.၆၉)။

၁၀။ လုပ်သားဂျာနယ်။ (၇/၈)

၁၁။ မော်နီတာသတင်းဂျာနယ်၊ အမှတ် (၁)၊ အတွဲ (၅၂)။


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း
ပြည်ချစ်ပန်းကို
စိတ်ဝမ်းမာန်လျှော့
ငါကန်တော့၏ ။

မောင်ပန်းမွှေး
၁၇.၆.၂၀၁၁

BURMESE CLASSIC .com

# ဗိုလ်ချုပ်အောင်ဆန်း ၏ ဘဝတက္ကသိုလ်



www.burmeseclassic.com